www.dhammaransi.com

# သမီးသားတို့အတွက် အဘိဓမ္မာ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ဘီအေ)



www.dhammaransi.com

သာသနာ့စာကြည့်တိုက်
ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

- ☆ မိဘတို့၏ ကျေးဇူးတရားကို သိတတ်၊ ဆပ်တတ်စေလိုသော စေတနာ
- ☆ မိဘတို့၏ ကျေးဇူးကို ဆပ်ခြင်းဖြင့် ကောင်းကျိုးအပြားပြား ရရှိစေလိုသော စေတနာတို့ဖြင့် ရေးသားပြုစုထားသည့် စာအုပ်ကောင်းတစ်အုပ်။

# သမီးသားတို့အတွက်

# မိဘမေတ္တာ

## တက္ကသိုလ်သျှင်သီရိ (မဟာစရိယ-ဘီအေ)

---

ဖြန့်ချိရေး ⇨ မြတ်ပန်းရဂုံစာပေ၊ ၈၂/၉၁၉၊ ၈၅ ၆-လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.dhammaransi.com

စာမူခွင့်ပြုချက် ● ၄၁/၉၈ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် ● ၅၂/၉၈ (၁၁)
ပထမအကြိမ် ● ၁၉၉၉၊ ဇန်နဝါရီလ
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးဒီဇိုင်း ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● အယ်လ်ဖာ
ကွန်ပျူတာစာစီ ● မျိုးမော်ကွန်ပျူတာ (ဖုန်း - ၂၅၄၄၅၂)

ထုတ်ဝေသူ

ဦးမြသန်း (မြဲ-၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ
အမှတ်-၃၅၊ သမာဓိလမ်း၊ ဗွဲဆုံရပ်
မရမ်းကုန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးကျော်ဌေး (မြဲ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
အကွက် ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်
၁၅၁/၃၄-လမ်း (အထက်)၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

တန်ဖိုး ● ၁၃၀

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ

## အခန်း(၁)
## မိဘဟူသည်


- အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘ ........ ၁
- မိဘခေါ်ပုံ ........ ၂
- မိဘတို့၏ဂုဏ်ရည် ........ ၃
- ဗြဟ္မာဒေဝဂုဏ် ........ ၅
- ပုဗ္ဗာဒေဝဂုဏ် ........ ၁၀
- ပုဗ္ဗာစရိယဂုဏ် ........ ၁၁
- အာဟုနေယျဂုဏ် ........ ၁၂
- မိဘတို့၏ မေတ္တာ စေတနာ ........ ၁၂
- ကလလရေကြည် သန္ဓေတည် ........ ၁၅
- မိခင် **အစားဆင်ခြင်ရပုံ** ........ ၁၈
- **မိခင် အနေအထိုင်** ဆင်ခြင်ရပုံ ........ ၁၉
- ဖွားမြင်ကာလ မိခင်ဒုက္ခ ........ ၂၀
- ဖွားမြင်ပြီးနောက် **ချစ်ရောက်**မေတ္တာ ........ ၂၂
- အသက်သခင် ကျေးဇူးရှင်မိဘ ........ ၂၇

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　စာမျက်နှာ

## အခန်း(၂)

## မိဘတို့၏တာဝန်ဝတ္တရားများ


- မိဘဆိုးမွေ ကောင်းမွေ ........ ၃၀
- ပဋိသန္ဓေတည်လေသည်မှ ........ ၃၂
- မိဘတို့ဝတ္တရားများ ........ ၃၅
- သားသမီးမကောင်း မိဘခေါင်း ........ ၄၂
- သားသမီးဆုံးမပုံများ ........ ၄၃


## အခန်း(၃)

## မိဘမေတ္တာ ပုံဥပမာများ


- မိခင်၏ မလျော့သောမေတ္တာ ........ ၄၈
- သားဆိုးတို့အပေါ်၏ ခွင့်လွှတ်ခြင်းမေတ္တာ ........ ၅၂
- သားလေးအသက် သူခိုးလက်မှလွှတ်ပါစေ ........ ၆၁
- သတ်လိုလျှင်သတ်ပါစေတော့ မလျော့သောမေတ္တာ ၆၇
- သေခါနီး အချစ်ကြီးသော သိင်္ဂါလ၏ဖခင် ........ ၉၅
- ချစ်သားလေး မင်းပြစ်ဘေးမှ ကင်းပါစေ ........ ၁၀၁
- သားကိုချစ်သော ချစ်မိသည့်ဝန်တာ ........ ၁၂၃
- သားကိုချစ်၍ အသက်စွန့်သည့်မိခင် ........ ၁၃၇
- ပါရမီဖြည့်ဖက်၏ သားသမီးချစ်မေတ္တာဓာတ် ........ ၁၄၈

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　စာမျက်နှာ

## နိဂုံး

## တာဝန်(၃)ရပ် ကျေအောင်ဆပ်ကြ


- ကြွေးဟောင်းကို ကျေအောင်ဆပ်ပါ ................................ ၁၇၇
- ကြွေးသစ်ကို ကောင်းစွာချထားပေးခဲ့ပါ ........................ ၁၇၇
- ဒါနဟူသော ရတနာရွှေအိုးကို မြှုပ်ပါ ........................ ၁၇၇

www.dhammaransi.com

## မြတ်ပန်းရဂုံစာပေတိုက်တွင် ရရှိနိုင်သော
## စာရေးဆရာတက္ကသိုလ်သျှင်သီရိ (မဟာစရိယ ဘီ-အေ)၏
## စာအုပ်ကောင်းများ

- သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ
- ငရဲဟူသည်
- ရဟန္တာဟူသည်
- လူ့နတ်ပြဟ္မာဟူသည်
- လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ
- ရကြပါစေ အမျှဝေ၏
- ဖုတ် ပြိတ္တာများနှင့် ကမ္ဘဝါစာအစွမ်း
- လင်ကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့
- ဤသည့်မိန်းမဣတ္ထိဝက်
- မွေးပုံ့သင်းထုံ မြတ်သီလဂုဏ်
- ပရိတ်တန်ခိုး ပရိတ်အကျိုး
- အိုဘယ့်မြတ်ရဟန်း
- လူ့ဝင်စား
- နတ်ပြည်ရောက်လူသားတို့၏ ဘဝအတွေ့အကြုံများ

**ယခု**

- သမီးသားတို့အတွက် မိဘမေတ္တာ

**ဆက်လက်၍**

- ဗုဒ္ဓဂုဏာ မြတ်ဂါထာ

အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.dhammaransi.com



# အခန်း(၁)

# မိဘဟူသည်

## အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်မိဘ

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့ဘဝ၌ အလေးအမြတ်ထားအပ်သော ပုဂ္ဂိုလ်ငါးပါးကို အနန္တောအနန္တ ငါးပါးဟု ဆိုစမှတ်ပြုကြပါသည်။

ထိုပုဂ္ဂိုလ်ငါးယောက်သည် အဆုံးအပိုင်းအခြားမရှိအောင် မည်၍မည်မျှဟု ရေတွက်၍ မရလောက်အောင် ကျေးဇူးတရားကြီးမားကြသူများဟု ဆိုကြပါသည်။

ယင်းငါးပါးမှာ–

ဘုရား

တရား

သံဃာ

မိဘ

ဆရာသမားတို့ ဖြစ်ကြပါသည်။

www.dhammaransi.com



ယင်းငါးပါးတွင် မိဘသည် တစ်ပါးအပါအဝင်ဖြစ်၍ မိဘဟူသည် အနန္တော အနန္တဂိုဏ်းဝင်တစ်ဦးဖြစ်သည်။ ဘုရားနှင့် တစ်ဂိုဏ်းတည်း အပြခံရသော ကျေးဇူးကြီးလှသော ပုဂ္ဂိုလ်များ ဟု ဆိုကြပါသည်။ ထို့ကြောင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘဟု လောကတွင် ခေါ်စမှတ်ပြုကြပါသည်။

## မိဘခေါ်ပုံ

မိဘဟူသည် မာတာပိတု ဟူသော မာဂဓ ဝေါဟာရမှ မြန်မာလို အမိအဖကို မိဘဟူ၍ အတိုချုံး၍ ခေါ်ခြင်း ဖြစ်ပါသည်။

**အမိဟူသည်**–သားသမီးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေ၍ လူအပေါင်းတို့အား လူ့လောကသို့ ပို့ဆောင်ပေးတတ်သော အမျိုးသမီးကို 'အမိ' ဟု ခေါ်၍စကားအားဖြင့် 'အမေ' ဟု ခေါ်ပါသည်။

**အဖဟူသည်**–သားသမီးကလေးများနှင့်တကွ အိမ်သူဇနီးမယားကို တစ်သက်ပတ်လုံး ရှာဖွေပြုစုစောင့်ရှောက်တတ်သောအမျိုးသားကို 'အဖ'ဟု ခေါ်၍ စကားအားဖြင့် 'အဖေ'ဟု ခေါ်ပါသည်။

မိခင်သည် သားသမီးကို ကိုယ်ဝန်တည်သည့်အချိန်မှစ၍ မွေးဖွားသည့်ကာလ၊ အရွယ်ရောက်သည့် ကာလအထိ အေးမြ

www.dhammaransi.com



ကြည်လင်သော မေတ္တာ နှလုံးသားဖြင့် ထာဝရစောင့်ရှောက်တတ်သည်။

ဖခင်သည် သားသမီးတို့၏ ဘဝသာယာရေး၊ အန္တရာယ်ကင်းဝေးစေရေးတို့ကို သေတပန်သက်တစ်ဆုံး ပြုစုစောင့်ရှောက်တတ်သည်။

## မိဘတို့၏ဂုဏ်ရည်

မိဘများသည် သားသမီးတို့အတွက် ဂုဏ်ကျေးဇူးကြီးမားလှသည်ကို ရှေးရှေးဆရာတော်ကြီးများနှင့် ပညာရှိများက အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြထားသည်ကို တွေ့ရပါသည်။

-ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးသည် မိဘကျေးဇူးနှင့် နှိုင်းစာသော် ဝါးရွက်မျှဖြစ်သည်။

-ယူဇနာတစ်သန်းနှစ်သိန်းသုံးထောင်လေးရာငါးဆယ် အပြောကျယ်သော စကြဝဠာတိုက်သည် မိဘကျေးဇူးနှင့် နှိုင်းစာသော် အပ်နဖားမျှဖြစ်သည်။

-ယူဇနာပေါင်းရှစ်သောင်းလေးထောင်အမြင့်ဆောင်သော မြင့်မိုရ်တောင်သည် မိဘကျေးဇူးနှင့် နှိုင်းစာသော် တောင်ပို့ငယ်မျှဖြစ်သည်။

-ယူဇနာ ရှစ်သောင်းလေးထောင် အပြောကျယ်သော

www.dhammaransi.com



မဟာသမုဒ္ဒရာသည် မိဘကျေးဇူးနှင့် နှိုင်းစာသော် ရေပွက်ငယ်မျှဖြစ်သည်။

ထို့ကြောင့် မိဘတို့ကျေးဇူး ကြီးမားပုံကို ဆရာတော် အသီးသီးက အောက်ပါအတိုင်း စပ်ဆိုပြခဲ့ကြသည်။

"လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သား၊ တောင်မြင့်မိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဖခင် ကျေးဇူးရှင်နှင့်"

**(ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာ)**

"နှစ်သိန်းလေးသောင်း၊ ပေါင်းသည့်ဤမြေ၊ ထုးထုးထွေလင်း၊ စိမ်းရွှေထွားထွား၊ ဝါးရွက်လားသို့၊ ကျယ်များစကြဝဠာ၊ ကြီးရောလည်း၊ အပ်မှာနဖား၊ ထွင်း၏လားနှင့်၊ မပြားပုံဆို၊ တောင်မြင့်မိုရ်လည်း၊ နှားချိုပေါက်စ၊ ပမာကျ၏။ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင် ၊ ရေဖောင်ဖောင်နှင့်၊ သဲချောင်းသမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေပေါက်သို့၊ အံ့လောက်စရာ၊ မိမာတာနှင့် ပိတာအဘ မြတ်ဂုဏအား"

**(အတုလဆရာတော်ခင်ကြီးဖျော် ပုဏ္ဏောဝါဒဆုံးမစာ)**

"လေးကျွန်းထိပ်ခေါင်၊ မြင့်မိုရ်တောင်နှင့်၊ ချိန်ဆောင်နှိုင်းလည်း၊ အတိုင်းမသိ၊ ကျေးဇူးရှိသည်"

**(ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရ ဆုံးမစာ)**

www.dhammaransi.com



"မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးသနင်း၊ မိဘရင်း"

(မဟာဝိသုဒ္ဓါရုံဆရာတော်၏ ရဟန်းလောင်းဆုံးမစာ)

ထို့ပြင်မိဘတို့သည် သားသမီးတို့အပေါ်ဝယ် လေးပါးသောဂုဏ်တို့ဖြင့် မဆုံးနိုင်သော ကျေးဇူးရှိကြပါသည်။

ယင်းဂုဏ်လေးပါးမှာ–

## (၁) ဗြဟ္မာဒေဝဂုဏ်

"ဗြဟ္မာကြီးဟူ ၊ မည်ထိုက်သူ၊ နှစ်ဆူ မိနှင့်ဘ" ဆိုသည့်အတိုင်း မိဘတို့သည် ဗြဟ္မာမည်သော နတ်ဖြစ်သည်။

ချစ်ခြင်းသနားခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်း (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) ဟူသော ဗြဟ္မဝိဟာရတရားလေးပါးသည် ဗြဟ္မာတို့၏ လက်စွဲတရားဖြစ်သည်။ ထိုတရားလေးပါးနှင့် ဗြဟ္မာတို့သည် အမြဲနေလေ့ရှိသည်။ ထို့အတူမိဘတို့သည် သားသမီးတို့အပေါ်၌ ဗြဟ္မစိုရ်တရား အမြဲထားသည်။

**မေတ္တာတရားထားပုံမှာ** သားငယ်သမီးငယ် အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်ရှိနေစဉ် ခြေလက်အင်္ဂါမပျက်မကျိုး အချိုးလှပသော သားငယ်သမီးငယ်၏ မျက်နှာကို ဘယ်အခါတွင် တွေ့မြင်ရပါအံ့နည်းဟု ဝမ်းတွင်း၌ ရှိနှင့်သေးသော သားငယ် သမီးငယ်တို့

www.dhammaransi.com



အပေါ်၌ မေတ္တာထားခဲ့လေသည်။ ဖွားမြင်သောအခါမှာလည်း ကြည့်မဝ ရှုမဝ အနားမှာ တစ်ဖဝါးမှ မခွာစေလို၊ သားသမီး အနား၌မရှိလျှင် နေမထိ ထိုင်မတတ်ဖြစ်ပြီး သားသမီးတို့ကို အစဉ်တမ်းတလျက် ပြန်လမ်းကိုသာ အစဉ်ကြည့်ရှုလေ့ရှိသည်။ ဥပမာ–မိမိတို့ သားသမီးများ နေထိုင်သောအရပ်ဒေသ ငလျင်ဘေး၊ ရေဘေး၊ မီးဘေး တစ်စုံတရာ ကျရောက်၍ အန္တရာယ်ဖြစ်သည်၊ သေကြေပျက်စီးသည်ဟု သတင်းကြားလျှင် ကြက်သီးမွေးညင်း တဖြန်းဖြန်းထပြီး–

"အမလေး–ဘုရားသိကြားမ,လို့ ငါ့သားလေး တစ်ယောက်၊ ငါ့သမီးလေး တစ်ယောက် ဘေးကင်းပါစေ၊ အသက်မသေဘဲ ကျန်းမာပါစေ၊ နတ်ကောင်းနတ်မြတ်များ စောင့်မပါစေ"

ဟု အများကြားထဲမှ မိမိ၏ သားသမီးတစ်ယောက်တည်းကိုသာ ရွေးချယ်၍ မေတ္တာပို့ခြင်း စသဖြင့် မေတ္တာတရားအမြဲထားကြပါသည်။

ထို့ကြောင့်–

**"ရင်သွေးဟူက ချစ်မဝ**

**အသက်တမျှ ချစ်မဝ**

**မွေးမိဆံထုံး ရွှေပန်းကုံး**

**မျက်းလုံးပမာ သားသည်းချာ**

www.dhammaransi.com



သားသမီးကို မုန်းတယ်လို့ ဘယ်ခါရှိပါမလဲ
ရှလို့မအား မယ့်ချစ်သား
ရှလို့မငြိုး ချစ်သမီး
မွေးမိမျက်ချယ် သားသက်လယ်
သက်နှံ့ရင်နှစ် မေ့သားချစ်
တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံ ရှိသည်
သားသမီးဆိုးတို့ကို ပစ်ရိုးထုံးစံ မရှိပါ
သားတို့ရပ်ရည် သီတာမည်သား
ရေကြည်ချမ်းမြ တစ်ပေါက်ကျက
မိဘတို့ဝမ်း ငြိမ်းစတမ်းတည့်။

-စသည်ဖြင့် ဆိုရိုးစကားများအစဉ်အလာရှိခဲ့ပါသည်။

သားသမီးဟူသော ချစ်ခြင်းသည် အပေါ်အရေထူကိုဖြတ်၍ အရေပါးထိအောင်၊ အရေပါးကိုဖြတ်၍ အသားထိအောင် အသားကိုဖြတ်၍ အရိုးထိအောင်၊ အရိုးကိုဖြတ်၍ ရိုးတွင်းချဉ်ဆီကျအောင် စူးရှထိခိုက်သွားပါသည်။

မိဘနှစ်ပါးသည် သားသမီးအပေါ်၌ ဤမေတ္တာစစ်မျိုးကို အစဉ်ထားနေလေ့ရှိပါသည်။

**ကရုဏာတရားဖြစ်ပုံမှာ** သားသမီးငယ်၏ ငိုသံ ညည်းညူသံကို ဘယ်အခါမျှ မကြားလို၊ ဆင်းရဲပင်ပန်းသည်ကို ဘယ်အခါမျှ မတွေ့လို။ အကယ်၍ ကြားရတွေ့ရလျှင် မိမိ ကိုယ်

www.dhammaransi.com



တိုင် ဒုက္ခခံရသည်မှုမှာ **သနားခြင်း** ကရုဏာ ဖြစ်ပေါ်လာလေသည်။ မိဘများ အမြဲသုံးစွဲလေ့ရှိသော ကရုဏာသံပါပါ စကားလုံးများသည် များစွာရှိပါသည်။

သူတို့အစား ငါသာ ဝင်ထမ်းလိုက်ချင်သည်။

နင်တို့ဒုက္ခကို တို့မကြည့်ရက်ဘူး။

နင်တို့ကိုမြင်ရတာ စိတ်မချမ်းသာလိုက်တာ။

မိခင်ဖခင်တို့တော့ မချိတော့ဘူးသားရယ်။

ငါ့သားလေးသာ ကျန်းမာအောင်လုပ်ပါ၊ အမေတို့အတွက် စားစရာမရှိချင် နေပါစေ။

ရောဂါများနှယ် ငါ့သားလေးမှ ဖြစ်ရပလေတယ်၊

ဖြစ်ချင်းဖြစ် ငါ့မှာ ဖြစ်ပါလား။

မိဘနှစ်ပါး သေဆုံးသွားလျှင် နင်တို့ ဘယ်**လိုနေခဲ့မလဲ**။

စသော မိဘသုံး စကားများသည် သားသမီးများကို သနားခြင်း ကရုဏာစိတ်မှ ဖြစ်ပေါ်လာသော စကားများ ဖြစ်ပါသည်။

သားသမီးများကျန်းမာရေး၊ လူမှုရေး စသည့်ဒုက္ခဖြစ်လျှင် ဒုက္ခရောက်ကြလျှင် **မိဘနှစ်ပါး**၌ အမြဲကရုဏာ ဖြစ်ကြစမြဲ ဖြစ်သည်။

**မုဒိတာတရားဖြစ်ပုံမှာ** သားငယ်သမီးငယ်များသည် မပီကလာ ပီကလာ စကားတွတ်တီးတွတ်တာ ပြောတတ်လျှင်

www.dhammaransi.com



မိဘတို့မှာ မုဒိတာခေါ် ဝမ်းသာလုံးကြီး လှိုင်းအိသလို တက်လာတတ်ကြသည်။ သားသမီးများ ဝတ်စားဆင်ယင်တာကို တွေ့မြင်ရလျှင်၊ သားသမီးများ ချမ်းသာသည်ကို တွေ့မြင်ရလျှင်၊ သားသမီးများ စာမေးပွဲအောင်သည်၊ အလုပ်ရသည်၊ ရာထူးတိုးသည် စသော သတင်းများကို ကြားရလျှင် မိဘတို့၏ ဝမ်းမြောက်ခြင်း မုဒိတာစာတ်သည် ဘွားခနဲပေါ်လာ တတ်ကြလေသည်။

**ဥပေက္ခာတရားဖြစ်ပေါ်ပုံမှာ** သားသမီးများ အရွယ်ရောက်၍ ပစ္စည်းဥစ္စာ၊ ပညာ၊ ရာထူး **စသည်ဖြင့်** ပြည့်ပြည့်စုံစုံ တင့်တင့် တယ်တယ်နှင့် အိုးဆီးအိမ်**ဆီးပြုကာ** ဘာသာ အလျောက် အလျား နေသားတကျ ရှိနေကြလျှင် ဩော်–သူတို့လည်း သူတို့ဘဝ ရပ်တည်နေထိုင်နိုင်ကြပြီပဲ ဟုဆိုကာ လစ်လျူရှုခြင်း (ဥပေက္ခာ)တရားထားပြီး နေကြလေ့ရှိသည်။

ဤသို့အားဖြင့် မိဘများသည် သားသမီးတို့အပေါ်၌ ဗြဟ္မစိုရ်တရား အမြဲထား၍ နေလေ့ရှိသောကြောင့် သားသမီးတို့အပေါ်ဝယ် ဗြဟ္မာကြီးနှင့် တူလေသ**ည်**။ သို့အတွက် သားသမီးတို့သည် မိဘတို့ကို နတ်ဗြဟ္မာတို့ကို ပူဇော်သကဲ့သို့ ပူဇော်ရသည်။ မိဘတို့သည် ဗြဟ္မာဒေဝဂုဏ်ထိုက်သည်ဟု ဆိုပါသည်။

www.dhammaransi.com



## (၂) ပုဗ္ဗာဒေဝဂုဏ်

သန့်ရှင်းစင်ကြယ်သော ဝိသုဒ္ဓိနတ်ဟု ဆိုအပ်သောဘုရား ရဟန္တာအရှင်မြတ်တို့သည် မိမိတို့အပေါ်၌ လူဆိုးလူမိုက်တို့ ပြုလုပ်အပ်သော မကောင်းမှုတို့ကို မရေတွက်မူ၍ ထိုသူတို့၏ အကျိုးမဲ့ကို ပယ်တော်မူလျက် ကောင်းကျိုးကိုသာ ကျင့်တော်မူကြသည်။ စီးပွားချမ်းသာကို ပေးတတ်သောအလှူကို ခံတော်မူ၍လည်း ကုသိုလ်ပွားများရာ ပွားများကြောင်းသော ဟောဖော်ပြတော်မူသည်။

ထိုနည်းတူ မိဘတို့သည် သားသမီးတို့အပေါ်ဝယ် အပြစ်အနာအဆာ စိတ်ခုစရာတို့ကို တစ်ခါတရံမျှ စိတ်မကူးဘဲ သားသမီးတို့ အကျိုးစီးပွား ဖြစ်ကြောင်းကိုသာ နှလုံးသွင်း အာရုံထားပြီး သားသမီးတို့၏ ကျွေးမွေးပြုစုပြန်ခြင်းအလှူကို ခံယူကြကုန်၏။ သားသမီးတို့ ကုသိုလ်ဖြစ်ကြောင်းကိုသာ ကျင့်ဆောင်ကြကုန်၏။

ထို့ကြောင့် မိဘတို့သည် ဝိသုဒ္ဓိနတ် ဘုရား ရဟန္တာများနှင့် တူသဖြင့် မိဘနတ်ဟု ခေါ်သည်။ ထို့ပြင် သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ် တို့ကို သားသမီးတို့သည် ပူဇော်ဆည်းကပ်ခြင်းဖြင့် ကောင်းကျိုးချမ်းသာကို ရကြကုန်၏။

ဤနတ်တို့သည် နောင်အရွယ်ရောက်ပြီး သိတတ်သော အချိန်မှစ၍ ပူဇော်ရသဖြင့် (ပစ္ဆာဒေဝ) နောက်နတ်ဟု ခေါ်သည်။

www.dhammaransi.com



မိဘတို့သည် သားသမီးတို့ကို ပြုစုခြင်းဖြင့် ရှေးဦးကပင် ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်ကြသည်။ ထို့ကြောင့် မိဘတို့သည် သားသမီးတို့အတွက် လက်ဦးနတ် (ပုဗ္ဗာဒေဝ) ဖြစ်လေသည်။

## (၃) ပုဗ္ဗာစရိယဂုဏ်

သားသမီးတို့သည် အရွယ်ရောက်သောအခါ အသက်မွေးဝမ်းကျောင်းမှုအတွက် စက်မှုလက်မှု နှုတ်မှု အတတ်ပညာတို့ကို အခြားသော ဆရာအသီးသီးတို့ထံ၌ သင်ယူကြရသည်။ သံသရာကောင်းကျိုးတို့အတွက် နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို ရဟန်းသံဃာတော်တို့ထံ၌ ကြားနာမှတ်သား သင်ယူကြရသည်။

ထိုဆရာသမားတို့သည် အရွယ်ရောက်မှ နောက်မှ သင်ပြရသောဆရာများဟုခေါ်၍ မိဘတို့သည် သားငယ်သမီးငယ်များလေးဘက်တွားသွားသောကာလမှစ၍ ဤသို့သွား၊ ဤသို့လာ၊ ဤသို့ပြော၊ ဤသို့စား၊ ဤအမူကား ကောင်း၏၊ ဤအမူကား မကောင်း၊ မပြုလုပ်အပ်၊ ဤပညာကို သင်၊ ဤကျောင်းကို သွား၊ ဤဆရာကို ဆည်းကပ်၊ ဤအလုပ်ကို လုပ်၊ ဤသူကို အစ်ကို ခေါ်၊ ဤသူကို ဘကြီးဘထွေး ခေါ်၊ ဤသူကို မိထွေးမိကြီး ခေါ်၊ ဤသူကို ဦးလေးဦးကြီး ခေါ်၊ စကားပြောသောအခါ

www.dhammaransi.com



အသက်ကြီးသူကို ခင်ဗျာ၊ ကျွန်တော်၊ ရှင်၊ ကျွန်မ နှင့် ပြော၊ ရဟန်း သံဃာကို ဘုရား၊ တပည့်တော်၊ မှန်ပါဘုရားနှင့် ပြောစသည်ဖြင့် ပထမဦးဆုံး လမ်းညွှန်သင်ပြသည်။ ထို့ကြောင့် မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာ (ပုဗ္ဗာစရိယ) များဖြစ်ကြသည်။

## (၄) အာဟုနေယျဂုဏ်

အရပ်တစ်ပါး အဝေးသို့ ရောက်နေသော သားသမီးတို့သည် ငါတို့၏ ကျေးဇူးရှင်မိဘများအတွက်ဟု ရည်မှတ်၍ မိမိတို့ ရှေးဦးစွာ မသုံးဆောင်ခင် မိဘတို့အား လာရောက်ပူဇော်လှူဒါန်းကြလေသည်။

မိဘတို့သည် သားသမီးတို့၏ အဝေးမှ လာရောက်ပူဇော်လှူဒါန်းသည်ကို ခံယူထိုက်ကြသောကြောင့် အာဟုနေယျဂုဏ်ထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

မိဘတို့သည် ယခု ပစ္စက္ခဘ၀ပင် ဤမည်သော ဂုဏ်လေးပါးနှင့် ပြည့်စုံကြရာ ထိုကျေးဇူးဂုဏ်ကို သားသမီးတို့သည် မည်သည့်အခါမျှ မမေ့မလျော့ကြရပေ။

## မိဘတို့၏ မေတ္တာစေတနာ

မိဘတို့သည် သားသမီးများကို မိမိကိုယ်မိမိ မပြုပြင်နိုင်၊

www.dhammaransi.com



မသွားလာနိုင်၊ မထိုင်နိုင်၊ ကိုယ်တိုင်ယူ၍ မစားနိုင် မသောက်နိုင်၊ မှက်၊ ခြင်၊ ယင်၊ ပိုးမွှားတို့ ကိုက်၍ မကာကွယ်နိုင်၊ မမောင်းနိုင်၊ ရေဆာသည်၊ အစာဆာသည်ဟူ၍ နှုတ်မှ မပြောနိုင်၊ မတောင်းနိုင်၊ မပြောတတ်၊ မတောင်းတတ်၊ လက်ရှိသော်လည်း မယူတတ်၊ မကိုင်တတ်၊ ခြေရှိသော်လည်း မသွားတတ်၊ ပါးစပ်ရှိသော်လည်း မပြောတတ်သေးသော ဖဝါးလက်နှလုံး၊ ပုခုံးလက်နှစ်သစ် လူဖြစ်စ ဖွားမြင်စ အခါမှစ၍ မိမိအသက်နှင့်မခြားချစ်မြတ်နိုးလှစွာသော မေတ္တာနှင့်ယှဉ်သော စိတ်ဓာတ်ဖြင့် နေ့ညမပြတ် သားငယ်သမီးငယ်တို့၏ အရိပ်အကဲအမူအရာကို အမြဲကြည့်လျက် အဝတ်အနှီးတို့ဖြင့် ယုယပိုက်ထွေး၍ လည်းကောင်း၊ မစင်စသောအညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ပေး၍လည်းကောင်း၊ ရေမိုးချိုး နံ့သာလိမ်းခြင်း၊ ဆေးလိမ်းခြင်းတို့ဖြင့်လည်းကောင်း၊ ဉယျာဉ်မှူးသည် ဉယျာဉ်ပန်းမန်ကို ပြုစုပျိုးထောင်သကဲ့သို့ အပြစ်အနာအဆာကင်းအောင် ကျန်းမာဝဖြိုးတိုးတက်အောင် မွေးမြူကြရကုန်၏။

သားငယ် သမီးငယ်တို့အပေါ်၌ ပြုလုပ်စောင့်ရှောက်ရသောကိစ္စတို့နှင့် ပတ်သက်၍ ငြီးငွေ့သည်၊ ပင်ပန်းသည်၊ တာဝန်လေးသည်၊ ဆင်းရဲသည် ဟူ၍ ညည်းညူခြင်း မရှိကြ။ သားသမီးငယ်တို့၏ အလိုဆန္ဒပြည့်ဝမှုကိုသာ ရှေ့ရှုကုန်၍ စောင့်ရှောက်ကြကုန်သည်။

www.dhammaransi.com



သားငယ်သမီးငယ်တို့ သွားနိုင်လာနိုင် စားနိုင် သောက်နိုင်သောအရွယ်၌တစ်မျိုး၊ ကျောင်းသားအရွယ်၌တစ်ဖုံ၊ အချိန်တန်အရွယ်ရောက်လာလျှင်တစ်နည်း စသဖြင့် အသက်ရှည်သမျှကာလပတ်လုံး စောင့်ရှောက်ကျွေးမွေးကြကုန်သည်။ အတတ်ပညာနှင့် ကိုယ်ကျင့်တရားတို့ကို သင်ပေးကြသည်။

မိဘတို့သည် သားသမီးနှင့် ပတ်သက်၍လာလျှင်လည်း–

–မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်ကြသည်။

–အလုံးစုံသော ဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်ကြကုန်သည်။

–သူတစ်ပါး အသက်သတ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်တတ်ကြသည်။

–သားသမီးတို့အား ထာဝစဉ် သနားကြသည်။

–သားသမီးတို့၏ အကျိုးကို အမြဲလိုလားကြသည်။

–သားသမီးတို့ စားတတ်၊ နေတတ်၊ ပညာတတ်အောင် ဆောင်ရွက်တတ်ကြသည်။

–သားသမီးတို့နောင်ရေးကို အမြဲတွေး၍ ဆောင်ရွက်ပေးတတ်ကြသည်။

**သားတို့ရပ်ရည် သိတာမည်သား ရေကြည်ချမ်းမြတစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း** ဆိုသည့်အတိုင်း သားသမီးတို့၏ မျက်နှာကလေးကို မြင်လိုက်ရလျှင် မည်မျှပင်ပန်းခြင်းမျိုးနှင့် ရင်ဆိုင်နေရစေကာမူ မိဘတို့၏ ဘဝင်

www.dhammaransi.com



သည် အေးမြကြသည်။

-သားသမီးတို့အပေါ်၌ မိဘတို့၏ ချစ်ခြင်းသည် မည်သည့်ချစ်ခြင်းနှင့်မျှ မတူပေ။ လဲ၊ဝါ၊ဂွမ်းထဲ၌ ဆီပျံ့နှံ့စိမ့်ဝင်သကဲ့သို့ နှလုံးသားထဲ၌ ပျံ့နှံ့စိမ့်ဝင်လျက်ရှိသည်။

-သားသမီး၏ မည်သည့်အပြစ်ကိုမဆို ခွင့်လွှတ်တတ်ကြသည်။

-သားသမီးများ မည်မျှပင်မိုက်စေကာမူ မပစ်ပယ် နိုင်ကြပေ။ သို့အတွက် **တောင်းစုတ်၊ ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိသည်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံ မရှိ**ဟု ဆိုစမှတ်တွင်ခဲ့သည်။

**ရင်သွေးဟူက ရှုမဝသည့် မိဘတဲ့ထွာ သားတကာ နှင့် တစ်ရာသက်ကဲ လည်ချင်းနွဲ့လည်း ရောင့်ရဲမတင် စုံမင်ကြင် လျက်** ဆိုသကဲ့သို့ မိဘများသည် သားသမီးတို့နှင့် လည်ချင်း ဖက်ကာ အသက်တစ်ရာ နေရသော်လည်း ရောင့်ရဲ တင်းတိမ်ခြင်း မရှိကြပေ။

-မိဘများသည် မျက်စိနှစ်လုံး စုံမှိတ်သွားကြသည်အထိ သားသမီးတို့ကို ချစ်၍မဆုံး ရှိကြသည်။

## ကလလရေကြည် သန္ဓေတည်

သားသမီးတို့သည် မိခင်ဝမ်း၌ ကလလရေကြည်မှစ၍ သန္ဓေတည်ရာဝယ်-

www.dhammaransi.com



-ကလလရေကြည် (၇)ရက်
-အမြှုပ် (၇)ရက်
-သွေးခဲ (၇)ရက်
-အသားခဲ (၇)ရက်
-ဦးခေါင်း၊ ခြေ၊လက်၊ခက်မငါးဖြာ (၇)ရက် စီ

(၁၁)သတ္တဟ ရှိပြီး ရက်ပေါင်း (၇၇)ရက်တွင် ထင်ရှားပေါ်လွင်သော လူသားသန္ဓေ စတင်ဖြစ်ပေါ်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်သည် သားငယ်သမီးငယ် ပဋိသန္ဓေတည်သည့်အချိန်မှစ၍ သူ့အချိန်သူ့အခါ၊ သူ့ရက်အလျောက် ထိုထိုစားသောက်ဖွယ်ရာ၊ အရသာများကို အလွန်အမင်း စားချင်သောက်ချင်သော ချင်ခြင်းများ တပ်လာကြသည်။

သားသမီးများ ကိုယ်ဝန်ရှိလာသော် မိခင်များသည်-

-ကိုယ်ဝန်(၁)လရှိက အိပ်မပျော်ခြင်း၊ မူးမော်ခြင်း၊ အချဉ်ကြိုက်လာခြင်း။

-ကိုယ်ဝန်(၂)လရှိက အချိုပျားသကာ အရသာကို ကြိုက်နှစ်သက်ခြင်း။

-ကိုယ်ဝန်(၃)လရှိက မြေပဲစသော အဆိမ့်အရသာကို ကြိုက်နှစ်သက်ခြင်း၊

-ကိုယ်ဝန်(၄)လရှိက တမာစသော အခါးအရသာကို ကြိုက်နှစ်သက်ခြင်း။

www.dhammaransi.com



-ကိုယ်ဝန်(၅)လရှိက လက်ဖက် ဖန်ခါးစသော အဖန်အရသာကို ကြိုက်နှစ်သက်ခြင်း။

-ကိုယ်ဝန်(၆)လရှိက ငရုတ်၊ ချင်း၊ ကြက်သွန်စသော အစပ်အရသာကို ကြိုက်နှစ်သက်ခြင်း။

-ကိုယ်ဝန်(၇)လရှိက ရင်ကြောများ စိမ်းလာခြင်း။

-ကိုယ်ဝန်(၈)လရှိက ရေခဏခဏ ချိုးချင်ခြင်း။

-ကိုယ်ဝန်(၉)လရှိက နဖူးဆံစ ခြောက်ခြင်း၊ နားသယ်ကျခြင်း။

-ကိုယ်ဝန်(၁၀)လရှိက မိန်းမရုပ်ပျက်ခြင်း၊ သားဖွားခြင်း။

ထိုသို့ ကိုယ်ဝန်ဆောင်မိခင်တို့သည် ဓမ္မတာအတိုင်း ချင်ခြင်းတပ်လာကြသော်လည်း ကလေး မချမ်းမသာ အန္တရာယ်ဖြစ်မည်စိုးကြ၍ ကလေးအန္တရာယ် မဖြစ်စေရန် အပူ အစပ် အခါးများကို မိမိတို့ဘဝ အဆင်းရဲခံပြီး အငတ်ခံကာ ရှောင်ကြရသည်။ ဆင်ခြင်ကြရသည်။

ထို့ပြင် ကလေးဆင်းရဲနာကျင်မှာ စိုးကြ၍ အထိုင်အထကိုပင် ဆင်ခြင်၍ ဖြည်းညင်းသက်သာစွာ ထိုင်ကြရသည်။ ကလေးအတွက် မိခင်ဖြစ်သူများသည် အစားဆင်းရဲ ၊အသောက်ဆင်းရဲ၊ အသွားဆင်းရဲ၊ အနေဆင်းရဲ၊ အအိပ်ဆင်းရဲနေကြရသည်။ သားသမီးသန္ဓေကို ကိုယ့်အသက်ထက်ပင် ကြင်နာကြလျက်-

"အသက်ချမ်းသာ ကိုယ်အင်္ဂါပြည့်စုံစွာဖြင့် မွေးပါစေ"

www.dhammaransi.com



ဟု မမွေးမချင်း ဆုတောင်းနေကြရသည်။

'ကိုးလလွယ် ဆယ်လဖွား'ဆိုသည့်အတိုင်း ဆင်းရဲကြီးမျိုးစုံ ရင်ဆိုင်ကြလျက် သန္ဓေသားကို လွယ်ထားကြရသည်။

ထိုသည်နှင့်ပတ်သက်၍ စာဆိုပညာရှင်တို့က–

**စွဲလာသန္ဓေ၊ နေသည်ကစ၊ သားလှချမ်းသာ**
**ရစိမ့်သောငှာ၊ ပူဆာစပ်ခါး၊ မစားတို့ရ**
**ထကြွဖြည်းဖြည်း၊ ကိုယ်ရေးကိုယ်လက်**
**ဆယ်ဆတက်၍၊ သက်သက်ကြင်နာ**
**သားကိုသာလျှင်၊ ချမ်းသာမြင်ကြောင်း**
**လက်ဆယ်ချောင်းကို ၊ ခေါင်းမှာရွက်တင်**
**တောင်းဆုဆင်လျက်**

–ဟု စပ်ဆိုခဲ့ကြပါသည်။

## မိခင် အစားဆင်ခြင်ရပုံ

မိခင်စားသောက်မျိုသွင်းလိုက်သောအစာအာဟာရသည် ပျံ့နှံ့ကာ ပဋိသန္ဓေနေသော သူငယ်၏ ကိုယ်တွင်းသို့ ချက်ကြောမှတစ်ဆင့် စိမ့်ဝင်သည်။ သူငယ်၏ ချက်မှပေါက်သော ချက်တံသည် မိခင်၏ ဝမ်းရေနှင့် တစ်စပ်တည်း ဖြစ်သည်။ ထိုချက်တံသည် ကြာရိုးကဲ့သို့ အပေါက်ကြီး အပေါက်ငယ် ရှိသည်။ ထိုအပေါက်ကြီး အပေါက်ငယ်မှ အာဟာရများသည် သက်ဝင်

www.dhammaransi.com



ပျံ့နှံ့၍ သူငယ်၏ အာဟာရရုပ်ကို ဖြစ်စေရသည်။

သို့ဖြစ်၍ မိခင်ဖြစ်သူ စားမျိုက သူငယ်စားမျိုသည်နှင့် အတူတူပင် ဖြစ်သည့်အတွက်ကြောင့်-

-မိခင်ဖြစ်သူသည် အလွန်အေးသောရေကို သောက်သည့်အခါ သူငယ်သည် အလွန်အေးသောငရဲ၌ ကျရောက်နေရသကဲ့သို့၊

-မိခင်ဖြစ်သူသည် အလွန်ပူသော အစားအစာကို စားမျိုသောအခါ သူငယ်သည် ရဲရဲပူသော မီးကျီးထဲသို့ ပစ်ချခံရသကဲ့သို့၊

-မိခင်ဖြစ်သူသည် အငန်၊ အချဉ်၊ အစပ် စသည်တို့ကို စားမျိုသောအခါ သူငယ်သည် လှံဖြင့် ဆွ၍ ဆားဖြင့်နယ်ခြင်း စသည်ကို ခံရသဖြင့် နာကျဉ်ခြင်းကို ရောက်ရသကဲ့သို့ ကြီးစွာသောဆင်းရဲကို ခံစားရလေသည်။

ထိုသို့သော ဆင်းရဲခြင်းများနှင့် သားသမီးများ ရင်ဆိုင်ရမည်ကို စိုးသောကြောင့် မိခင်ဖြစ်သူသည် ကိုယ်ဝန်တည်သောအခါ အစားဆင်ခြင်ရသည်။

(သဂါထာဝဂ္ဂ-ယက္ခသံယုတ်)

## မိခင် အနေအထိုင် ဆင်ခြင်ရပုံ

ဘုရားလောင်းမှတစ်ပါး အခြားသောသတ္တဝါတို့သည် အမိဝမ်း၌ တည်နေကြရသည်ရှိသော် အစာချက်အိမ်ပေါ်ဝယ်

www.dhammaransi.com



ထိုင်ကြရကုန်၏။ အစာသစ်အိမ်ကို ရှက်လျက် အမိဝမ်းပျဉ်လွှာကို ကျောပေးမှီနေကြရသည်။ အမိကျောရိုးကို မျက်နှာပြုလျက် ဆောင့်ကြောင့်ထိုင်ကြပြီး လက်နှစ်ဖက်ဆုပ်ကြကာ မေးကို ထောက်၍ နေထိုင်ရသည်။

မိုးရွာသည့်အခါ သစ်ခေါင်းတွင်းရှိ မျောက်ကဲ့သို့ ကျပ်တည်းကျဉ်းမြောင်းစွာဖြင့် ကုပ်ကုပ်ကလေး နေကြရသည်။

(ဘုရားလောင်းကား ကျောရိုးကိုကျောမှီ၍ တင်ပျဉ်ခွေ နေလေသည်။)

ထိုသို့နေကြရသော သတ္တဝါတို့သည် မိခင် အဆော တလျင်သွားခြင်း၊ ထိုင်ခြင်း၊ ကော့ခြင်း၊ ချော်ခြင်း စသည်တို့ကို ပြုလုပ်သောအခါ အရက်သမား လက်တွင်းရောက်သော ဆိတ်ငယ်ကဲ့သို့လည်းကောင်း၊ အလမ္ပာယ်မြွေသမားလက်တွင်းသို့ ရောက်သောမြွေငယ်ကဲ့သို့လည်းကောင်း၊ တည့်တည့်ဆွဲလိုက်၊ ဟိုကသည်ကဆွဲလိုက်၊ အောက်ကန့်ကိုက်လိုက်၊ အထက်မြှောက် လိုက်၊ လှန့်လိုက် စသည်ဖြင့် ပြုလုပ်သောဆင်းရဲကို ခံစားကြရ သည်။

ထိုသို့သော ဆင်းရဲများနှင့် သားသမီးငယ်များ ရင်ဆိုင်ရ မည် စိုးသောကြောင့် မိခင်ဖြစ်သူသည် ကိုယ်ဝန်ရှိလာသောအခါ အနေအထိုင်ဆင်ခြင်ရသည်။

**(သုတ်မဟာဝါ- မဟာပဒါနသုတ်)**

သုတေသနစာကြည့်တိုက်
www.dhammaransi.com
ယဉ်ကျေးမှုပြန့်ပွားရေးဦးစီးဌာန
ရန်ကုန်


ယင်းကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက

**စာသစ်စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှိလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ငုတ်တိုမှာ ၊မျောက်အိုလုပ်သို့၊ မလှုပ် မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်ကို၊ အလမ္ပာယ်မိ၊ မြွေငယ်ရှိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားစပ်စပ်၊ သတ်ဖြတ်တစေ၊ ဆယ်လနေ၍၊ လေကမ္မဇ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ဆေါက်မှ၊ ဆွဲမြှောက်ဆင်ပြောင်၊ သံတောင်ကြိတ်ချေ၊ ပုံနေရယ်က၊ ပြင်သို့ကျလည်း၊ အပ်ဆွ သည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များလှသည့် လက်စ ဇာတိ မှုရင်းတည်း။**

ဟူ၍ စပ်ဆိုထားပါသည်။

## ဖွားမြင်ကာလ မိခင်ဒုက္ခ

ကိုယ်ဝန်ဆောင်မိခင်များသည် မိမိတို့ကိုယ်မိမိ အစားအသောက်၊ အသွားအလာ၊ အနေအထိုင် အအိပ်များကိုသာ ဆင်ခြင်ကြရသည် မဟုတ်သေး။ ဖွားမြင်သောအခါ၌လည်း **ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ** ဆိုရိုးစကားအတိုင်း သေဘေးနှင့် အနီးကပ်ဆုံး ရင်ဆိုင်ကြရသည်။

၂၅၇၄၃၂

www.dhammaransi.com



သေရမည်လော၊ ရှင်ရမည်လော ဟု တွေးတောကာ ရင်မောကြရပြီး သေမင်းနှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြပြီး အသက်စွန့်ကာ မွေးဖွားကြရသည်။ တစ်နည်း သေမင်းထံ အသက်ကို အပ်နှံကာ ခက်ခက်ခဲခဲ နာနာကျင်ကျင်ဖြင့် ဖွားမြင်ရသည်။

ဖွားသောကာလတွင်လည်း သူတကာတို့မြင်ရန် မသင့်လျော်သည့်အရပ်၌ ဖြတ်ခြင်း၊ ခွဲစိပ်ခြင်း၊ နှိုက်ခြင်း အစရှိသည်တို့ ပြုလုပ်ခြင်းကို ခံစားကြရသဖြင့် မိခင်တို့သည် ကြီးစွာဆင်းရဲခြင်း ခံစားကြရသည်။

အလွန်ကျဉ်းမြောင်းလှစွာသော သံကောက်ပေါက်မှ ဆင်ပြောင်ကြီးကို အလွန်ခက်ခက်ခဲခဲ ဆွဲထုတ်၍ ထွက်လာရသကဲ့သို့ သူငယ်ကို အလွန်ကျဉ်းမြောင်းလှစွာသော ယောနိဝမှ ခက်ခက်ခဲခဲ ဆွဲထုတ်ရသဖြင့် မိခင်ဖြစ်သူတို့မှာ သတိမေ့မြောကာ အသက်ထွက်လုမတတ် ဆင်းရဲဒုက္ခကို ခံစားကြရလေသည်။

## ဖွားမြင်ပြီးနောက် ချစ်ရောက်မေတ္တာ

ဤသို့သန္ဓေ၊ စွဲလာနေ၍၊ ဆယ်လစေ့သော်၊
ကြွေ့ကြွေ့ဝမ်းသာ၊ မောင့်မျက်နှာကို၊ မာတာမိခင်၊
မြင်ရသောအခါ၊ ဥပမာမူ၊ ရတနာမျိုး၊ ရွှေအိုးပဒေသာ၊
ပေါက်ဝေလာသည်၊ ပမာမမှျ၊ မောင်သားလှကြောင့်၊
ဝသည်ပီတိ၊ ရှိသည့်ရိုးတွင်း၊ချဉ်ဆီချဉ်းမျှ၊ ချစ်မောလှလျက်၊

www.dhammaransi.com



သန်း၊ ပျူ၊ ကြမ်းပိုး၊ မှက်၊ ခြင်မျိုးက၊
ဟူသမျှလည်း၊ ကိုက်ရမည်ပါ၊ မောင့်ကိုသာလျှင်၊
ချမ်းသာစိမ့်ကြောင်း၊ သမားကောင်းနှင့်၊
ဆေးကောင်းစားစား၊ ရှောင်ရှားအစာ၊
အိသာကျန်းတော၊ ရှိစေသောဟု၊ ဆုတောင်းပြုမှ
ညောင်ရေစသည်၊ နေ့ညလည်းသွန်း၊ ပယ်ကြမ်းစွန်းသည်၊
ရွှန်းရွှန်းနေ့တိုင်း၊ စိုးတော့သည်။

(ပုဏ္ဏောဝါဒ)

မိခင်သည် သားသမီးဖွားမြင်ပြီး၍ အသက်ပမာ သားသမီး ရတနာလေးတို့ မျက်နှာကို တွေ့မြင်လိုက်ရသောအခါဝယ် ချစ်ခြင်း၊ နှစ်သက်ခြင်း ဟူသော မေတ္တာအဟုန်၊ ပီတိအဟုန်သည် တစ်ကိုယ်လုံး ပျံ့နှံ့၍ ရိုးတွင်းချဥ်ဆီထိအောင် ထိခိုက်သွား လေသည်။

ထိုအခါ အဆင်းနီမြန်းသော နှလုံးသွေးသည် မေတ္တာ အဟုန်ကြောင့် ဖြူဖွေးသောအရောင်သို့ ကူးပြောင်းသွား လေသည်။ ထိုသွေးဖြူရည်ခေါ်သော နို့ရည်ကို မိခင်တို့သည် သားငယ်သမီးငယ်တို့အား တိုက်ကျွေး၍ သားငယ်သမီးငယ် တို့၏ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းကို ဖြေဖျောက်ပေးလေသည်။

သားငယ်သမီးငယ်တို့မှ ဖြစ်ပေါ်လာသော မစင် စသော အညစ်အကြေးတို့ကိုလည်း မရွံမရှာ ကိုင်တွယ်သုတ်သင်ကြ

www.dhammaransi.com



ရသည်။ မစင်ပေနေသော အဝတ်အနီး စသည်တို့ကိုလည်း မရွံမရှာ ကိုင်တွယ်လျှော်ဖွပ် ဆေးကြောပေးကြရသည်။

အလွန်အိပ်ကောင်းသော ညဉ့်နက်သန်းခေါင် ဖြစ်စေကာမူ သားငယ်သမီးငယ်နို့း၍ ငိုကြွေးက အိပ်ရေးပျက်ခံကာ နို့ချိုထ၍ တိုက်ကျွေးကြရသည်။ မစင်၊ သေး စသည်တို့ကိုလည်း သုတ်သင် ရှင်းလင်းပေးကြရသည်။

သားငယ်သမီးငယ်တို့ ညှော်သင်း၊ ပုပ်နံ့ နှင့်ရောစပ်သော နို့ရည်ကို သောက်စို့မိပါက မကျန်းမမာဖြစ်ခြင်း ဖြစ်မည်ကို အလွန်စိုးရိမ်ကြောင့်ကြသောကြောင့် မိခင်ဖြစ်သူသည် ညှော်နံ့များ၊ ပုပ်နံ့များ၊ မသင့်မတင့်သော အစားအစာများကို ရှောင်ရှားနေကြရသည်။

သားငယ်သမီးငယ်တို့အား ဖုတ် ၊ တစ္ဆေ၊ မှင်စာ၊ မကွဲရ၊ မကွဲဝါ စသော သူငယ်နာမျိုး မကပ်မရောက် နိုင်အောင် ဆရာ တို့နှင့် မေးမြန်းစုံစမ်း၍ ရသမျှသော ဆေးဝါးလက်ဖွဲ့တို့ဖြင့် ကာကွယ်စောင့်ရှောက်ပေးကြရသည်။

သားသမီး မမာမကျန်းလျှင်လည်း ရင်ခွင်ပိုက်ထွေး ရင်ငွေ့ပေး၍ မအိပ်မစက်၊ အစာအာဟာရကို မမက်နိုင်ဘဲ စိုးရိမ်ကြီးစွာဖြင့် စောင့်ရှောက်ကြရလေသည်။

မှက်၊ ခြင်၊ ကြမ်းပိုး အမျိုးမျိုးတို့ ဝင်၍ မထိုး၊ မကိုက် နိုင်ရန် ရင်ခွင်တည်းဟူသော ပုခက်၊ အဝတ်တို့ဖြင့် ပြုလုပ်

www.dhammaransi.com



ထားသော ပုခက်၊ ယော်ဥထက်၌ အိပ်စေ၍ ကြောင့်ကြစိုက်ကာ စောင့်ရှောက်ကြရလေသည်။

ဤသို့စသဖြင့် မိခင်တို့သည် သားငယ်သမီးငယ်များကို မိမိတို့အသက်တမျှ မျက်လုံးတမျှ ပမာထား၍ စောင့်ရှောက်ခဲ့ရသည်။

ဖခင်တို့ကလည်း ထိုမိခင်၊ ထိုသားသမီး မကြောင့်မကျ မတောင့်မတ လိုလေသေးမရှိ စားဝတ်နေရေး ပြည့်စုံရေးအတွက် ကြိုးစားပမ်းစား ရှာဖွေလုပ်ကိုင်ပေးရသည်။ သားမယားအတွက် ပူပင်သောကကြီးစွာ ၊စိုးရိမ်ကြီးစွာ ၊ ကရုဏာမေတ္တာကြီးစွာဖြင့် ပင်ပန်းခံကာ ရှာဖွေလုပ်ကိုင်ခဲ့ရသည်။

သို့အတွက် မိခင်ဖခင်တို့သည် သားသမီးတို့နှင့် ပတ်သက်၍ ထားအပ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ စိတ်တို့သည် အတိုင်းမသိ များပြားလှသည်သာဖြစ်သည်။

သားငယ်သမီးငယ်တို့ ကြီးပြင်းလာသော်–

မိဘတို့သည် မိမိတို့၏ သားငယ်သမီးငယ်များ အရွယ်ရောက်လာသည်ရှိသော် လောကဝယ် လူတစ်လုံး သူတစ်လုံးအဖြစ် ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ လူရူး၊ လူအ၊ လူအောက်ကျဖြစ်ပြီး ဒုက္ခဆင်းရဲ အလွဲလွဲအမှားမှား ဖြစ်သွားမည်ကို စိုးရိမ်ကြ၍ ဆရာကောင်း သမားကောင်း၊ ကျောင်းကောင်းတွေအပ်ကာ အတတ်ပညာတို့ကို သင်ကြား

www.dhammaransi.com



စေရသည်။ ပညာကို ငွေနှင့်ဝယ်မှ သားသမီး ပညာတတ်ဖြစ်မည်ဆိုကာ ငွေကိုမရ, ရအောင်ရှာ၍ ပညာကို ငွေနှင့်စကဲ၍ သင်ကြားစေပါသည်။

မိဘများ သားသမီးတို့ကို ဆုံးမလေ့ရှိသည်မှာ–

–ငါ့သားကြီးလာလျှင် ဘာလုပ်မလဲ။

–သူများဝန်ထမ်း မဖြစ်ရလေအောင် ပညာကို ကြိုးစား သင်နော်။

–ပညာမရှိ သူ၏ ဝန်ထမ်းတဲ့ သားရဲ့။

–သားလေးပျင်းလျှင် ကြီးရင်ဒုက္ခရောက်လိမ့်မယ်။

–သားဒီအတန်းအောင်လျှင် သားလိုချင်တာ ဝယ်ပေးမယ်။

–ရှေးကပညာရှိသူဌေးသား စာမတတ်လို့ ခွက်ဆွဲတောင်းစားရတဲ့ ဘဝရောက်ပြီး ဇရပ်မှာ သေရတယ်။

–ပညာရွှေအိုး လူမခိုးတဲ့သားရဲ့။

–ပညာနဲ့တူတဲ့ ဥစ္စာပစ္စည်းဆိုတာ မရှိဘူးသားရဲ့။

စသည်ဖြင့် စိတ်ရှည်ရှည်ဖြင့် သားငယ်သမီးငယ်များကို ပညာတတ်ဖြစ်အောင် အားပေးတိုက်တွန်း ဆုံးမကြသည်။

သားသမီးငယ်များ လိမ္မာရေးခြားရှိအောင် ဗဟုသုတကြွယ်ဝစေရန် ပုံဝတ္ထုများ၊ ဆုံးမစာလင်္ကာများ၊ ရှုတ်ဖြဲ၊ ပြောပြခြင်းဖြင့်လည်း ဆုံးမ သွန်သင်တတ်ကြပေသည်။

သို့အတွက် သားသမီးအပေါ်၌ မိဘတို့ထားအပ်သော

www.dhammaransi.com



မေတ္တာစေတနာတရားသည် အလွန်ကြီးမားလှသည်။

## အသက်သခင် ကျေးဇူးရှင်မိဘ

**အသက်သခင်၊ ကျေးဇူးရှင်၊ ဖခင်မွေးမယ်လှ** ဆိုသည့်အတိုင်း မိခင်ဖြစ်သူသည် ပဋိသန္ဓေ တည်ရှိလာလျှင် ဝမ်း၌ ကိန်းနေသော သားငယ်သမီးငယ်များ အသက်ရှင်လျက် မွေးဖွားစိမ့်သောငှာ အစားအစာ၊ ဆေးဝါး စသည်များကို သတိကြီးစွာ စားသောက်ခဲ့ရခြင်း၊ အနေအထိုင် အသွားအလာ စသည်တို့ကို သတိကြီးစွာထား၍ နေထိုင်သွားလာရခြင်း၊ ဤသို့အားဖြင့် သားငယ်သမီးငယ်တို့၏ အသက်အန္တရာယ် အသွယ်သွယ်ကို အမျိုးမျိုးကာကွယ်စောင့်ရှောက်ကြရပါသည်။

ကလလရေကြည် သန္ဓေတည်သော ပထမ (၇)ရက်မှာပင် သေဆုံးခဲ့သူပေါင်း အနန္တ ရှိပါသည်။

-အမြှုပ်ဖြစ်သော ဒုတိယ(၇)ရက်မှာပင် သေဆုံးသူပေါင်း အနန္တ ရှိပါသည်။

-နီနီရဲရဲသွေးခဲဖြစ်သော တတိယ(၇)ရက်မှာ သေဆုံးသူပေါင်း အနန္တ ရှိပါသည်။

-သားတစ်ဖြစ်သော စတုတ္ထ(၇)ရက်မှာ သေဆုံးသူပေါင်း အနန္တ ရှိပါသည်။

www.dhammaransi.com



-ခက်မငါးဖြာဖြစ်သော ပဌမ (၇)ရက်မှာ သေဆုံးသူပေါင်း အနန္တ ရှိပါသည်။
-ထိုမှ မမွေးဖွားသေးမီ သေဆုံးသူပေါင်း အနန္တ ရှိပါသည်။
-ထိုမှ မွေးဖွားပြီးစ သေဆုံးသူပေါင်း အနန္တ ရှိပါသည်။ မွေးဖွားလာပြီး အသက်ရှင်သော သားသမီးများမှာ ဤသို့သော သဘောမျိုးမှ လွတ်မြောက်ခဲ့ကြရလေသည်။
-သားငယ်သမီးငယ်မွေးဖွားလာပြန်သောအခါ နီနီထွေးထွေး သားတစ်ကလေးနှင့်တူသော ဝါဂွမ်းစိုင်ပမာ အလွန်နူးညံ့လှသော အသားအရည်ရှိသော သူငယ်ကို မိခင်သည် ဖြည်းညှင်းညင်သာစွာ ပွေ့ချီ၍ ရင်ငွေ့ကို လုံစေပြီးလျှင် နို့ချိုတိုက်ကျွေးရပြန်သည်။
-အကယ်၍ မိခင်ဖြစ်သူက နို့ချို မတိုက်ကျွေးလျှင်၊ ရက်စက်ကြမ်းတမ်းစွာ ကိုင်တွယ်လျှင် ကလေးသည် ထိုအခါကပင် သေဆုံးကြရပေမည်။
-သားသမီးဒုက္ခ မခံလို၍ မြစ်ထဲ၊ ချောင်းထဲမျှောလိုက်လျှင် ထိုအခါကပင် သေကြရပေမည်။
-မိခင်သည် အစားမရှောင်လျှင်၊ အသွားမရှောင်လျှင် ချဉ်ပုပ်သော မိခင်နို့ရည်ကို စို့ရသဖြင့် ရောဂါဖြစ်ကာ သေကြရပေမည်။
-အမှိုက်ပုံထဲ ပစ်ထားခဲ့လျှင်၊ လမ်းဘေးပစ်ထားခဲ့လျှင်၊

www.dhammaransi.com



မြေတူးပြီး မြှုပ်လိုက်လျှင် ထိုအခါကပင် သေကြရမည်။
-မိခင်က နို့မတိုက်၊ ထမင်းမခွံ့၊ ရေမတိုက်လျှင် ထိုစဉ်ကပင် သေကြရပေမည်။

ထိုကဲ့သို့မဖြစ်စေမူ၍ မိဘတို့သည် အသက်ပမာ စောင့်ရှောက်လာခဲ့ခြင်းကြောင့် သားသမီးတို့သည် မသေဘဲ ချမ်းသာစွာ အသက်ရှင်နေထိုင်ခဲ့ကြရသည်။

ထို့ကြောင့် မိခင်ဖခင်တို့သည် အသက်သခင် ကျေးဇူးရှင် မည်ကြသည်။

www.dhammaransi.com

# အခန်း(၂)
# မိဘတို့၏ တာဝန်ဝတ္တရားများ

## မိဘ ဆိုးမွေကောင်းမွေ

သားသမီးတို့မည်သည် မိဘတို့၏ ဆိုးမွေကောင်းမွေကို ခံရပါသည်။ ပစ္စည်းလည်းရှိ၊ အနာလည်းကင်း၊ အကျင့်စာရိတ္တ လည်းကောင်း၊ ပညာလည်း လိုလားသော မိခင်ဖခင်တို့၏ သားသမီး ဖြစ်ရသောသူတို့မှာ–

–မိဘတို့၏ပစ္စည်းဟူသော ကောင်းမွေကို ခံစားစံစားရခြင်း၊

–မိဘတို့မှ ကူးစက်တတ်သော အနာမျိုးမှ ကင်းဝေးရခြင်း။

–မိဘတို့၏ အကျင့်ဓာတ် ကူးစက်သဖြင့် ကောင်းသော စရိုက်အမွေ ရရှိခြင်း။

–မိဘတို့က ပညာသင်ကြားပေးသဖြင့် ပညာတည်းဟူသော အမွေ ရရှိခြင်းစသော မိဘကောင်းလျှင် ကောင်းသလောက်

www.dhammaransi.com



ကောင်းမွေအမျိုးမျိုးကို ခံစားရသည်။

-မိဆိုး၊ ဖဆိုး၊ မိယုတ်၊ ဖယုတ်တို့၏ သားသမီးတို့မှာ မိဘတို့၏ ဆိုးဓာတ်၊ အမိုက်ဓာတ် ကူးစက်ခြင်းခံရသဖြင့် မိခင် ဝမ်းထဲမှ င်-

-အသေဆိုးနှင့် သေရခြင်း။

-ဝမ်းထဲမှာပင် အမျိုးမျိုး နှိပ်စက်ခံရခြင်း။

-ဝမ်းထဲကပင် မိဘတို့မှ ကူးစက်သော အနာဆိုးများ ပါလာခြင်း။

-မွေးဖွားလာပြန်လျှင်လည်း စွန့်ပစ်ခံရခြင်း။

-မိဘအဆဲသန်ခြင်း၊ ရိုင်းစိုင်းခြင်းကြောင့် ဝစီဒုစရိုက်အကျင့်ဆိုး၊ ဝသီဆိုးကြီး တတ်ခဲ့ရခြင်း။

-ဟဲ့-- မိမဆုံးမ၊ ဖမဆုံးမ သားသမီးတွေ၊

-ဟဲ့-မိယုတ်ဖယုတ် သားသမီးတွေ၊

-ဟဲ့-နင့်အမေက ဘယ်လိုအစားထဲကပဲ၊

-ဟဲ့-နင့်အဖေက ဘယ်လိုအကျင့်စားထဲကပဲ၊

-ဟဲ့-နင်တို့က ဘယ်လိုအမျိုးတွေ၊

စသည်ဖြင့် သူတစ်ပါးတို့၏ နှုတ်ဖျား၊ သူတစ်ပါးတို့၏ တံတွေးခွက်၌ အပြောခံရခြင်း စသော ဆိုးမွေမျိုးကို မိဘယုတ်လျှင် ယုတ်သလောက် သားသမီးများ ခံစားကြရသည်။

သို့အတွက် မိဘတို့သည် သားသမီးတို့ အပေါ်၌

www.dhammaransi.com



ပဋိသန္ဓေတည်ရှိနေသည်ကအစ လူလားမြောက်သည့်ကာလအထိ မိမိတို့အသက်ရှင်သမျှ ကာလပတ်လုံး စောင့်ရှောက် ထောက်ပံ့ အပ်သော နည်းပေါင်းများစွာဖြင့် သားသမီးတို့ ဂုဏ်မငယ်စေရန် ကောင်းသောအမွေ ရရှိစေရန် ဆောင်ရွက် လုပ်ကိုင်နေထိုင် ကျင့်ကြံရပေမည်။

## ပဋိသန္ဓေ တည်လေသည်မှ

မိဘတို့သည် သားသမီး ရယူမည်ဟု ဆုံးဖြတ်သည့် အချိန်မှစ၍ သားကောင်းသမီးကောင်း ရတနာများ ရရှိစေရန် ကျန်းမာရေးကောင်းအောင် ဆောက်တည်ကြရမည်။

ရတနာသုံးပါး ကြည်ညိုလေးစားအားထား၍ သီလတရား မြဲမြဲစွာထားပြီး သားသမီးဆုကို တောင့်တကြရမည်။ ရတနာ သုံးပါး၊ ဆရာမိဘတို့ကို ဝတ္တရားနှင့်အညီ စွမ်းနိုင်သမျှ ပြုစုခြင်း၊ ပဉ္စသီလ စသော သီလတရားမြဲခြင်းရှိသော သူတို့အား ကျက်သရေရှိသော ဘုန်းကံရှိသော သားသမီးရတနာများ ကပ်ရောက် ဖွားမြင်တတ်သည်ဟု ဆိုပါသည်။

သားသမီးပဋိသန္ဓေတည်သည်ရှိသော် မိခင်သည် ပူသော၊ ငန်သော၊ ချဉ်သော၊ စပ်သော၊ ခါးသော၊ အေးသော၊ အစာ အာဟာရမျိုးတို့ကို ရှောင်ရှား၍ အဆင်းအနံ့အရသာတို့နှင့်

www.dhammaransi.com



ပြည့်စုံသော အာဟာရမျိုးတို့ကိုသာ ရွေးချယ်စိစစ်၍ စားသောက်ရမည်။

မိခင်၏ အာဟာရသည် ကလေး၏ အာဟာရ ဖြစ်သောကြောင့် မိခင်သည် အစာအာဟာရကို အထူးသတိထားဆင်ခြင်ပြီးမှ စားရမည်။ အလွန်ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို မပြုလုပ်ရပေ။

ဘာဝပ္ပတာသလောကီကျမ်းတွင် ကိုယ်ဝန်ဆောင်သော မိခင်များသည် အောက်ပါအချက်များကို ရှောင်ကြဉ်ရမည်ဟု ဆိုထားပါသည်။

(၁) ငိုကြွေးခြင်း မပြုရ။ ကလေးမျက်စိပျက်တတ်သည်။

(၂)လက်သည်းခြေသည်း မလှီးရ။ မကောင်းသော ခြေသည်း လက်သည်း ပါတတ်သည်။

(၃)ကိုယ်ကို ဆီဖြင့် သုတ်လိမ်းခြင်း၊ နင်းနယ်ခြင်း မပြုရ။ နူနာ ပါတတ်သည်။

(၄)နံ့သာလိမ်းခြင်း၊ ရေအလွန်ချိုးခြင်း မပြုရ။ ဆင်းရဲသော အလေ့ပါတတ်သည်။

(၅)နေ့၌အိပ်ခြင်း မပြုရ။ အအိပ်ကြီးတတ်သည်။

(၆)ပြေးလွှားခုန်ပေါက်သွားခြင်း မပြုရ။ လူဆော့ကလေး ဖြစ်တတ်သည်။

www.dhammaransi.com



(၇)အလွန်ကျယ်သောအသံကို နှားမထောင်ရ။ ကလေးနှားပင်းတတ်သည်။

(၈)ပြင်းစွာ မရယ်ရွှင်ရ။ အာခေါင်၊ သွား၊ နှုတ်ခမ်း၊ လျှာတို့၌ အမဲနက် ပါတတ်သည်။

(၉)အလွန်စကားပြောခြင်း မပြုရ။ စကားမမှန်၊ ဘောင်ကန်ပြောက်တိုး လေအိုးကလေး ဖြစ်တတ်သည်။

(၁၀)မျက်စိဆေးကွင်းခြင်း မပြုရ။ မျက်စိကန်းတတ်သည်။

(၁၁)အပင်ပန်းခံခြင်း မပြုရ။ အရှုးအသွပ်နှာ ပါတတ်သည်။

(၁၂)မြေတူးခြင်း မပြုရ။ စကားပြော ထစ်တတ်သည်။

(၁၃)လေတိုက် မခံရ။ လေလာရှူးကလေး ဖြစ်တတ်သည်။

ဤသည်မှာ ရှေးရှေးဆရာတို့ စီရင်ရေးသားအပ်သော လောကီကျမ်းအလိုအရ ကိုယ်ဝန်ဆောင်မိခင်တို့ စောင့်ထိန်းရှောင်ကြဉ်အပ်သော ကျင့်စဉ်တရားများ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် သာသနာဝင် ကျမ်းများ အလိုအရကမူ–

'မိခင်တို့၏ ကိုယ်ဝန်သည် လေဖျက်ခြင်းကြောင့် လည်းကောင်း၊ ပိုးဖျက်ခြင်းကြောင့်လည်းကောင်း ပျက်တတ်သည်။ မိဘတို့သည် ဆရာကောင်း၊ သမားကောင်းများကို မှီဝဲ ဆည်းကပ် ပြသပြီးလျှင် သားငယ်သမီးငယ် မပျက်စီးရလေအောင် လေကိုအေးသောဆေးဖြင့် ကုသရခြင်း၊ ပိုးကို နှိမ်နင်းနိုင်အောင် လုပ်ရခြင်းတို့ကို ဆောင်ရွက်ရသည်' ဟု ဖော်ပြထားသည်။

www.dhammaransi.com



ယခုခေတ် မီးယပ်သားဖွား ဆရာဝန်များထံ ကိုယ်ဝန်ကို အပ်နှံ၍ ကိုယ်ဝန်ကို ဘေးအန္တရာယ် မရှိအောင်၊ ရောဂါအန္တရာယ် ကင်းအောင် စောင့်ရှောက်ခြင်းမျိုးကဲ့သို့ ဆောင်ရွက်ရန် ဆိုလိုပါသည်။

## မိဘတို့ ဝတ္တရားများ

မိဘတို့မည်သည် မိဘဟူသော ဂုဏ်ပုဒ်ရလာသည်နှင့် တစ်ပြိုင်နက် မိဘဆိုင်ရာကျင့်ဝတ်တို့ကို ဆောက်တည် လုပ်ကိုင်ရလေသည်။

မိဘဖြစ်လာသောသူသည် မိမိတို့၏ မိဘတို့ကို ပြုစု လုပ်ကျွေးခြင်းဟူသော ကျွေးဟောင်းကိုလည်း ပေးဆပ်ရမည်။

သားသမီးတို့ကို ကျွေးမွေးပြုစုထောက်ပံ့ခြင်းဟူသော ကျွေးသစ်ကိုလည်း ချရမည်။

**မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်**
**အတတ်သင်စေ၊ ပေးဆေနှီးရင်း**
**ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်**
**ဖခင်မယ်တို့တာ။**

ဟူသော သိင်္ဂါလသုတ် အရ သားသမီးတို့နှင့် ပတ်သက်၍ ကျင့်ဝတ်ငါးပါးတို့ကို ကျင့်သုံးဆောက်တည်ရပေမည်။

www.dhammaransi.com



**ယင်းငါးပါး၌ မကောင်းမြစ်တား ဆိုသည်မှာ** ဖွားမြင်ပြီးနောက် သားသမီးတို့ကို အတိုင်းအထွာ၊ အဆဲအရေး စသည်တို့ကို သင်မပေးရ။ အကျင့်ပါသွားတတ်၍ ကစားမြူးတူးလိုသော သဘောဖြင့်ပင် အဆိုအတိုင်းအထွာတို့ကို သင်မပေး၊ ပြောမပေးရပါ။

သားသမီးများ ပတ်ဝန်းကျင်က အတုမြင် အတတ်သင်ပြီး တိုင်းထွာဆဲရေးလာသည်ကိုမြင်လျှင် အပြစ်အမျိုးမျိုး ပြ၍ ဆုံးမ,ရသည်။ တစ်နည်းနှင့်မရက တစ်နည်းနည်းနှင့်ရအောင် ဆုံးမ,ပေးရမည်။ မိဘတို့ကိုယ်တိုင်ကလည်း ထိုအလေ့မျိုးကို အထူးရှောင်ကြဉ်ရမည်။

ဘုရားရှိခိုးအောင်၊ တရားနာအောင်၊ သံဃာတော်ကို ကြည်ညိုလေးမြတ် ဆည်းကပ်ထတ်လာအောင်၊ လိမ္မာရေးခြား ရှိသော စာများ ဖတ်ချင်လာအောင် လူကြီးသူမနှင့် ယဉ်ကျေး သိမ်မွေ့စွာ စကားပြောဆိုတတ်အောင် အထူးသင်ပေးရမည်။

အသွားအလာ၊ အစားအသောက်၊ အနေအထိုင် အဝတ်အစား အချိုးအစား ကျနအောင်၊ စည်းကမ်းတကျရှိအောင် သင်ပေးရမည်။ မကောင်းသောအမူ၊ အယူ၊ အကျင့်တို့ မပြုလုပ်မိစေရန်နှင့် ကောင်းသောအမူ၊ အပြုအမူ၊ အယူ အလေ့အကျင့်တို့ကို ပြုလုပ်စေရန် လမ်းညွှန်ပေးရမည်။

www.dhammaransi.com



မိဘသည် မိဘဝတ္တရားနှင့်အညီ မသွန်သင်၊ မဆုံးမ၊ မပြုပြင်ပေးလျှင် **သားကို ငယ်က မဆုံးမက မိဘတလည်း ရန်သူမည်၏** ဆိုသည့်အတိုင်း သားသမီးတို့အတွက် ရန်သူပမာ ဖြစ်ရချေသည်။

## အတတ်သင်စေ ဆိုသည်မှာ-

မိဘတို့သည် သားသမီးများကို မွေးဖွားထားရုံမျှနှင့် တာဝန်ကုန်သွားပြီ မဟုတ်ပေ။ ရှေ့သို့ဆက်လက်၍ သားသမီးများ လောကအလယ် လူတစ်လုံး၊ သူတစ်လုံးဘဝဖြင့် ရပ်တည်နေနိုင်ရေးတို့အတွက် အထူးကြောင့်ကြစိုက်၍ ပညာ တတ်မြောက်အောင် သင်ကြားပေးရမည်။

**အစကောင်းမှ အနှောင်းသေချာဆိုသော** စကားအရ မိဘလုပ်သူတို့က သားသမီးတို့ကို ပညာတည်းဟူသော မျက်စေ့ကို ဖွင့်၍ ပညာတည်းဟူသော အဝတ်တန်ဆာကို ဆင်ပြီးလျှင် ပညာတည်းဟူသော ရွှေအိုးကိုပေး၍ အရွယ်ရောက်လျှင် ရောက်ခြင်း ထောက်ပံ့ခဲ့ကြလျှင် သားသမီးတို့ သိကြားနားလည်သောအရွယ်သို့ရောက်သောအခါ မိဘတို့၏ ဂုဏ်ကျေးဇူးကို ထပ်ခါမနား ပြောကြားနေပေလိမ့်မည်။

သားသမီးတို့၏ ပညာမျက်စေ့ကို သူတစ်ပါးတို့ လှည့်

www.dhammaransi.com



စား၍ မရနိုင်။

ပညာတည်းဟူသော အဝတ်တန်ဆာကို သူတစ်ပါးတို့ ချွတ်ယူခြင်းငှာ မတတ်နိုင်။

ပညာရွှေအိုးကြီးကို သူတစ်ပါးတို့ ခိုးယူခြင်းငှာ မတတ်နိုင်။

**မြဲစွာမှတ်လေ၊ တတ်မြောက်ချေက၊ ရွှေငွေမဟူ၊**
**ခိုးယူမရ၊ ဤလောကဌ၊ ပညာ့အရာ၊ မိတ်ကြီးသာတည်း။**
**ခန္ဓာပြောင်းကွဲ၊ နောက်ဘဝလည်း၊ သုခများမြောင်၊**
**ချမ်းသာအောင်သည်၊ လူ့ဘောင်မှတ်လော့၊**
**တသင်းတည်း။**
**ပထမရွယ်၊ ငယ်သော်ကလည်း၊ သိပ္ပခေါင်အား၊**
**တတ်မြောက်များမှု၊ တောသားရန်အောင်၊**
**ခြင်္သေ့ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍**
**ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။**

–ဟူသောဆုံးမစာများနှင့်အညီ မိဘလမ်းညွှန် ကြပ်မတ် သင်ကြားပေးသော အတတ်ပညာကြောင့် ပညာအကျိုးကျေးဇူးကို ခံစားရသော သားသမီးတို့သည် မိဘဂုဏ်ကျေးဇူးကို မမေ့နိုင် ကြတော့ပေ။ ထိုအတွက် မိဘတို့သည် သားသမီးတို့ကို အတတ်ပညာ သင်ပေးကြရမည်။

ပညာမတတ်သော သားသမီးတို့သည် ပညာမှ ဖြစ်ပေါ် လာသော အကျိုးကျေးဇူးကို မခံစား၊ မစံစားကြရသည့်အတွက်

www.dhammaransi.com



မိဘတို့၏ ဂုဏ်ကျေးဇူးကို သိကြမည် မဟုတ်ပေ။ ထိုသား သမီးတို့အတွက် မိဘသည် ရန်သူသဖွယ် ဖြစ်တော့သည်။

ပညာမတတ်သော သူသည်-

**-ပညာမတတ်၊ မနပ်မနူး၊ ခပ်ရူးရူး။**

**-ပညာမတတ်၊ မနပ်ရေးရာ၊ မလိမ်မာ။**

**-ပညာမရှိ၊ သူ၏ဝန်ထမ်း ဖြစ်စတမ်း။**

**-ပညာမျက်စိ မြင်မရှိ၍၊ မသိတရား အယူမှားလျက်၊ စီးပွားမမြှော် ကျိုးမခေါ်။**

ဟူသော ပျို့ကဗျာလင်္ကာ ဆုံးမစာနှင့်အညီ အပြစ် အမျိုးမျိုး၊ အဆိုးအဖြာဖြာ၊ သေခါမလှ၊ နေခါလည်း အောက်ကျ၊ နောက်ကျဖြစ်ရခြင်း စသော အပြစ်အမျိုးမျိုးတို့နှင့် တွေ့ကြုံ ရတတ်လေသည်။

ထိုအခါတွင် သားသမီးတို့သည် ငါတို့မှာ မိဘမကောင်း၍ ဤသို့ဖြစ်ရလေသည်ဟူ၍ မိဘတို့ကို အပြစ်တင်တတ်ကြသည်။

ထိုကဲ့သို့ ဖြစ်တတ်သော သဘောသဘာဝတရားများ ရှိသောကြောင့် မိဘတို့သည် သားသမီးတို့ကို ပညာသင်ကြား စေရခြင်း၊ ပညာသင်ကြားရာ၌ သားသမီးတို့ကို အလိုမလိုက် ကြဘဲ ရိုက်နှက်သင့်က ရိုက်နှက်၍ သင်ကြားစေရခြင်း၊ ဆရာ၊ ဆရာမများကို မိုက်လျှင်ဆုံးမပါ၊ မကျိုးမကန်းလျှင် တော်ပါ

www.dhammaransi.com



ပြီ စသည် ပြောဆိုအပ်နှံရမည်။ ဤသည်မှာ မိဘတို့ဘက်မှ ပညာသင်ကြားရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် တာဝန် ဖြစ်ပါသည်။

**ပေးဝေနိုးရင်း ဆိုသည်မှာ–**

သားသမီးတို့၏ အခြေအနေကို ကြည့်ရှု၍ သင့်လျော်သောအချိန်ကာလတွင် သားသမီးတို့ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် မိမိတို့၏ ဥစ္စာပစ္စည်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဝေပေးရမည်။ ဥစ္စာပစ္စည်း အရင်းအနှီးမရှိသော မိဘတို့သည် ငယ်စဉ်ကတည်းကပင် သားသမီးတို့ကို အတတ်ပညာ တတ်မြောက်အောင် သင်ကြားပေးခြင်းဟူသော အမွေအနှစ်ကို ရအောင် ပေးရမည်။

**ထိမ်းမြားခြင်းလျှင် ဆိုသည်မှာ–**

မိဘတို့သည် သားသမီးများ အရွယ်ရောက်လာလျှင် သင့်တော်သော အမျိုးသား အမျိုးသမီးတို့နှင့် အိမ်ထောင်ချပေးကြရမည်။ သားသမီးတို့ကို ထိမ်းမြားလက်ထပ်ပေးကြရာဝယ်–

–ဘာသာအယူ မတူကွဲလွဲ လူမျိုးကွဲ လက်တွင်းသို့ ဆောင်နှင်း၍ ထိမ်းမြားမင်္ဂလာ ပြုပေးခြင်း။

–တစ်ဖက်စီးနင်း အတင်းအဓမ္မ စီစဉ်ပေး၍ လက်ထပ်မင်္ဂလာ ပြုခြင်း။

www.dhammaransi.com



စသည်တို့ကို မပြုလုပ်မိရန် အထူးရှောင်ရှားကြရမည်။

သားသမီးတို့က ဘာသာကွဲ၊ လူမျိုးကွဲနှင့် တိတ်တဆိတ် ချစ်ကြိုက်နေသော် အချိန်မီ တားဆီးပိတ်ပင်ပေးရမည်။ မိမိတို့၌ သမီးမိန်းမဖြစ်လျှင်–

–ဘာသာအယူ တူညီမျှသော သတို့သား

–အမျိုးအနွယ် စင်ကြယ်သော သတို့သား

–စိတ်ထားနှလုံးရည် တည်ကြည်ဖြောင့်မတ်သော သတို့သား

–အသောက်အစား အပျော်အပါးကင်းသော သတို့သား

–သားမယားတို့ကို ဝမ်းဝဝ၊ ခါးလှလှ လုပ်ကျွေး မွေးမြူနိုင်သော သတို့သား

–သားမယားတို့၏ စိတ်နှလုံးကို အမြဲရွှင်လန်းအေးမြအောင်ထားနိုင်သော သတို့သား

–လင့်ဝတ်ငါးပါးနှင့်ညီသော သတို့သား

စသော အရည်အချင်းရှိသော သတို့သားကို ရွေးချယ်၍ လက်ထပ်ထိမ်းမြားပေးရမည်။

မိမိဘက်က ယောကျ်ားလေးဖြစ်လျှင်–

–မယားခုနစ်မျိုးတွင် အမိ၊ နှမ၊ ကျွန် နှင့်တူသော သတို့သမီး

–လိမ်မာရေးခြားရှိ၍ နူးညံ့သိမ်မွေ့သော သတို့သမီး

–ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော သတို့သမီး

–နှစ်ဘက်မိဘ မျှတကြည့်ရှု စောင့်ရှောက်တတ်သော

www.dhammaransi.com



သတို့သမီး

-မယားဝတ္တရားငါးပါးနှင့်ညီသော သတို့သမီး

စသော အရည်အချင်းရှိသော သတို့သမီးကို ရွေးချယ်၍ လက်ထပ်ထိမ်းမြားမင်္ဂလာ ပြုပေးရမည်။

## သားသမီး မကောင်း မိဘခေါင်း

မိဘတဲထွာ၊သားတကာနှင့်၊တစ်ရာနှစ်ဆွဲ၊လည်ချင်းနွဲလည်း၊
ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြုတ်ခြင်ကိုနှာ၊
မြူရှိမှာမှု၊ ရံခါတရစ်၊ မပြစ်စေရက်၊ အသက်ရှင်ရကြောင်း၊
ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊
ဝတ်တုစံပ၊ ဆောင်ရွက်စသား၊ ကုန်ကဖြည့်တင်း၊
ဖြန့်ဖြူးခြင်းဖြင့်၊ မတင်ရေမိုး၊ ဥယျာဉ်ပျူးသို့၊
မညှိုးမခေါင်၊ ကြီးမြင့်အောင်လျှင်၊ စောင်စောင်ပြတ်ပြတ်၊
ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည် ယေကလက်ဦး ဆရာတည်း။

(ကိုးခန်းပျို့)

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဖ ဆိုသည့်အတိုင်း သားသမီးတို့၏ လိမ်မာကျွမ်းကျင်မှုသည် မိဘတို့၏ လက်တွင်း၌သာရှိသည်။

**'သားသမီးမကောင်း မိဘခေါင်း'** ဆိုသောစကားအတိုင်း သားသမီးမကောင်းလျှင် မိဘတို့အပေါ်မှာသာ အပြစ်တင်လေ့

www.dhammaransi.com



ရှိကြ၏။ ဥပမာ–ကျွန်းသားကို အရုပ်ထုလုပ်ကြရာ၌ အရုပ် မကောင်းလျှင် ကျွန်းသားကို အပြစ်မတင်ဘဲ ထုလုပ်သော ပန်းပုဆရာကိုသာ အပြစ်တင်သကဲ့သို့တည်း။

– မိဘတို့ သားသမီးဆုံးမရာ၌ စာဏာကျနိတိတွင် အောက်ပါအတိုင်း လမ်းညွှန်ဖော်ပြထားသည်ကို တွေ့ရ၏။

–မွေးသည်မှ ငါးနှစ်အထိ သားသမီးကို လူကလေး၊ လုံမကလေး စသဖြင့် ချော့မော့ဆုံးမ,ရာ၏။

–ခြောက်နှစ်မှ ဆယ်နှစ်ရွယ်ရှိ သားသမီးကို ခြောက်တန်ခြောက်၊ ရိုက်တန်ရိုက်၍ ဆုံးမ,ရာ၏။

–ဆယ့်တစ်နှစ်မှ ဆယ့်ခြောက်နှစ်ရှိ သားသမီးကိုမူ မိတ်ဆွေကဲ့သို့ ပြုမူ၍ လိမ်မာရာ လိမ်မာကြောင်း နည်းလမ်းကောင်းတို့ကို ပြောပြသွန်သင်ကာ ဖြောင်းဖြောင်းဖျဖျ ဆုံးမရာ၏။

## သားသမီး ဆုံးမပုံများ

ဘုရားလောင်းရသေ့သည် မြို့သို့သွားအံ့သော သားငယ်ကို မကောင်းမှုမှ ရှောင်ကြဉ်စေခြင်း၊ အတတ်ပညာများကို တတ်မြောက်စေခြင်းများကို ပြုလုပ်စေပြီးလျှင် ဥပမာ ဥပမေယျများနှင့် လူမိုက်များကို မပေါင်းသင်းရန်၊ ပေါင်းသင်းက အကျိုးဆုတ်ယုတ်ပုံကို ဟောပြောလွှတ်လိုက်သည်။

(နဝနိပါတကမာလိဒ္ဒိရာဂဇာတ်)

www.dhammaransi.com



ရာဇဂြိုလ်ပြည်၌ သောတာပန်ဖြစ်သော သူဌေးသည်မိမိ၏ သား သိင်္ဂါလကို လိမ်မာရစ်စိမ့်သောငှာ သေခါနီး ညောင်စောင်းထက်မှ "ချစ်သား–နံနက်စောစော အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးပူဇော်လော့"ဟု ဆုံးမခဲ့သည်။

(သိင်္ဂါလသုတ်)

ဓနဉ္စယ သူဌေးကြီးသည် လင်အိမ်သို့ လိုက်သောသမီး ဝိသာခါကို စကားဆယ်ခွန်းဖြင့် မှာကြားဆုံးမ,ခဲ့သည်။

(၁) အတွင်းမီးကို အပြင်မထုတ်နှင့်။

(ယောက္ခမများ ကျေးဇူးမဲ့ကို သူတစ်ပါးအား မပြောနှင့်)

(၂) အပြင်မီးကိုလည်း အတွင်းမသွင်းနှင့်။

(အခြားသူများ၏ ကျေးဇူးမဲ့ကိုလည်း အိမ်မှာ မပြောနှင့်)

(၃) ပေးဖူးသူအား ပေးလေ။

(မိမိဥစ္စာကို ငှားရမ်း၍ ပေးဆပ်လာသောသူအား သာလျှင် ပေးရမည်)

(၄) မပေးလာသူအား မပေးနှင့်။

(မိမိဥစ္စာ ငှားရမ်းသည်ကို ပြန်မပေးဆောင်သောသူအား မပေးမငှားရ)

(၅) ပေးလာသောသူ၊ မပေးလာသောသူအား ပေးရမည်။

(ပေးလာသည်ဖြစ်စေ၊ မပေးလာသည်ဖြစ်စေ ဆင်းရဲနွမ်းပါးသော ဆွေမျိုးခင်ပွန်းတို့အား ပေးရမည်။)

www.dhammaransi.com



(၆) ချမ်းသာစွာ နေရမည်။
(ယောက္ခမ၊ လင် စသည်တို့ကို မြင်လျှင် ရိုသေစွာနေရမည်။)
(၇) ချမ်းသာစွာ အိပ်ရမည်။
(ယောက္ခမ၊ လင်ထက် အရင် မအိပ်ရ) ထိုသူတို့အား ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးမှ အိပ်ရမည်။
(၈) ချမ်းသာစွာ စားရမည်။
(ယောက္ခမ၊ လင်တို့ကို ကျွေးမွေးပြီးမှ မိမိစားရမည်။)
(၉) မီးကိုရိုသေစွာ ရှိခိုးရမည်။
(ယောက္ခမ၊ လင်တို့ကိုကြောက်ရွံ့ရိုသေရမည်။)
(၁၀) အိမ်တွင်းနတ်တို့ကိုလည်း ရိုသေစွာ ရှိခိုးရမည်။
(ယောက္ခမ၊ လင်တို့ကို အိမ်တွင်းနတ်ကဲ့သို့ ရိုသေလေးမြတ်စွာရှိခိုးခြင်း အမှုကို ပြုရမည်။)

ဖခင်ရသေ့ကြီးက သမီး ပန်ထွာမင်းသမီးကို ဆုံးမသည်မှာ–

–တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ပါစေနှင့်။
–လူဟောင်းကိုဖယ်ရှား၍ လူသစ်ကို ဂရုမစိုက်ပါနှင့်။
–ယုံကြည်လွယ်သောသဘောကို လက်ခံမထားပါနှင့်။
–ရှေးဟောင်းကိုပစ်၍ အသစ်ကို မလိုက်စားပါနှင့်။
–ကိုယ်ပိုင်ဉာဏ်မရှိလျှင် ထူးမကြံစည်ပါနှင့်။
–မမြင်နိုင်သော အနာဂတ်အရေးကို အတွေးကြီး မနေပါနှင့်။

www.dhammaransi.com



**ရင်ဝယ်ဖြစ်ငြား မွေးသည့်သားကို မယ်ဖွားမိခင် ဆုံးမသင် သို့** ဆိုသော ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ အရ မိဘတို့သည် သားသမီးတို့ကို ငယ်စဉ်ကပင် ဆုံးမသွန်သင်ကြရမည်။ သားမီးတို့ကို ငယ်စဉ်က မဆိုဆုံးမက–

**သည်းချာပုတ္တ၊ သားလူလုကို၊ နို့စွမြှောက်အား၊ လိုလိုက်ငြားက၊ တရားကင်းကွာ ပျက်စီးရှာလိမ့်** ဟူသော ဆုံးမ,စာကဲ့သို့ သားသမီးတို့ကို အလိုလိုက် ထားပြီး မဆုံးမ,လျှင် သားသမီးတို့ပျက်စီးကြလိမ့်မည်ဖြစ်သည်။

သားသမီးကို ငယ်စဉ်က မဆုံးမ,၍ အမိနားပြတ်သော ပုံပြင်တစ်ခုရှိသည်။ ထိုပုံပြင်မှာ–

အခါတစ်ပါး၌ တစ်ယောက်သော အမိသည် မိမိ၏ သားငယ် ခိုးယူလာတတ်သည်ကို တားမြစ်ပိတ်ပင်ခြင်း မရှိ သည့်အတွက် တစ်စတစ်စတက်ကာ ခိုးယူမှု ကျူးလွန်၍ မင်းက ဖမ်းဆီးပြီး ကားစင် အတင်ခံရသည်။ ထိုအခါ သားက အမိနှင့် စကားပြောလိုပါသည်ဟု တောင်းဆိုသည်။ မိခင်ကို အနားကပ် ပြောလိုပါသည်ဟု ပြောပြီး "မိခင် သင်သည် ကျွန်ုပ်ကို ငယ်စဉ်က မဆုံးမ၊ မတားမြစ်ခဲ့၍ ယခုကဲ့သို့ အသေဆိုးနှင့် ယခုသေရသည်" ဟုဆိုကာ အမိနားရွက်ကို ကိုက်ဖြတ်လိုက်လေသည်။

www.dhammaransi.com



ဤပုံဝတ္ထုအရ စကားပုံတွင်–

သားသမီးကို ငယ်က မဆုံးမက၊ မိဘတလည် ရန်သူမည်၏

ရွှေဟန်ဆင်ဓ[illegible]င်၊ ဟသ်ာဘောင်တွင်၊ အတောင် ဖြန့်ကာ၊ ဗျိုင်းပမာသို့၊ ပညာရှိလယ်၊ မတင့်တယ်နဲ့၊ အငယ် တည်းက၊ မဆုံးမ,သည်၊ မိဘတလည်၊ ရန်သူမည်၏။

ဟု ဆိုစမှတ်ပြုခဲ့သည်ကို တွေ့ရပါမည်။

www.dhammaransi.com

# အခန်း(၃)

# မိဘမေတ္တာ ပုံဥပမာများ

## မိခင်၏ မလျော့သောမေတ္တာ

တစ်ချိန်တွင် အလ္လာကပ္ပတိုင်း၌ အငတ်ဘေးကြီး ဆိုက် ရောက်လေသည်။ ထိုအခါ သောတုမာလိက အမည်ရှိသော သူဆင်းရဲသည် သားမယားနှင့်တကွ အသက်မွေးရန် မစွမ်းနိုင်တော့သဖြင့် ကောသမ္ဗီပြည်သို့သွားပြီး အသက်မွေး ဝမ်းကျောင်း ပြုရန် ကြံစည်လေသည်။

ထိုသို့ကြံစည်ပြီးနောက် ဇနီးကာဠီနှင့် မွေးကင်းစ သားငယ်ကပိကို ခေါ်ယူကာ ရိက္ခာထုပ်အနည်းငယ်ဖြင့် ကောသမ္ဗီပြည်သို့ ခရီးထွက်ခဲ့သည်။

ယူဆောင်လာသော ရိက္ခာက နည်း၊ ကောသမ္ဗီလမ်းခရီးကလည်း ဝေးသဖြင့် လမ်းခရီး၌ ရိက္ခာကုန်လေသည်။

www.dhammaransi.com



ရှိကွာကုန်သဖြင့် ဆာလောင်မွတ်သိပ်စွာနှင့်ပင် သားကို တစ်ယောက်တစ်လှည့်စီ ချီပွေ့မ,ပြီး ဆက်လက်ထွက်ခွါ ခဲ့ကြသည်။

များစွာဆာလောင်မွတ်သိပ်လွန်း၍ သားကလေးကို မချီနိုင်သောခါ လင်ဖြစ်သူက မယားကို–

“နှမ–ငါတို့အသက်ရှင်ရန် အရေးကြီးသည်၊ ငါတို့ အသက်ရှင်လျှင် သားကို နောက်ထပ်ရနိုင်သည်၊ သား နောက် ထပ် ရရန် မခဲယဉ်းပါ၊ သို့အတွက် သားကို လမ်းခုလပ်၌ ပစ်ထားခဲ့ကြပါစို့” ဟု တိုင်ပင်စကား ပြောကြားသည်။ ထို အခါ မယားက မိခင်တို့နှလုံးသားမည်သည် သားသမီးများ အပေါ်၌ အလွန်နူးညံ့သိမ်မွေ့စွာရှိသဖြင့်–

“အရှင်၊ ကျွန်မအသက်ရှင်နေသမျှ အသက်ရှင်နေသော သားကလေးကို ပစ်မထားရက်ပါ၊ သားကလေးကို အတူတူ ပါအောင် ခေါ်မည်၊ သေလျှင်လည်း အတူတူ သေပါမည်”

–ဟု ကန့်ကွက်စကားပြောကြားသည်။

လင်သည် ရှေ့အနည်းငယ် ခရီးဆက်လျက် ဆာလောင် မွတ်သိပ် မောပန်းလွန်းသဖြင့် သားကို မသယ်ယူနိုင်ဖြစ်လာပြန်၍ ရှေးနည်းအတိုင်း ထပ်ကာထပ်ကာ ပြောသည်။ မယားကလည်း ပြောတိုင်းပြောတိုင်း ကန့်ကွက်သည်။ ပြောဖန်များသော် မယား စကား တုံ့ပြန်ပင် မပြောတော့ချေ။

www.dhammaransi.com



သားအပေါ် ထားသောကြီးမားသောမေတ္တာကြောင့် မိဘတို့ အငတ်ဘေးနှင့် သေဘေးတည်းဟူသော ကမ္ဘာကြီး မီးလောင် နေသော်လည်း သားငယ်ကို ပစ်မထားရက်ပေ။ ကမ္ဘာ မီးလောင် သားကောင် ချ,မနင်းရက်ပေ။

ဤသို့ လင်တစ်လှည့် မယားတစ်လှည့်စီဖြင့် ပွေ့ချီလာခဲ့ရာ ဖခင်ဖြစ်သူ ချီအလှည့်သို့ အရောက်တွင် ဖခင်သည် မိမိ လက်ထဲက ကလေး အိပ်ပျော်နေသည်ကို သိလျှင် မိခင်ကို ရှေ့က သွားနှင့်စေပြီး ကလေးမိခင် ရှေ့သို့ အတော်ကလေး ရောက်သောအခါ ကလေးကို ခြုံပုတ်တစ်ခုထဲ၌ သိပ်ထားခဲ့ လေသည်။

မိခင်သည် နောက်သို့လှည့်ကြည့်၍ သားကို မတွေ့ သောအခါ လင်ထံ အလျင်အမြန်လာပြီး–

"အရှင်၊ ကျွန်မသားလေး အဘယ်နေရာမှာ ထားခဲ့ပါ သလဲ"

ဟု စိုးရိမ်သောက ပရိဒေဝမီး တောက်လောင်လျက် မေးလေသည်။

"ရှင်မ ခြုံပုတ်တစ်ခုထဲ၌ သိပ်ထားခဲ့သည်"

ဟု လင်က ဖြေသည်။

"အရှင်၊ ကျွန်မကို မသတ်ပါနှင့်၊ သားမရှိလျှင် ကျွန်မ နေရတော့မည် မဟုတ်ပါ၊ သေရမည်သာ ဖြစ်ပါသည်။ ကျွန်မ

www.dhammaransi.com



သားကို ယူပေးပါ" ဟုပြောကာ ရင်ပတ်အား ထုပြီး ငိုလေသည်။

ထိုအခါ လင်ဖြစ်သူသည် သားကို ပြန်ယူပေးရသည်။ သို့သော် သားကလေးသည် အစာအာဟာရပြတ်ပြီး လမ်းခုလတ်မှာပင် သေဆုံးရလေသည်။

(ဓမ္မပဒ-အပ္ပမာဒဝဂ်၊ သာမာဝတီဝတ္ထု)



www.dhammaransi.com



# သားဆိုးတို့အဖေ၏ ခွင့်လွှတ်ခြင်းမေတ္တာ

## ဖခင်အမွေ ခွဲယူကြ

မိဘတို့၏ပစ္စည်းများကို သုံးစွဲစားသောက်၍ မိဘများကို ပြန်၍ မလုပ်ကျွေးလျှင် သတ်ကြစတမ်းဟု လူတို့ ကတိကဝတ် ပြုထားသော အချိန်ကာလဖြစ်သည်။

သာဝတ္ထိပြည်ဝယ် ရှစ်သိန်းမျှ ချမ်းသာသော ပုဏ္ဏားအို တစ်ယောက်ရှိသည်။ ထိုပုဏ္ဏားအိုသည် အရွယ်ရောက်ကုန်သော သားလေးယောက်တို့ကို သင့်တော်ရာ မိန်းကလေးများနှင့် လက်ထပ်ထိမ်းမြားပေးပြီး သားတစ်ယောက်လျှင် တစ်သိန်းစီ ပေး၍ လက်ဖွဲ့ထားသည်။

မိခင်ပုဏ္ဏေးမ ကွယ်လွန်လတ်သော် သားတို့သည် ဤသို့ တိုင်ပင်ညီညွတ်ကြသည်။

"ဖခင် အကယ်၍ နောက်မိန်းမယူခဲ့လျှင် နောက်မိန်းမနှင့် ရသော သားသမီးတို့သည် ငါတို့မိဘများ၏ ဥစ္စာများကို သုံးဖြုန်းပစ်ကြလိမ့်မည်။ ယခု ငါတို့ဖခင်ကို ထောက်ပံ့လုပ်ကျွေး ကြမည်"

ဤသို့ တိုင်ပင်ညီညွတ်ကြပြီးနောက် ဖခင်ကို ကောင်း မွန်သော အစားအစာ အဝတ်အထည်တို့ကို ပေးကမ်း၍ စား သောက်ဝတ်ဆင်စေသည်။ ခြေဆုပ်လက်နယ်ပြု၍ ပြုစုလုပ်ကျွေး ကြသည်။

www.dhammaransi.com



တစ်နေ့ဝယ် ဖခင်ပုဏ္ဏားအိုကြီး အိပ်ရာမှ အထတွင် လက်ခြေတို့ကို ဆုပ်နယ်၍ အိမ်ထောင်ခြင်း၌ အပြစ်ကို မိမိတို့ သဘောပေါက်ကြသလို အသီးသီး ပြောကြသည်။ ထို့နောက် ဖခင်ကြီးကို–

"သားတို့သည် ဖခင်ကြီးကို ယခု လုပ်ကျွေးနေသည့် အတိုင်းပင် အသက်ထက်ဆုံး လုပ်ကျွေးကြပါမည်။ ကျန်ဥစ္စာများကို သားတို့အား ခွဲဝေပေးပါ" ဟု တောင်းပန်ပြောပြသည်။

ဖခင်ပုဏ္ဏားအိုကြီးသည် သားတို့၏ စကားကို ယုံကြည်ကာ သားတစ်ယောက်လျှင် နောက်ထပ်တစ်သိန်းစီ ခွဲဝေပေးသည်။ မိမိမှာမူ ဝတ်လောက်ရုံ၊ ခြုံလောက်ရုံသာ ချန်ထားပြီး အတွင်းအပြင် ပစ္စည်းအားလုံးတို့ကို ခွဲဝေပေးလိုက်လေသည်။

## ဖခင်လူမွဲ ဆဲရေးနှင်ကြပြီ

ထိုသို့ အားလုံးခွဲဝေပြီးသောသအခါ သားကြီးသည် ဖခင်ကို သုံးရက်လုပ်ကျွေးသည်။ သုံးရက်လွန် နောက်နေ့တွင် ချွေးမ ဖြစ်သူသည် တံခါးမှခ်၌ ရပ်လျက် ရေချိုးပြန်လာသော ယောက္ခမ ဖခင်ကို–

"သင်သည် အကြီးဆုံးဖြစ်သောသားအား တစ်ရာဖြစ်စေ၊ တစ်ထောင်ဖြစ်စေ အဘယ်မှာ ပိုပေးခြင်း ရှိလို့လဲ၊ သားလေးယောက်စလုံးအား အညီအမျှ နှစ်သိန်းစီ ပေးသည် မဟုတ်

www.dhammaransi.com



ပါလော၊ ကျန်သုံးယောက်အိမ်သို့သွားဖို့ လမ်းမသိဘူးလား”

ဟု မာမာတင်းတင်း ပြောပြီး ယောက္ခမအိုကို အိမ်က ထွက်သွားစေရန် ပြုမူဆောင်ရွက်လေသည်။

ယောက္ခမ ပုဏ္ဏားအိုကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်၍ -

“ဟယ်-သူယုတ်မ ပျက်စီးလေလော့”

ဟု ပြောဆိုပြီး အခြားသားတစ်ယောက်အိမ်သို့ ဆင်းသွားလေသည်။

နှစ်ရက်သုံးရက်ကြာသော် ထိုသား၏ မယားဖြစ်သူ ချွေးမကလည်း သားကြီးချွေးမကဲ့သို့ ယောက္ခမအိုကြီး ထွက်သွားစေရန် ပြုလုပ်ပြန်လေသည်။

ပုဏ္ဏားအိုကြီးသည် သားတစ်ယောက်အိမ် သွားပြန်သည်။ ထိုသား၏ မယား ချွေးမကလည်း ပထမသားများနည်းတူ ပြုမူဆောင်ရွက်ခြင်းကို ခံရပြန်သည်။ စတုတ္ထသားထံ သွားပြန်သောအခါတွင်လည်း ရှေးနည်းအတိုင်းပင် လုပ်ခံရပြန်သည်။

ပုဏ္ဏားအိုသည် သားတို့နှင်ထုတ်ခံရသဖြင့် ခိုကိုးရာမဲ့ဘဝ ရောက်ရလေသည်။ မည်သည့်သားအိမ်မှ ဝင်ထွက်ခွင့် မရသောအခါ အဝတ်ဖြူဝတ်သော သူတော်သူမြတ် ဘိုးသူတော် အဖြစ်ပြုလုပ်၍ ဆွမ်းခံစားရလေသည်။

www.dhammaransi.com



ကာလအတန်ကြာသော် ပုဏ္ဏားအိုသည် ဇရာကြောင့်လည်းကောင်း၊ **စိတ်ဆင်းရဲမှုကြောင့်လည်းကောင်း** အိုမင်းရင့်ရော်သထက် ရင့်ရော်လာခဲ့သည်။ အစားဆင်းရဲ၊ အနေဆင်းရဲမှုတို့ကြောင့် အမြဲညှိုးနွမ်းသော ကိုယ်စိတ်ဖြင့် နေရလေသည်။

တစ်နေ့တွင် ဆွမ်းခံပြန်လာပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲရှိသဖြင့် စိတ်မောပန်းကာ တစ်ရေးအိပ်လေသည်။ အိပ်ရာမှနိုးသောအခါ အိုမင်းရင့်ရော်ပြီး ပိန်ချုံးချိနဲ့နေသော မိမိကိုယ်ကိုကြည့်မိသည်။ သားများ၏ အားကိုးရာ ရရန်ကလည်း စဉ်းစားမရဖြစ်နေသည်။ ထိုခဏမှာပင် ရဟန်း ဂေါတမကို သတိရမိသည်။

## ဘုရားထံမှ နည်းမှန်ရပြီ

ရဟန်းဂေါတမသည် မျက်မှောင်မကြုတ်၊ ချိုသာသောမျက်နှာရှိသည်။ သူတစ်ပါး နာခံသာအောင် ပြောဆိုတတ်သည်။ သူတထူး ကောင်းရာကောင်းကြောင်း ညွှန်ကြားလျက် ပြောဆိုခြင်းဖြင့် လောကဝတ်ပြုခြင်း၌ လိမ္မာသည်။ ငါသည် ရဟန်းဂေါတမထံမှ ညွှန်ကြားချက် တစ်ခုခုကို ရယူသင့်သည်။

ဤသို့ စိတ်ကူးကြံစည်မိပြီးနောက် ဘုရားရှင်ထံသို့ သွားလေသည်။ ဘုရားရှင်ထံသို့ရောက်သော် သင့်တင့် လျောက်ပတ်သောနေရာ၌ နေသည်။

www.dhammaransi.com



ဘုရားရှင်သည် ပုဏ္ဏားအိုကိုမြင်၍ ဤသို့ မေးတော်မူသည်။

"ပုဏ္ဏားကြီး၊ သင်အဘယ်ကြောင့် ညှိုးနွမ်းနေရသနည်း"

"အရှင်ဂေါတမ၊ ကျွန်ုပ်၏ သားလေးယောက်တို့သည် ဥစ္စာပစ္စည်းများကို ကျွန်ုပ်ထံမှ လိမ်လည်လှည့်ဖြား ယူကြသည်။ ကျွန်ုပ်ထံ၌ ဥစ္စာ မရှိမှန်း သိသောအခါဝယ် မိမိမယားတို့နှင့် တိုင်ပင်ကြကုန်၍ ကျွန်ုပ်ကို အိမ်မှ နှင်ထုတ်ကြပါသည်" ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က ပုဏ္ဏားအိုကို ဤသို့သောစကားကို သင်ကြားပေးလေသည်။

"ပုဏ္ဏားကြီး၊ ဤသို့ဖြစ်လျှင် သင်သည် သင့်သားတို့ ပါဝင်သော လူထုစည်းဝေးပွဲ၌ ဤသို့ ပြောပါလေ။ ငါသည် သားတို့ဖြင့် နှစ်သက်ဝမ်းမြောက်ခဲ့ရပါသည်။ သားတို့၏ ကြီးပွားတိုးတက်ခြင်းကို လိုလားတောင့်တခဲ့ပါသည်။ ခွေးတို့သည် ဝက်ကို ဝိုင်းအုံကြကုန်၍ အော်ဟစ်ပြေးစေသကဲ့သို့ သားတို့သည် ငါ့ကို မယားတို့နှင့်တိုင်ပင်ကြကုန်၍ အော်ဟစ်ပြေးစေပါကုန်၏၊ နှင်ထုတ်ကြပါကုန်၏"

"သူတော်မဟုတ်၊ ယုတ်မာသော ဘီလူးတို့သည် သားအသွင်ဖြင့် ငါ့ကို "ဖခင်" 'ဖခင်" ဟု ခေါ်ဝေါ်ပြောဆိုကြကုန်သတတ် ၊ ထိုသားတို့သည် အိုမင်းရင့်ရော် အရွယ်လွန်

www.dhammaransi.com



သော ငါ့ကို စွန့်ပစ်ကြကုန်၏။ အိုမင်းသဖြင့် အသုံးမဝင်သော မြင်းကို အစာမကျွေးတော့သကဲ့သို့ သားတို့သည် အိုမင်းသော ဖခင်ကို အစာမကျွေးတော့သဖြင့် အိုမင်းသော ဖခင်သည် သူတစ်ပါးအိမ်၌ တောင်းစားနေရပါ၏"

"ငါ့မှာ စကားနားမထောင်သော သားတို့ ရှိကြပါကုန်၏။ ထိုသားတို့ထက် ငါ့တောင်ဝှေးကပင် ကောင်းသေး၏။ ငါ၏ တောင်ဝှေးသည် နွားကြမ်း၊ ခွေးကြမ်းတို့ကို မောင်းဖော်ရသေး၏။ မှောင်မိုက်သော်အခါ ရှေ့ကထား၍ သွားရ၏။ ရေနက်ထဲသို့ ဆင်းသော်အခါ ထောက်ရာတည်ရာကို ရသေး၏။ ချော်လဲသော်လည်း တောင်ဝှေးအစွမ်းဖြင့် တစ်ဖန်ရပ်တည်နိုင်၏။"

## သားတို့ကို သတိစေ

ပုဏ္ဏားအိုသည် ဘုရားရှင် သင်ပေးသောစကားကို သေချာစွာ မှတ်သားပြီး ပြန်လာခဲ့သည်။ သားတို့ပါဝင်သော လူထုအစည်းအဝေးနှင့်ကြုံတွေ့သောအခါဝယ် ပရိသတ် အလယ်သို့ ဝင်ပြီး ရပ်ကာ လက်ကိုမြှောက်လျက်–

"ပရိသတ်တို့၊ ငါစကားပြောလိုပါ၏၊ နားထောင်ကြပါ" ဟု အစချီလျက် ဘုရားရှင် သင်ကြားပေးလိုက်သည့်အတိုင်း အသံကျယ်ကျယ်ဖြင့် ပြောဆိုလေသည်။

ပုဏ္ဏားကြီး၏ စကားဆုံးသောအခါ ပရိသတ်တို့သည်

www.dhammaransi.com



မိဘာပစ္စည်းကိုစားပြီး မိဘာကိုပြန်ပြီး မလုပ်ကျွေးသောသားကို သတ်ကြစတမ်း ကတိကဝတ်အရ ပုဏ္ဏားကြီး၏ သားတို့ကို သတ်ရန် စီစဉ်ကြလေသည်။

ထိုအခါကျမှ သားတို့သည် ဖခင်ထံသို့ ပြေးသွားကာ ဖခင်၏ ခြေကိုဖက်ကာ ဦးတိုက်ရှိခိုးကြလျက်–

"ဖခင် သားတို့အသက်ကို ချမ်းသာပေးပါ"

ဟု တောင်းပန်ကြလေသည်။

## ဖခင်မေတ္တာ လွန်ကြင်နာ

မိဘတို့၏ နှလုံးသားသည် သားသမီးတို့အပေါ်ဝယ် အစဉ်ထာဝရ နူးညံ့စွာရှိခြင်း၊ သည်းခံခွင့်လွှတ်ခြင်းကြောင့် မိမိအပေါ်၌ ရက်စက်ထားသည် မှန်သော်လည်း သားတို့၏ သေဘေးကို မြင်ရသောအခါ အလွန်စိုးရိမ်ကြောင့်ကျ သနား မေတ္တာဝင်မိလေသည်။ သားတို့အပေါ်၌ အပြစ်ဟူသမျှ ခွင့်လွှတ် မိတော့သည်။ သို့အတွက် သားတို့ကို သတ်တော့မည့်ပရိသတ်ကို ဤသို့ အသနားခံ ဟောင်းပန်ပြောဆိုလေသည်။

"ပရိသတ်တို့၊ ငါ့သားတို့ကို မသတ်ကြပါကုန်လင့်၊ သားတို့သည် ငါ့ကို နောင်တွင် လုပ်ကျွေးကြပါလိမ့်မည်"

ပုဏ္ဏားအို၏ အသနားခံချက်ကို ကြားရသော ပရိသတ် တို့သည် သားတို့ကို ဤသို့ သတိပေးလေသည်။

www.dhammaransi.com



"မိတ်ဆွေတို့၊ သင်တို့သည် ယနေ့မှစ၍ ဖခင်ကို လုပ်ကျွေးကြပါ၊ သင်တို့သည် ဖခင်ကို ကောင်းစွာ မလုပ်ကျွေးကြလျှင် သင်တို့ကို ငါတို့ သတ်ရပါမည်"

ထိုအခါကျမှ ပုဏ္ဏားအို၏ သားလေးယောက်တို့သည် ကြောက်လန့်တကြားဖြစ်ပြီး ဖခင်ကို ထမ်းစင်ပေါ်၌ တင်၍ လေးယောက်အတူ ထမ်းယူပြီး အိမ်သို့သယ်ဆောင် သွားကြလေသည်။

အိမ်သို့ရောက်သောအခါ ဖခင်ကို ဆီဖြင့် လိမ်းကျံ ပွတ်တိုက်ပေးသည်။ နံ့သာမှုန့်စသည်တို့ဖြင့် ရေချိုးပေးကြသည်။ အဝတ်အစားသစ်တို့ကို ဝတ်ဆင်ပေးကြသည်။

ထို့နောက် မယားတို့ကို စုဝေးခေါ်စေပြီး မယားတို့ကို ဤသို့ ကျိန်းမောင်း ပြောဆိုကြသည်။

"သင်တို့သည် ယနေ့မှစ၍ ငါတို့ဖခင်ကို ကောင်းကောင်း မွန်မွန် လုပ်ကျွေးကြပါ၊ အကယ်၍ မေ့လျော့ပေါ့ဆပြီး မလုပ်ကျွေးကြလျှင် သင်တို့ကို အိမ်မှ နှင်ထုတ်ရလိမ့်မည်"

ထို့နောက် ဖခင်ကို မွန်မြတ်သောအစာတို့ကို ကျွေးမွေးစေသည်။ ပြီးလျှင် သားလေးယောက်တို့သည် ဝတ်စုံအသီးသီးဖြင့် ဖခင်ကို ကန်တော့ကြသည်။

ဖခင်ပုဏ္ဏားအိုကြီးသည် ချမ်းချမ်းသာသာ စားရအိပ်ရ၍ နှစ်ရက်သုံးရက်အကြာတွင် အားအင်ပြည့်ဖြိုးလာလေသည်။

www.dhammaransi.com



ထိုအခါမှစ၍ မယားများနှင့်တကွ သားလေးယောက်တို့သည် ဖခင်အိုကို ရိုရိုသေသေ လေးလေးစားစား ပြုစုလုပ်ကျွေးကြသည့်ပြင် ဖခင် ကြည်ညိုလေးစားသော ဘုရားရှင်ကိုပါ မိမိတို့၏ အိမ်အသီးသီးသို့ ပင့်ဆောင်ကြပြီး ဆွမ်းဆက်ကပ် လှူဒါန်းကြလေသည်။

အကြီးဆုံးသားသည် ရဟန်းငါးရာနှင့်တကွ ဘုရားရှင်ကို မင်္ဂလာဆွမ်းအထူး ပင့်ဖိတ်၍ ကပ်သောအခါ ဘုရားရှင်ကို ဤသို့လျှောက်ထားလေသည်။

"အရှင်ဂေါတမ တပည့်တော်တို့သည် ဖခင်ကို လုပ်ကျွေးကြပါကုန်၏။ မမေ့မလျော့ကြပါကုန်၊ ဖခင်၏ ကိုယ်ကိုသာ ကြည့်တော်မူပါဘုရား"

ထိုအခါ ဘုရားရှင်က–

"သင်တို့သည် ကောင်းသည့်အမှုကိုသာ ပြုလုပ်ကြကုန်၏။ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်းမည်သည် ရှေးပညာရှိတို့၏ အလေ့အကျက်သာ ဖြစ်သည်" ဟု မိန့်ကြားတော်မူပြီး "မာတုပေါသက" ဇာတ်တော်ကို ဟောတော်မူသည်။

ဘုရားရှင်၏ တရားအဆုံး၌ သားအဖငွေးမကိုးယောက်တို့သည် သောတာပန်ဖြစ်ကြလေသည်။

**(သဂါထာဝဂ်၊ ဗြာဟ္မဏသံယုတ်၊ မဟာသာလသုတ်)**

**(ဓမ္မပဒအဋ္ဌကထာ၊ မှရိစ်သွဗြာဟ္မဏဝတ္ထု)**

www.dhammaransi.com



ဤ၀တ္ထုဇာတ်လမ်းတွင် ဖခင်ပုဏ္ဏားအိုကြီးသည် မိမိပစ္စည်းကိုလည်း ယူ၊ မိမိကိုလည်း စားရမဲ့ သောက်ရမဲ့ ဘ၀ရောက်အောင်ပြုလုပ်သော သားတို့ကို သားတို့ သေဘေးနှင့်ကြုံတွေ့ရသောအခါ ကြီးမားသော မိဘမေတ္တာဖြင့် ခွင့်လွှတ်ပုံသည် မိဘတို့၏ တုနှိုင်းမရသော မေတ္တာပင်ဖြစ်ပါသည်။

# သားလေးအသက် သူခိုးလက်မှ လွှတ်ပါစေ

## မိဘလုပ်ကျွေး သားလိမ္မာလေး

ရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် တစ်ခုသော ဘ၀၀ယ် ဗာရာဏသီမြို့၌ ဆင်းရဲသားအမျိုးသားတစ်ယောက် ဖြစ်လေသည်။ မိဘတို့သည် မျက်စိမမြင်ကြသဖြင့် ထို အမျိုးသားသည် ကိုယ်တိုင်ပင် လယ်ထွန်ခြင်း၊ ဆန်ဖွပ်ခြင်း၊ ထမင်းဟင်းချက်ခြင်း၊ သောက်ရေသုံးရေခပ်ခြင်း စသော လယ်အလုပ်၊ အိမ်အလုပ်တို့ကို တစ်ဦးတည်း လုပ်ကိုင်ပြီး မိဘတို့ကို လုပ်ကျွေးပြုစုနေလေသည်။

ဤကဲ့သို့ သားတစ်ယောက်တည်း လက်မလည်အောင် ပင်ပန်းကြီးစွာ အလုပ်လုပ်နေရသည်ကို မိဘတို့က မရှုရက်သဖြင့် သားကို အိမ်ထောင်ချပေးရန် စီစဉ်တိုင်ပင်ကြလေသည်။ သားကိုလည်း အိမ်ထောင်ပြုရန် တိုက်တွန်းကြသည်။

www.dhammaransi.com



ထိုအခါ အမျိုးသားက–

"မိခင်ဖခင်တို့– သင်တို့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ကိုတ်တိုင်ပဲ ပြုစုလုပ်ကျွေးနေပါမည်၊ သား အိမ်ထောင်မပြုလိုပါ"

ဟု တားမြစ်ပယ်ရှားလေသည်။

သို့သော် မိဘတို့သည် သားတစ်ယောက်တည်း ပင်ပန်းကြီးစွာ လုပ်နေရသည်ကို မမြင်ရက်၊ မကြည့်ရက်ကြသဖြင့် အိမ်ထောင်ပြုရန် အတန်တန် တိုက်တွန်းကြသည်။ ထိုအခါကျမှ အမျိုးသားသည် မိဘတို့၏ စကားကို မပယ်လိုသဖြင့် မိဘစကားကို နားထောင်ကာ အိမ်ထောင်ပြုရန် သဘောတူလေသည်။ ထိုအခါ မိဘတို့သည် သင့်တော်ရာအမျိုးအနွယ်မှ အမျိုးသမီးတစ်ဦးကို ခေါ်ဆောင်ကာ သားကို အိမ်ထောင်ချပေးကြသည်။

## မယားမာယာ မိုက်မဲစွာကြံ

အမျိုးသမီးသည် နှစ်ရက်သုံးရက်လောက်သာ မျက်မမြင်ယောက္ခမတို့ကို ပြုစုလုပ်ကျွေးသည်။ နောက်တွင် ယောက္ခမများကို ပြုစုကျွေးမွေးဖို့ မဆိုထားဘိ၊ ကြည့်မြင်လိုသော ဆန္ဒသော်မျှ မရှိဖြစ်လေသည်။

သို့အတွက် အလုပ်မှ ပြန်လာသောလင်ကို–

"မောင်–ကျွန်မရှင့်မိဘများနှင့် အတူမနေနိုင်တော့ပါ"

www.dhammaransi.com



ဟုပြောဆိုလေသည်။ လင်က မယားကို နှစ်သိမ့်သည်။ သို့သော် ခဏခဏပင် ယောက္ခမတွေ ဆိုးရွားကြောင်းကို လင်ကို တိုင်တည်သည်။ ယောက္ခမများနှင့် မနေနိုင်တော့ကြောင်း နားပူနားဆာ လုပ်လေသည်။

လင်ဖြစ်သူက မယားကိုနှစ်သိမ့်လိုက်၊ မကြားသလို လုပ်နေလိုက်နှင့် လုပ်နေခဲ့သည်။

တစ်နေ့ ယောကျ်ား အလုပ်သွားနေခိုက်ဝယ် မယားသည် လင်ဖြစ်သူ ပြန်လာခါနီး၌ သင်ပေါင်းလျှော်အပိုင်းအစများနှင့် ဆံပြုတ်အမြှုပ်အဖတ်များကို အိမ်ကြမ်းပြင် နေရာအနှံ့၌ ကြဲဖြန့်ထားလေသည်။

လင်ယောကျ်ား အလုပ်မှပြန်လာ၍ ထိုအရာများကို တွေ့မြင်သော်–

"သည်ဟာတွေ မည်သူလုပ်ထားသနည်း" ဟုမေးသည်။ ထိုအခါ မယားက–

"ဘယ်သူလုပ်ရမလဲ၊ သင့်မိဘ အကန်းတွေ လုပ်တာပေါ့၊ တစ်အိမ်လုံး ရစရာ မရှိ၊ နေစရာမရှိဖြစ်အောင် ညစ်ပတ်ပေရေ လုပ်ကြသည်။ ကျွန်မ သင့်မိဘအကန်းတို့နှင့် ရှေ့ဆက်နေလို့ မရတော့ပါဘူး"

ဟု ယောက္ခမများကို ခွဲမထုတ် ထုတ်အောင် ပရိယာယ် ဉာဏ်ဆင်၍ နားပူနားဆာ လုပ်ပြန်လေသည်။

www.dhammaransi.com



ဤနည်းအတိုင်း မယားဖြစ်သူက လင်ကို နားပူ နားဆာ လုပ်သော်–

'ပြောပါများ မယားစကားအောင်' ဆိုသည့်အတိုင်း လင်ဖြစ်သူသည် မယားစကားကို ယုံကြည်လိုက်နာကာ–

"ရှိပါစေ၊ သူတို့ ငါ့အကြောင်း သိစေရမည်"

ဟု မိဘတို့ကို ကြိမ်းလေတော့သည်။

## မဘက်လိုက်တော့ မိုက်ဘက်ပါ

မ,ဘက်လိုက်တော့ မိုက်ဘက်ပါ ဆိုသည့်အတိုင်း တစ်နေ့တွင် အကြံဖြင့် မိဘတို့ကို ချော့မော့၍–

"အမေတို့၊ အဖေတို့၊ ဤမည်သောအရပ်က ဆွေမျိုးများသည် အဖေတို့၊ အမေတို့ကို သူတို့ထံ လာလည် စေချင်ကြသည်။ ဆွေမျိုးများထံ သွားကြစို့၊ ကျွန်တော် လိုက်ပို့ပါမည်" ဟုပြောပြလေသည်။

မိဘတို့ကလည်း သားစကားကိုယုံကာ သားပြောပြသည့်အတိုင်း ဆွေမျိုးများထံ သွားရောက်လည်ပတ်ရန် သဘောတူကြလေသည်။ အမျိုးသားသည် မိဘတို့ကို လှည်းပေါ်တင်ကာ ခေါ်ယူခဲ့သည်။ တောအုပ်တစ်ခု အလယ်သို့ရောက်သော အခါဝယ်–

www.dhammaransi.com



"ဖခင် ဤကြိုးကို ကိုင်ထားပါ၊ နွားတို့သည် နှင်တံ အမှတ်အသားဖြင့် သွားကြပါလိမ့်မည်၊ ဤတောအုပ်နေရာ၌ ခိုးသူတို့ နေကြပါသည်။ ကျွန်တော် အောက်က ဆင်း၍သွားပြီး အခြေအနေ စောင့်ကြည့်ပါမည်" ဟု ပြောဆိုကာ လှည်းပေါ်မှ ဆင်းသွားခဲ့လေသည်။ မျက်မမြင်ဖခင်အိုသည် နွားကြိုးတို့ကို ကိုင်ကာ တုတ်နှင်တံဖြင့် ကြိမ်းမောင်းလျက် လှည်းကို ဆက်မောင်းခဲ့သည်။

လှည်းအတန်သို့ရောက်သော် သားသည် ခိုးသူတို့ လာသံပြုလျက် ခိုးသူတို့အသံဖြင့် ကြွေးကြော်အော်ဟစ်လေသည်။ မိဘတို့သည် ခိုးသူတို့၏အသံကို ကြားရသော် မိမိတို့ အသက်ဘေးကို မစိုးရိမ်ကြဘဲ သားလေးအပေါ် ကြီးမားသော ကရုဏာ မေတ္တာထား စိုးရိမ်ကြကာ-

"သားလေး- ခိုးသူတို့ လာကြပြီ၊ သားလေး လွတ်အောင်ပြေးပါ၊ ငါတို့တော့ အိုကြပြီ၊ သေချင်သေပါစေ၊ ငါ့သားသာ လွတ်အောင်ပြေးပါတော့" ဟု စိုးရိမ်တကြီး အော်ဟစ် သတိပေးကြသည်။

သားသည် မိဘတို့၏ သားကိုချစ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ဤသို့ ဟစ်အော်ပါသော်လည်း သနားမဖက် ရက်စက်စွာဖြင့် ခိုးသူအသံပြု၍ ရိုက်နှက်မှုတ်ခတ်ကာ တောအုပ်၌ ပစ်ထားခဲ့လေသည်။

www.dhammaransi.com



မိဘတို့သည် ဓါးပြခိုးသားတို့ ရိုက်နှက်နေစဉ်မှာပင် မိမိတို့ နာကြည်ခံစားရသော ဆင်းရဲဝေဒနာကို ဂရုမထားနိုင်ကြဘဲ သားလေး ခိုးသားတို့လက်မှ လွတ်မြောက်ရေးအတွက်သာ တညည်းညည်း တညူညူ သတိပေးစကားပြောအော်ဟစ်နေလေသည်။

သားသည် မိဘတို့ကို ရိုက်နှက်ပစ်ထားခဲ့ပြီး၍ အတန်ကြာသွားပြီးသော်မှ မိဘတို့က မိမိအပေါ်၌ ခိုးသူဘေးမှ လွတ်အောင်မေတ္တာထားကာ ပြောဆိုသံကို သတိရပြီး–

"ငါ၏မိဘတို့သည် အသက်ကို မငဲ့ကွက်ကြ၊ ငါ့အတွက်သာ ငဲ့ကွက်ကြသည်၊ ငါသည် ကျေးဇူးကြီး၍ မေတ္တာကရုဏာကြီးမားသော မိဘတို့ကို မရက်စက်သင့်" ဟု သဘောပေါက်ကာ မိဘတို့ကို လှည်းပေါ်၌ ပြန်တင်ပြီး အိမ်သို့ပြန်ခေါ်ကာ ကောင်းမွန်စွာ ပြုစုလုပ်ကျွေးခဲ့သည်။

မယားဘက်ကိုလိုက်၍ သားမိုက်ဖြစ်ရသော ရှင်မဟာမောဂ္ဂလာန်လောင်းသည် ဤမိဘတို့အပေါ်၌ မကောင်းမှုကံပြုလုပ်ခဲ့ခြင်းကြောင့် သေသည်၏အခြားမဲ့၌ အဝီစိငရဲရောက်ကာ အသိန်းမက များပြားလှစွာသော နှစ်တို့ပတ်လုံး ခံစားရသည်။ ဘဝပေါင်းတစ်ရာလည်း ခိုးသားတို့၏ အသတ်ကို ခံရလေသည်။

နောက်ဆုံးဘဝ၌လည်း ခိုးသားတို့သတ်၍ ပရိနိဗ္ဗာန်ပြုရသည်။ ဤမျှအထိ ဝဋ်လိုက်၍ ခံရလေသည်။

www.dhammaransi.com



ဤအဖြစ်အပျက်ဇာတ်လမ်းတွင် မိဘတို့သည် မိမိတို့အသက်ကိုပင် အသေခံသည်အထိ သားကိုချစ်သည်။ မိမိတို့အသက်ရှင်ရေးထက် သားအသက်ရှင်ရေးကို အလေးထားသည်။ ကြီးမားသော မိဘမေတ္တာတရားသည် အဘယ်မျှအတိုင်းအရှည် မရှိသည်ကို သိကြရလေသည်။

## သတ်လိုလျှင်သတ်ပါစေတော့ မလျှော့သော မိဘမေတ္တာ

### မိဖုရားကြီး၏ ချဉ်ခြင်းတပ်မှု

မာဂဓတိုင်းကို အစိုးရပြီး ရာဇဂြိုဟ်မင်းနေပြည်တော်၌ ထီးနန်းအုပ်ချုပ် မင်းလုပ်သော ဘုရင်ဗိမ္ဗိသာရ၏ မိဖုရားကြီး ဝေဒေဟီသည် တစ်နေ့သ၌ သန္ဓေခ,လေသည်။ ထိုသန္ဓေတည်သောအချိန်မှစ၍ မိဘုရားကြီး ဝေဒေဟီတွင် ဤသို့ချဉ်ခြင်းတပ်လေသည်။

"ငါသည် မင်းကြီး၏ လက်ျာလက်ရုံးသွေးကို သောက်ရပါမှ ကောင်းလေစွ"

မိဖုရားကြီးသည် ဤသို့သော ချင်ခြင်း ပြင်းပြစွာတပ်သော်လည်း မည်သူ့ကိုမျှ မပြောဝံ့ချေ။ ပြောမိ၍ မင်းကြီးသိက ရာဇဝတ်ဘေး သင့်မည်ကိုလည်း စိုးရိမ်ကြောင့်ကြလျက်ရှိသည်။

www.dhammaransi.com



မင်းကြီး၏ လက်ရုံးသွေးကို သောက်လိုသော ချင်ခြင်းကလည်း ပြင်းပြစွာတပ်၊ မည်သူ့ကိုမျှလည်း ဖွင့်မပြောရဲဖြင့် မိဖုရားကြီးမှာ စိတ်သောက ဝေဒနာ ပြင်းထန်စွာဖြစ်ပြီး မစားနိုင်၊ မအိပ်နိုင်ဖြစ်ကာ တစ်နေ့တစ်ခြား လုံးပါးပါးပြီး ပိန်ချုံးကျလာလေသည်။

ဤသို့ မိဖုရားကြီး ရုပ်ပျက်ဆင်းပျက် ဖြစ်လာသည်ကို မြင်ရသော မင်းကြီးသည် မိဖုရားကြီးကို–

"ရှင်မိဖုရားကြီး၊ သင်၏ ကိုယ်သည် ပင်ကိုယ်အဆင်းယခင်တုန်းကကဲ့သို့ မဟုတ်တော့၊ အဘယ်ကဲ့သို့ ဖြစ်နေပါသနည်း" ဟု မေးတော်မူလေသည်။

"အရှင်မင်းကြီး၊ မေးတော်မမူပါနှင့်" ဟု မိဖုရားကြီးက သံတော်ဦး တင်လေသည်။

မင်းကြီးက မိဖုရားကြီးကို နည်းအမျိုးမျိုးဖြင့် မေးတော်မူသည်။ မိဖုရားကြီးက အကြောင်းမှန် မလျှောက်ထားဝံ့၍ မလျှောက်ထားချေ။

"ရှင်မ မိဖုရားကြီး၊ သင်၏ အလိုဆန္ဒကို ငါ့ကိုမှ မပြောလျှင် ဘယ်သူ့ကို ပြောမည်နည်း"

ဟု မင်းကြီးက မခံချင်အောင် ကဲ့ရဲ့ပြောဆိုသောအခါမှ မိဖုရားကြီးသည် မတတ်သာသည့်အဆုံး မိမိ၏ချင်ခြင်းတပ်သည့်အကြောင်းစုံကို ဖွင့်ဟလျှောက်ထားလေသည်။

www.dhammaransi.com



## လက်ရုံးသွေးကို ဖောက်ကျွေးလိုက်ပြီ

မင်းကြီးသည် မိဖုရားကြီး ဝမ်းကြာတိုက်၌ တည်သော သန္ဓေသားအပေါ်၌ ချစ်စိတ်လွှမ်းမိုးကာ -

"ဟယ်-အမိုက်မ၊ အဘယ်ကြောင့် ငါ့ကိုပြောပြရန် ဝန်လေးနေရသနည်း"

ဟု မြည်တွန်တောက်တီးကာ ပြောပြောဆိုဆို ဆေးဆရာကို ခေါ်စေကာ ဆေးဆရာ ရောက်သောအခါ၌ ရွှေဓားငယ်ဖြင့် လက်ျာလက်ရုံးကို ဖောက်စေပြီးလျှင် ရွှေခွက်ငယ်ဖြင့် ခံယူကာ ရေနှင့်ရောစပ်၍ မိဖုရားကို တိုက်ကျွေးလေသည်။

မိဖုရားကြီးသည် မင်းကြီး၏ လက်ျာလက်ရုံးသွေးကို သောက်ရသောအခါဝယ် ချင်ခြင်းတပ်ပြေပြီး စိတ်လက်ကြည်သာ ချမ်းမြေ့စွာ ဖြစ်သွားရလေသည်။

မင်းကြီးသည် ပုဏ္ဏားတို့ကို ချက်ချင်းခေါ်တော်မူ၍ မိဖုရားကြီး၏ ချင်ခြင်းတပ်ခြင်းအကြောင်းကို မိန့်ကြားပြီး ထို ချင်ခြင်းတပ်ခြင်းအတွက် အဘယ်သို့သော အကျိုးများ ဖြစ်ပေါ်လာမည်နည်းဟု မေးတော်မူလေသည်။

နိမိတ်ဖတ် ပုဏ္ဏားတို့သည် သေချာစွာ တွက်ချက်ကြပြီးလျှင်-

"မိဖုရားကြီးဝမ်း၌တည်သော သန္ဓေသားသည် ဘုရင်မင်းမြတ်၏ ရန်သူဖြစ်မည့်သူဖြစ်သည်။ ခမည်းတော် ကိုသတ်၍

www.dhammaransi.com



နန်းရပ်ထီးဖြူ လုယူမည့်သား ဖြစ်ပါသည်” ဟုလျှောက်ထား ကြလေသည်။

ဘုရင်ဗိမ္ဗိသာရသည် သားအပေါ်၌ ချစ်ခြင်းမေတ္တာ ကြီးမားလှသည့်အတွက် ပုဏ္ဏားတို့၏ နိမိတ်ဖတ်သည်ကို ကြားသိသော်လည်း သန္ဓေသားအပေါ်ဝယ် မည်သို့မျှ အရေးယူ ဆောင်ရွက်ခြင်း မပြုချေ။

**အဖသတ်သား မလိုချင်ပါ**

မိဖုရားကြီးမှာမူ ထိုနိမိတ်သတင်းကိုကြားလျှင်–

“ငါ၏ဝမ်းမှ ဖွားမည့်သူငယ်သည် မင်းကြီး၏ ရန်သူ ဖြစ်မည်။ မင်းကြီးကို သတ်မည့်သားဖြစ်သည်။ မင်းကြီးကို သတ်မည့်သားကို ငါ ဘာပြုလို့ မွေးထုတ်ရမည်နည်း”

ဟု မင်းကြီးအပေါ်၌ ချစ်ခြင်းမေတ္တာကြီးမားခြင်းနှင့် စိုးရိမ်မှုကြီးမားခြင်းဖြစ်ကာ သန္ဓေသားပျက်ကျအောင် ဗိုက်ကို နှိပ်နယ်စေသည်။

ထိုအကြောင်းကိုသိလျှင် မင်းကြီးသည် သန္ဓေသားအပေါ်၌ ချစ်ခြင်းမေတ္တာတရား ကြီးမားလှသည့်အတွက် မိဖုရားကြီး ကိုခေါ်ကာ ဤသို့မိန့်ကြား တားမြစ်လေသည်။

“ရှင်မ မိဖုရားကြီး ငါသည် မသေဘဲ နေရမည်မဟုတ်။ ငါ့သားသည် ငါ့ကို သတ်ချင်သတ်ပါစေ၊ မွေးလာမည့်

www.dhammaransi.com



သားမျက်နှာလေးကိုသာ ငါ မြင်ပါရစေ၊ ငါ့ကို သားမျက်နှာ မြင်ရလေအောင်သာ သင်မိဖုရား အကူအညီပေးပါ၊ ယနေ့မှစ၍ ကိုယ်ဝန်ပျက်ကျစေသော ဤအပြုအမူမျိုးကို မလုပ်ပါနှင့်တော့"

မိဖုရားကြီးသည် မင်းကြီးက မည်သို့ပင် တားမြစ် သော်လည်း အဖသတ်မည့် သားကို မွေးရမှာကို အလွန် ဝန်လေးလှသည့်အတွက် သားကိုဆက်လက်ဖျက်ချရန် ဥယျာဉ်တော်သို့ မကြာခဏ သွား၍ ဗိုက်ကို အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် နှိပ်နယ်ခိုင်းလေသည်။ သို့သော် ကိုယ်ဝန်ကား မကျချေ။

**သားကိုမသတ်ပါနှင့်**

မင်းကြီးသည် မိဖုရားကြီး ဥယျာဉ်တော်သို့ ခဏခဏ ထွက်သည်ကို သင်္ကာမကင်း ဖြစ်လာ၍–

"အဘယ်အတွက် မိဖုရားကြီးသည် ဥယျာဉ်တော်သို့ မကြာခဏ ထွက်သွားနေပါသနည်း"

ဟု အကြောင်းစုံကို စုံစမ်းလေသည်။ ကိုယ်ဝန် ဖျက်ချသောအကြောင်းကိုသိ၍ မင်းကြီးသည် မိဖုရားကြီးကို ထပ်မံ ခေါ်ကာ–

"ရှင်မ မိဖုရားကြီး၊ သည်ဝမ်း၌ဖြစ်သော သူငယ်သည် သားဖြစ်သည် သမီးဖြစ်သည်ဟု သေချာစွာ မသိရသေးပါ၊ မိဖုရားကြီးသည် မိမိ၌ ဖြစ်လာသော ကိုယ်ဝန်ကို ဖျက်ချသတဲ့

www.dhammaransi.com



ဟူ၍ မကောင်းသတင်း ဇမ္ဗူဒိပ်တစ်ဝှမ်းလုံး၌ ပျံ့နှံ့ကျော်ကြား သွားလိမ့်မည်။ နောင်ကို ဤကဲ့သို့ အမှုကို ဆက်လက် မလုပ်ပါနှင့်"

ဟု ပြောဆိုကာ ဥယျာဉ်သွားခြင်းကို တားမြစ်လေသည်။ အစောင့်များကိုလည်း ချထားပေးလေသည်။

မိဖုရားကြီးသည် ကိုယ်ဝန်နှင့် သတ်ခွင့်မရသောအခါ ဖွားသောအခါမှ သတ်မည်ဟု ကြံစည်ကာ ကိုယ်ဝန်ကို မင်းကြီး၏ အလိုဆန္ဒအတိုင်း စောင့်ရှောက်လာခဲ့လေသည်။ ဆယ်လစေ့၍ သားဖွားသောအခါ အစောင့်အရှောက်များသည် သူငယ်ကို မိဖုရားကြီး မသတ်နိုင်စေရန် လွတ်ရာသို့ ယူဆောင်သွားသဖြင့် သတ်ခွင့်မရပေ။

## သားအချစ် မိမေတ္တာ

အစောင့်အရှောက်များသည် မင်းသား အတန်ငယ် ကြီးလာသောအခါကျမှ မိဖုရားကြီးကို ပြကြလေသည်။ မိဖုရားကြီးသည် သားကိုမြင်လျှင်မြင်ချင်း သား၌ဖြစ်ပေါ်လာသော အတိုင်းမသိ မိခင်မေတ္တာကြောင့် သားကို မသတ်ရက်တော့ဘဲ ရင်ခွင်တွင်းသို့ သွတ်သွင်းထားမိလေသည်။

လင်အပေါ်၌ ချစ်မြတ်နိုး၍ လင်ကိုသတ်မည့်သားကို မလိုချင်သော မိဖုရားကြီးသည် သားကိုမြင်လိုက်ရသောအခါ

www.dhammaransi.com



လင်ထက် သားဘက်သို့ ဖောက်ထိုး စိုးမိုးသွားခြင်း ခံရလေတော့သည်။

## အမည် အဇာတသတ်

သားတော်လေးကို အမည်ပေး မင်္ဂလာပွဲ ဆင်ယင်ကျင်းပသောအခါဝယ် မဖွားမီကပင် ဤမိဖုရားဝမ်း၌ဖြစ်သောသူငယ်သည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီး၏ ရန်သူဖြစ်မည့်သူငယ်တည်း၊ ခမည်းတော် ဗိမ္ဗိသာရကို သတ်မည့်သူငယ်တည်းဟု နိမိတ်ဖတ်ပုဏ္ဏားတို့ ညွှန်ပြဟောပြော နိမိတ်ဖတ်သောကြောင့် မင်းသားကို 'အဇာတသတ်'ဟု အမည်ပေးကြသည်။

## သားကိုချစ်သော မင်းကြီး

မင်းကြီးသည် သားတော် အဇာတသတ်ကို မိမိကို သတ်မည့်သူမှန်းသိလျက် မင်းသားအပေါ်၌ ဖခင်အချစ် မေတ္တာသည် မပျက်ပြယ်ခဲ့ချေ။ တိုး၍တိုး၍သာ ချစ်ခဲ့လေသည်။

တစ်နေ့တွင် သားငယ်၏လက်၌ ရွနာပေါက်လေသည်။ အနာကြောင့် သားငယ်သည် သည်းစွာ ငိုလေရာ မည်သူမျှ အငိုတိတ်အောင် မချော့နိုင်ကြပေ။ သားကိုချီဆောင်၍ တရားဆုံးဖြတ်ရာအရပ်၌နေသော ခမည်းတော် ဗိမ္ဗိသာရထံသို့ ပို့ကြလေသည်။ ဗိမ္ဗိသာရသည် သားကို အငိုတိတ်အောင် ရွနာ

www.dhammaransi.com



ပေါက်နေသော အဇာတသတ်၏ လက်ချောင်းကလေးကို ပါးစပ် ထဲ၌ ငုံ၍ တရားစီရင်ရလေသည်။ပါးစပ်ထဲ၌ ငုံထားစဉ် ခုနာ သည် ပြည်ပေါက်လေသည်။ မင်းကြီးသည် သားကို ချစ်လှသော ကြောင့် လက်ချောင်းကလေးကို ပါးစပ်မှ နှုတ်လိုက်၍ ပြည်များကို ထွေးချလိုက်လျှင် သားလေး နာမည်စိုး၍ သွေးနှင့်ရောသော ပြည်ပုပ်တို့ကို မထွေးဘဲ မျိုချခဲ့လေသည်။

တစ်ဖန် တစ်နေ့တွင် ဘုရားအမှူးရှိသော ရဟန်းသံဃာ တို့ကို ဆွမ်းကပ်ပြီးလျှင် တရားနာရန် စီစဉ်နေ၏။ ထိုအခါ မင်းသားငယ်ကို တန်ဆာဆင်၍ မင်းကြီးကို ပေးကြရာ မင်းကြီးသည် သားအပေါ်၌ အားကြီးသော ချစ်ခြင်းဖြင့် သား ကိုယူကာ ပေါင်ပေါ်၌ ထိုင်စေသည်။ သားအပေါ်၌ ဖြစ်သော ချစ်ခြင်းမေတ္တာကြောင့် သားကို မြတ်နိုးနေလျက် တရားကိုပင် မနာနိုင်ချေ။

**အိမ်ရှေ့မင်းအရာ အပ်နှင်းခြင်း**

ဘုရင်ဗိမ္ဗိသာရသည် သားတော်အပေါ်ဝယ် အလွန် ချစ် မြတ်နိုးလှသည်။ သားတော်လေး အရွယ်ရောက်စပင် သား တော်အား အိမ်ရှေ့မင်းအရာ ပေးအပ်နှင်းလေသည်။

www.dhammaransi.com



## အဇာတသတ်မင်းသား ဒေဝဒတ် လှည့်ဖြားခံရခြင်း

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၊ ပါဝါရိတာရုံကျောင်း၊ ကုက္ကုဋာရုံကျောင်းတို့၌ စံနေတော်မူစဉ် ဃောသကသူဌေး အစရှိကုန်သော ဥပါသကာ၊ ဥပါသကာတို့သည် ကျောင်းတော်သို့ ဆည်းကပ်ကြကုန်သည် ရှိသော် သံဃာတော်တို့ကို အမည်ဖြင့် အသီးသီး မေးမြန်းကြသည်။

"အရှင်သာရိပုတြာကား အဘယ်ကျောင်းမှာ သီတင်းသုံးပါသနည်း"

"အရှင်မောဂ္ဂလာန်ကား အဘယ်မှာနည်း"

"အရှင်အာနန္ဒာကား အဘယ်မှာနည်း"

စသည်ဖြင့် မေးမြန်း၍ လှူဒါန်းပူဇော်ဖွယ်နှင့် တကွ အသီးအသီး ဆည်းကပ်ကြကုန်သည်။

ကန္နားမဏ္ဍပ် ဇရပ်ပွဲပြင် အလှူသဘင်တို့၌ မင်္ဂလာပြု၍ စည်းဝေးသောအခါ၌လည်း-

"ရှင်သာရိပုတြာကား ငါတို့ ဆရာတည်း၊ အလွန်ပညာကြီးကျယ်လှ၏"

"ငါတို့ဆရာကား အရှင်မောဂ္ဂလာန်တည်း၊ ဈာန်အဘိညာဉ်တို့၌ သို့ပင် အံ့ဩဖွယ်ရှိ၏"

ဤသို့စသည်ဖြင့်အသီးသီး ချီးမွမ်းပြောကြကုန်၏။

www.dhammaransi.com



ရှင်ဒေဝဒတ်ကိုမူကား မည်သူ တစ်ဦးတစ်ယောက်မျှ မမေးမြန်း၍ လှူဒါန်းပူဇော်လာသူလည်း မရှိ၊ ချီးမွမ်း ပြောဆိုသူလည်း မရှိ ဖြစ်နေလေသည်။

ထိုအခါ ရှင်ဒေဝဒတ်သည် ဆိတ်ငြိမ်ရာ၌ တစ်ယောက်တည်းနေလျက် ဤသို့ ကြံစည်လေသည်။

'ဤကောသမ္ဗီပြည်သားတို့သည် ငါ့အား မေးမြန်း၍ အကျွမ်းတဝင် ပြုလာသောသူ မည်သူတစ်စုံတစ်ယောက်မျှ မရှိကြကုန်။ သာရိပုတြာ၊ မောဂ္ဂလာန်၊ အာနန္ဒာ စသော သူတို့၏ အထံသို့သာ သွားလာဝင်ထွက်ကြကုန်သည်။ ငါသည် သာကီဝင်မင်းမျိုး ရဟန်းပြုသူဖြစ်ပါလျက် ဒါယကာတို့ ငါ့အား မကြည်ညိုခြင်း၊ မဆည်းကပ်ခြင်းသည် ဘုရားရှင်က ငါ့ကို ကျေးဇူးမဲ့စကားကို ဒါယကာတို့အား ပြောကြားသည်ဖြစ်ရာလတ္တံ့။ သို့တွက် ငါသည် ဘုရားနှင့်အတူ မနေသင့်ပြီ။ ဤမှ တစ်ပါး အခြားမြို့ရွာ၌ ငါ့အား ကိုးကွယ်ချီးမြှောက်မည့် ဒါယကာကို ဖွေရှာမှီတင်း၍ နေတော့အံ့။ သို့ရာတွင် ထက်ဝန်းကျင် ထီးဆောင်းနန်းနေ ပဒေသရာဇ်မင်းအများတို့သည် ဘုရားသခင်၏ အလုပ်အကျွေး ဥပါသကာချည်း ဖြစ်ကြကုန်၏။ ဗိမ္ဗိသာရ မင်းကြီး၏ သားဖြစ်သော အဇာတသတ် မင်းသားကား ငယ်လည်းငယ်သေး၏။ ကိုးကွယ်သောဆရာလည်း မရှိသေး။ နောင်ရေးလည်းအလွန်ကောင်း၏။ ထိုမင်းသားကို ငါ့အား

www.dhammaransi.com



ကြည်ညို စေ၍ ဆရာပြုရသော် များစွာသော လာဘ်ပူဇော်သက္ကာရ ရှိသည်ဖြစ်လတ္တံ့။ ထိုလာဘသက္ကာရကိုမှီ၍ ပရိသတ်လေးပါး တို့သည် ပြန့်ပွားစည်ပင်သည် ဖြစ်လတ္တံ့.'

ရှင်ဒေဝဒတ်သည် ထိုသို့ကြံပြီးနောက် ဘုရားရှင်ထံမှ ခွါပြီး ရာဇဂြိုဟ်ပြည်သို့ လာခဲ့လေသည်။ ရာဇဂြိုဟ်ပြည်အနီးသို့ ရောက်သော် မိမိရရှိသော ဈာန်အဘိညာဉ်ဖြင့် ရဟန်း အသွင် ကိုပယ်၍ လုလင်အသွင်ကို ဖန်ဆင်းပြီးလျှင် ဦးခေါင်းထက် တွင်မြွေတစ်ကောင်ကို ပါးပျဉ်းဖြန့်စေလျက် လက်နှစ်ဘက်၌ မြွေနှစ်ကောင်၊ ခြေနှစ်ဘက်၌ မြွေနှစ်ကောင် ဤမြွေငါးကောင်ကို အမြီးချင်း ယှက်ထိုး၍ ခါးကြိုးကဲ့သို့ ဆင်ပြီးမှ ကောင်းကင်ခရီးဖြင့် သွား၍ အဇာတသတ် မင်းသား၏ ရင်ခွင်ထက်၌ သက်ဆင်း လေသည်။

မင်းသားသည် အလွန် ကြောက်လန့်ရကား သည်းစွာ အော်၍ ထလေသည်။ ထိုအခါ ဒေဝဒတ်က–

"မင်းသား ကြောက်သလော" ဟုမေးသည်။

"ငါကား အလွန်ကြောက်ပါ၏၊ သင် အသူနည်း၊ လူ လော၊ နတ်လော၊ နဂါးလော"

"သင် မင်းသား မကြောက်လင့်၊ ငါကား ဒေဝဒတ် ရဟန်းတည်း၊ သတ္တိစွမ်းအင်ကို မြင်စေလို၍ ပြသည်"

"အရှင်သည် ရဟန်းဒေဝဒတ်ဖြစ်က ပကတိ ရဟန်း

www.dhammaransi.com



အသွင်ကို ပြပါ”

မင်းသားက တောင်းပန်ပြောဆိုလျှင် ဒေဝဒတ်သည် လုလင်အသွင်ကို ဖျောက်၍ ပရိက္ခရာရှစ်ပါးနှင့်တကွသော ရဟန်းအသွင်ကို ပြလေသည်။

ထိုအခါ မင်းသားသည်–

‘အရှင်ဒေဝဒတ်ကား ကြီးမားသော တန်ခိုးအာနုဘော် ရှိသည်၊ နာနာဘာဝ ရူပကာယကိုလည်း ပြခြင်းငှာ စွမ်းနိုင်၏၊ ခမည်းတော် ကိုးကွယ်သော ဘုရားသော်မှ ဤကဲ့သို့ မပြနိုင်ချေ’ ဟုတွေးမိကာ ဒေဝဒတ်အပေါ်၌ အလွန်ကြည်ညိုသွား လေသည်။ ထိုနေ့မှစ၍ ဆရာဒေဝဒတ်ထံ ညနံနက် ရထားငါးရာတို့ဖြင့် သွား၍ ဆည်းကပ်၏။ ဆွမ်းဝတ်ငါးရာ တို့ကိုလည်း နေ့စဉ် ပို့ပေး၏။ ဂယာသီသ၌ ကျောင်းများစွာကိုလည်း ဆောက် လုပ်လှူဒါန်းလေသည်။

အဇာတသတ်မင်းသား၏ မင်းချင်းတို့ကလည်း အသီးသီး ချီးမြှောက်ပူဇော်သဖြင့် ရှင်ဒေဝဒတ်၌ လာဘ်ပူဇော် သက္ကာ အခြံအရံတို့သည် ပေါများကုန်လေသည်။ ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာတို့၌ တပ်မက်ပျော်မြူးပြီး မာန်ယစ်လာကာ

“ဘုရားရှင်ကို ပယ်ရှား၍ တပည့်သားဖြစ်သော ရဟန်း အပေါင်းကို ငါဆောင်အံ့”

ဟု အကြံဖြစ်လေသည်။ ထိုစိတ်ဖြစ်သည်နှင့် တစ်ပြိုင်

www.dhammaransi.com



နက် ရှိပြီးသော ဈာန်အဘိညာဉ်တို့သည် ကွယ်လေသည်။

## အဖကိုသတ်ရန် ဒေဝဒတ်အကြံပေးခြင်း

ဒေဝဒတ်သည် မင်းသားနှင့် အလွန်အကျွမ်းဝင်ပြီဟု သိလာသော တစ်နေ့တွင် အဇာတသတ်မင်းသားအိမ်သို့ သွားပြီးသော် ဆိတ်ငြိမ်ရာသို့ ခေါ်ပြီး မသင့်တော်သော ဩဝါဒကို ပေးလေသည်။

"မင်းသား၊ ရှေးအခါက လူများစွာတို့သည် အသက်ရှင်ကြသည်။ ယခုအချိန်တွင်ကား ကမ်းစွန်ဖျားခွဲ တည်ပေါက်သော သစ်ပင်ကဲ့သို့ အလွန်လျှင် အသက်တိုကုန်၏။ မင်းသား၏ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးသည် အသက်အရွယ် နုနယ် ပျိုမြစ်လှသေး၏။ ဖခင်မင်းကြီး အသက်အရွယ်ကုန်လွန်မှ အဖ အရိုက်အရာဖြစ်သော ဤရွှေထီးရွှေနန်းကို သိမ်းမြန်း၍ မင်းလုပ်ရမည် ဖြစ်ပါမူ မင်းသားသည် အိုမင်းရင့်ရော်သောအခါမှ မင်း၏ချမ်းသာကို ခံစားရသော် မင်း၏စည်းစိမ်မည်သည် ခြောက်ကပ်ပိန်လှီသော သတ္တဝါကို စားရသကဲ့သို့လည်းကောင်း ဟောင်းနွမ်းယိုယွင်း ရသာကင်းသော ထမင်း၊ မုန့်၊ ငါး၊ သစ်သီးများကို စားရသကဲ့သို့လည်းကောင်း၊ နှစ်မြို့ဖွယ်ရာ၊ ဝမ်းမြောက်ဖွယ်ရာ မရှိပြီ။ ထို့ကြောင့် အဆင်းအရွယ် တင့်တယ် လှစွာ ခနွယ်ကလျှင် အဖအရိုက်အရာဖြစ်သော ရွှေထီးရွှေနန်း

www.dhammaransi.com



စည်းစိမ်ကို ခံရအောင် အဖဖြစ်သော မင်းကြီးကို ဖယ်ရှား၍ မင်းသား မင်းပြုဘိလော့၊ ငါသည်လည်း ယောက်ဖတော် ဂေါတမကို သတ်၍ ဘုရားပြုလုပ်အံ့။"

ထိုစကားကို ကြားလျှင် မင်းသားသည် ဤသို့အကြံဖြစ်လေသည်။

"ငါ့ဆရာ ဒေဝဒတ်ကား ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိသည်။ အမြော်အမြင်ပညာနှင့်လည်း ပြည့်စုံသည်။ ဆရာ့ဆိုတိုင်း လိုက်နာရသော် ကောင်းရာ၏"

## အဖကိုသတ်ရန် ကြိုးစားလေပြီ

တစ်နေ့တွင် အဇာတသတ်သည် သန်လျက်ဓါးကို ပေါင်ကြား၌ ဝှက်ပြီးသော် နန်းတော်၌ ပရိသတ်လစ်ဟင်းနေသော နေ့မွန်းတိမ်းအချိန်၌ မင်းကြီးနေရာ အဆောင်နန်းသို့ ဝင်လေသည်။

နန်းတော်အစောင့်တို့က အချိန်မဟုတ် မခေါ်ဘဲ ဝင်လာသော မင်းသားကို ဝိုင်းဝန်းဖမ်းဆီးကြသည်။ မသင်္ကာ၍ ရှာဖွေကြသော် ပေါင်၌ ဝှက်၍ယူလာသော သန်လျက်ကို မြင်ကြသည်။

"မင်းသား အဘယ်အလို့ငှာ ဝင်လာပါသနည်း"

"မင်းကို လုပ်ကြံရန်အတွက် ဝင်လာပါသည်"

www.dhammaransi.com



"သင်မင်းသားကို ဘယ်သူက သင်ပြစိမ်၍ ဤအကြံကို ကြံစည်ပါသနည်း"

"ဆရာဒေဝဒတ် တိုက်တွန်းသောကြောင့် ကြံမိပါသည်"

ဟု ဟုတ်မှန်သည့်အတိုင်းပင် ဖြေလေသည်။

မင်းသား၏ အဖြေကို ကြားရသောအခါ မင်းသားသည် မကြံစည်သင့်သည်ကို ကြံစည်သည်ဟု ဆိုကာ အချို့သော အမတ်တို့က–

"မင်းသားကိုလည်း သတ်သင့်သည်၊ဒေဝဒတ်ကိုလည်း သတ်သင့်သည်၊ ရဟန်းသံဃာများကိုလည်း သတ်သင့်သည်"

ဟု ဆိုကြသည်။ အချို့သော အမတ်တို့က–

"မင်းသားနှင့် ဒေဝဒတ်ကိုသာ သတ်သင့်သည် ရဟန်း သံဃာကို မသတ်သင့်၊ သံဃာတို့က မင်းကြီးကို မပစ်မှား"

ဟု အကြံပြုပြောကြကုန်၏။အချို့သောအမတ်တို့က

"ငါတို့ မင်းမြတ်သည် သားက သတ်လတ္တံ့သော အကြောင်းကို ဒီသား ဝမ်းတွင်းအောင်းစကပင် သိလျက်ဖြစ် သည်။ ဘယ်သူကိုမျှ မသတ်ကြနှင့်ဦး၊ မင်းကြီးအား သံတော်ဦး တင်၍ မင်းအာဏာဖြင့်သာ စီရင်သင့်သည်"

ဟု ဆိုကြသည်။

ထိုစကားအတိုင်းကို အားလုံးက လက်ခံကြကာ မင်းသားကို ခေါ်ဆောင်၍ မင်းကြီးထံသို့ ဝင်ကြသည်။ အကြောင်း

www.dhammaransi.com



အကျိုး မျိုးစုံကိုလည်း လျှောက်တင်ကြလေသည်။ မင်းကြီးသည် သားကို ခေါ်ကာ–

"ချစ်သား အဘယ့်ကြောင့် ငါ့ကို သတ်လိုသနည်း"

ဟု သားကို ကြီးမားသောချစ်ခြင်းမေတ္တာဖြင့် မေးလေသည်။

"ရွှေထီးရွှေနန်း စည်းစိမ်ကို လိုလားသောကြောင့် သတ်မည်ကြံပါသည်"

"ချစ်သား သင့်ကို ငါမွေးမြူခြင်းသည် မင်းစည်းစိမ်ကို ပေးလို၍ မွေးသည် မဟုတ်ပါလော"

ဟုဆိုကာ ကြီးမားသော မိဘမေတ္တာဖြင့် သား၏ အပြစ်တို့ကို ခွင့်လွှတ်လေသည်။

အမတ်တို့တွင် ပထမအုပ်စုအမတ်များကို ရာထူးမှ အပြီးအပိုင် ရုတ်သိမ်းသည်။ ဒုတိယအုပ်စုအမတ်များကို အဆင့်နိမ့်ရာထူးလျှော့ချပြီးလျှင် တတိယအုပ်စုကို ရာထူး တိုးမြှင့်ခန့်ထားပေးလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် သားကို ချစ်သည့်ဇော အားကြီးသည့်အတွက် သားတော်ကို ထိုခဏမှာပင် ထီးနန်းရိုက်ရာကို လွှဲပေးတော်မူလေသည်။

ထိုအကြောင်းစုံကို ရာဇဂြိုဟ်ပြည်သားတို့ ကြားသိသောအခါ မြတ်စွာဘုရားရှင်သည် ဒေဝဒတ်ကို ပကာသနိယ

www.dhammaransi.com



ကံပြုခြင်းသည် ဘေးကင်းအောင်ကြံခြင်းဖြစ်သည်ဟု ဆိုကာ များစွာချီးမွမ်းကြလေသည်။

## ဒေဝဒတ် ဒုတိယအကြိမ် အကြံပြုချက်

အဇာတသတ်သည် မင်းအဖြစ်ကိုရလျှင် ဆရာဒေဝဒတ် ထံသို့ သွား၍

"အရှင်ဘုရား တပည့်တော်ကိစ္စကား ပြီးမြောက်ပါပြီ၊ အရှင်ဘုရား အရေးသာ ကျန်ပါတော့သည်"

ဟု လျှောက်ထားလေသည်။

တစ်နေ့တွင် ဒေဝဒတ်သည် အဇာတသတ်မင်းထံသို့လာ၍ ဆိတ်ငြိမ်ရာနေရာ၌ ကပ်၍ အဇာတသတ်မင်းကို ဤသို့ မိန့်ကြားပြန်လေသည်။

"ဒကာတော်မင်းသား၊ အသို့ပြုပါသနည်း၊ ယခုအနေသည် မြွေဟောက်ကို ခါးပိုက်ဖြင့်ဆောင်သောသူကဲ့သို့လည်းကောင်း၊ မြေခွေးကို အတွင်းဝှက်၍ ကြက်အပ်သော စည်ငယ်ကိုကွယ်၍ တီးသွားသော သူကဲ့သို့လည်းကောင်း၊ အမှုကောင်းစွာ မပြီးသေးဘဲလျက် ပြီးသည်ဟု မှတ်ထင်နေပါသလော၊ သုံးလေးရက် ကြာလျှင်ပင် သင့်ဖခင်ကြီးသည် သင့်အားဖျက်ဆီး၍ မင်းစည်းစိမ်ကို ပြန်ယူလိမ့်မည်။ လူတို့မေ့တာ ကောင်းခိုက်ကြင်နာ၍ ဆင်းရဲသောအခါ မုန်းမြဲသာတည်း"

www.dhammaransi.com



ဟု မိန့်ကြားလေသည်။

"အရှင်ဘုရား ဤသို့ဆိုလျှင် အသို့ပြုရမည်နည်း"

"မင်းကြီး သစ်ပင်တို့မည်သည် အမြစ်အရင်း အကြွင်းမရှ ပယ်ဖျောက်မှ မပေါက်လာနိုင်သကဲ့သို့ ရန်ကိုအဆုံးရောက်အောင်မြင်မှ ငြိမ်းချမ်းစွာဖြစ်မည်"

"အရှင်ဘုရား၊ တပည့်တော်၏ ဖခင် မင်းကြီးကို ဓါးဖြင့် မသတ်ထိုက်သည် မဟုတ်ပါလော၊ အဘယ်ကဲ့သို့ သေစေရအံ့နည်း"

"မင်းကြီး၊ သင် မင်းမြတ်ဆိုတိုင်း ဓါးဖြင့်သတ်ခြင်းငှာ မထိုက်သည်မှာ မှန်ပါ၏။ လူသံတိတ်ဆိတ်သော လှောင်အိမ်၌ ထားပြီးလျှင် အစားအသောက် ဖြတ်၍သတ်သော် အပြစ်မရှိ"

ဟု အကြံပေးလေသည်။

အဇာတသတ်သည် ထိုအကြံကို သဘောတူကာ လုံခြုံသော လှောင့်အိမ်ကို ပြုလုပ်စေပြီး ဖခင်မင်းကြီးကို သွင်းထားစေသည်။

"ငါ၏မယ်တော်မိဖုရားမှတစ်ပါး အခြားမည်သူမျှ မဝင်ရ၊ မမြင်စေရ၊ အာဟာရတစ်စုံတစ်ရာမျှလည်း မကျွေးရ၊ မပေးရ၊ ကျွေးမွေးပေးသောသူသည် ဤမျှ အပြစ်ဒဏ်ခံရမည်"

ဟု အမိန့်ထုတ်ကာ အာဏာသားတို့ကို မြဲမြဲစွာ အစောင့်ထားလေသည်။

ဗိမ္ဗိသာရ မင်းကြီးသည် –

www.dhammaransi.com



"သားတော်ကို ငါ မင်းမြှောက်ခဲ့ပေပြီ၊ ငါ့သား စိရင်တိုင်း ငါ ခံရမည်သာပ"

ဟုဆိုကာ ခွင့်လွှတ်ခြင်း ချစ်ခြင်းမေတ္တာဖြင့် ကြည်သာစွာ ပင် နှောင်အိမ်၌ ဝင်နေလေသည်။

## အစာဖြတ်၍ သတ်လေပြီ

ဝေဒေဟီ မိဖုရားကြီးသည် ဖခင်ကို ထိုသို့ မလုပ်သင့်ကြောင်း အမျိုးမျိုး ပြောဆိုဆုံးမသည်။ အဇာတသတ်သည် မိခင်စကားကို မနာယူတော့ချေ။

သို့အတွက် မိဖုရားကြီးသည် ဘုရင်ကြီး အသက်ရှင်ရေးအတွက် ရွှေခွက်၌ ထမင်းထည့်၍ ခါးပိုက်ဖြင့် ဆောင်ကြဉ်းလျက် မင်းကြီးအား ကျွေးမွေးလေသည်။

မင်းကြီးသည် ထိုအာဟာရဖြင့် မျှတလျက်-

"ငါ့သား အမျက်ပြေသောအခါ ချမ်းသာရလတ္တံ့"

ဟူသော သားအပေါ်၌ ချစ်သောမေတ္တာအဟုန်ဓာတ်ဖြင့် မျှော်လင့်ကာ စိတ်ချလက်ချ နှောင်အိမ်ထဲ၌ နေလေသည်။

ဆယ်ရက်ကျော်၍ လခွဲကြာသောအခါဝယ် အဇာတသတ်မင်းသည် အစောင့်အကြပ်တို့ကိုခေါ်၍-

"ငါ၏ ခမည်းတော် မသေသေးသလော"

ဟု မေးတော်မူသည်။

www.dhammaransi.com



"အရှင်မင်းမြတ် မသေသေးပါဘုရား"

"အဘယ်ကြောင့် မသေပါသနည်း၊ အဘယ်အာဟာရဖြင့် မျှတနေပါသနည်း"

"အရှင်မင်းကြီး၏ မယ်တော်မိဖုရား ရွှေခွက်ဖြင့် သယ်ဆောင်၍ ကျွေးသောအဟာရဖြင့် မျှတနေပါသည်ဘုရား"

"ဤသို့ဆိုက မယ်တော်မိဖုရား၏ ခါးပိုက်ကို စောင့်ကြည့် စစ်ဆေးကြလော့၊ အစာအာဟာရ ပါက မဝင်စေနှင့်"

ဟု အာဏာပေးပြန်လေသည်။

ဝေဒေဟီ မိဖုရားသည် လေးပါးသော စတုမဓုရဖြင့် ပြုလုပ်သော မုန့်လုံးကို ဆံထုံး၌ထည့်၍ ယူဆောင်ကာ မင်းကြီးအား ကျွေးမွေးပြန်၏။ မင်းကြီးလည်း ထိုအာဟာရဖြင့် မျှတနေသည်။

လခွဲတစ်ဖန်ကြာသောအခါ မင်းကြီးက အစောင့်တို့ကို ဖခင်မသေသေးဘူးလားဟု မေးပြန်သည်။ မသေသေးကြောင်း အကြောင်းစုံလျှောက်ထားကြပြန်သော်–

"မယ်တော် နှောင်အိမ်ဝင်သည့်ကာလ ဆံပင်ဖားလျား ချလျက် ဝင်ပါစေ"

ဟု အာဏာပေးပြန်သည်။

မိဖုရားကြီးသည် ထိုသို့ တားမြစ်ခံရပြန်သော် အပြားပြားသော မုန့်ထမင်းကို ရွှေခြေနင်း၌ထည့်၍ ဖုံးလွှမ်းပြီးလျှင် စီးနင်း

www.dhammaransi.com



၍ ဝင်ကာ ထိုအာဟာရဖြင့် ကျွေးမွေးပြန်၏။ မင်းကြီးလည်း ထိုအာဟာရဖြင့် မျှတ၍နေသည်။

တစ်ဖန် ခုနစ်ရက်ကြာ၍ အစောင့်တို့ကို မေးမြန်းသော် အကြောင်းစုံလျှောက်ထားကြသဖြင့်–

"မယ်တော် ဝင်သောအခါ ခြေနင်း မပါစေနှင့်"

ဟု အာဏာပေးပြန်လေသည်။

မိဖုရားကြီးသည် ထိုသို့တားမြစ်ပြန်သော် ကိုယ်တော်ကို နံ့သာရေဖြင့် သွန်းချိုး၍ စေးပျစ်သော စတုမဓုရေဝယ် နံ့သာမှုန့်ဖြင့် နယ်လျက် ကိုယ်ဝယ် လိမ်းကျံပြီးမှ သန့်ပြန့်သောအဝတ်ကို ဝတ်လျက် နောင်အိမ်သို့ ဝင်ပြီးလျှင် မင်းကြီးအား ခြစ်၍ခြစ်၍ ပေးလေသည်။

မင်းကြီးသည် မွတ်သိပ်ဆာလောင်ခြင်း ပြင်းပြလှသဖြင့် ခြစ်၍ရသော မုံ့နှစ်အာဟာရဖြင့် အားမရနိုင်သောကြောင့် မိဖုရားကြီးကိုယ်၌ကပ်သော နံ့သာကို လျှာဖြင့်လျက်၍ မျိုလေသည်။

ထိုအဖြစ်ကို မြင်တွေ့ကြသော အစောင့်တို့သည် သည်းအူပြောင်းပြန်လှန်တမျှ သနားကြ၍ တ,သ ငိုကြွေးကြ လေသည်။

နောင်လေးငါးရက်ကြာသော် အဇာတသတ်မင်းသည် အစောင့်တို့ကို ခမည်းတော် မသေသေးသလော ဟု မေးမြန်းပြန်သည်။ အစောင့်တို့က မသေသေးကြောင်းနှင့် သနားဖွယ်

www.dhammaransi.com



ဖြစ်သောအကြောင်းတို့ကို လျှောက်ထားကြသည်။

အဇာတသတ်မင်းသည် မိုက်စိတ်ဝင်နေသည့်အလျောက် ဖခင့်အပေါ်၌ သနားကြင်နာစိတ်ကင်းကာ–

"ငါ၏မယ်တော်ကို နှောင်အိမ် မဝင်စေနှင့်"

ဟု တားမြစ်အာဏာ ပေးပြန်လေသည်။

ထိုအခါ ဝေဒေဟီ မိဖုရားကြီးသည် နှောင်အိမ်သို့သွား၍ တံခါးဝ၌ ရပ်ပြီး၊ ပြီးလျှင် ဆံပင်ကိုဖြန့်ကြ၍ အနည်းနည်းသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက်–

"လူလေးမျိုးတို့၏ ကောင်းကျိုးချမ်းသာကို လွန်စွာ ပြုပြင်တတ်သော အရှင်ဗိမ္ဗိသာရမင်းမြတ်၊ မိမိကို သတ်လတ္တံ့သော သားကို သိလျက် မဖျက်ဆီးရ၊ ချီးမြှောက်မွေးမြူချင်သောကြောင့် မမြင်ဝံ့သော ဆင်းရဲစုကို ခံယူတော်မူရချေသည်။ အရှင့်သားမင်းယုတ်သည် ယခု ကျွန်ုပ်ကိုပင် ဝင်ခွင့်မပြုတော့ပါ။ ဤအခါမှ နောင်ကာလဝယ် အရှင့်ကို ကျွန်ုပ် ဖူးမြင်ခွင့်ရတော့မည် မဟုတ်ပါ။ ယခု ဖူးမြင်ခြင်းကား အဆုံးစွန်သော ဖူးမြင်ခြင်းဖြစ်ပါသည်။ အကျွန်ုပ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။ အကျွန်ုပ်၌ ကဲ့ရဲ့ထိုက်သောအပြစ်ရှိက သည်းခံတော်မူပါလော့"

ဟု ငိုယိုကာ အကြိမ်များစွာ ရှိခိုးပြီး ပြန်လာခဲ့ရလေသည်။

www.dhammaransi.com



## မင်းကြီး ဖဝါးကို ဝါးခွဲသတ်လေပြီ

မင်းကြီးသည် ထိုနေ့မှစ၍ စိုးစဉ်းမျှသော အာဟာရကို မမှီဝဲရသော်လည်း ချောက်ချားတုန်လှုပ်ခြင်း မရှိ။ မိမိ၏ မဂ်ဖိုလ် ချမ်းသာကို ခံစားကာ လူးလာလူးလာ စင်္ကြံကြွ၍ မျှတနေရကား အသားအရေတို့သည် ရှေးကထက် အလွန်ပင် တင့်တယ်နေလေသည်။

နောက်ခုနစ်ရက်ခန့်ကြာသော် အဇာတသတ်မင်းသည် အစောင့်တို့ကို ခေါ်ကာ ခမည်းတော် မသေသေးလောဟု မေးပြန်သည်။ အကြောင်းစုံကို လျှောက်ထားကြပြန်သော် -

"ခမည်းတော် စင်္ကြံမသွားနိုင်အောင် သားလိုးဓားဖြင့် ခြေဖဝါးကို မွမ်းပြီးလျှင် ဆားလူး၍ မီးကင်လေ"

ဟု စေတော်မူလေသည်။

မင်းချင်းတို့သည် ဗိမ္ဗိသာရမင်းကြီးထံသို့ သွားကြသော အခါ ဗိမ္ဗိသာရမင်းကြီးသည် မင်းချင်း (ဆတ္တာသည်)တို့ကို မြင်လျှင်-

"ဧကန် ငါ၏သားကို တစ်ယောက်ယောက်က အမြင်မှန် ရအောင် ပြောဆိုဆုံးမ,အပ်သည် ဖြစ်လိမ့်မည်။ သို့ဖြစ်၍ ဤ ဆတ္တာသည်တို့သည် ငါ၏မုတ်ဆိတ်ဆံပင်များကို ရိတ်ပယ်ပြုပြင် ရန် လာကြကုန်၏"

ဟု ထင်မှတ်ယူဆတော်မူလေသည်။

www.dhammaransi.com



ဆတ္တာသည်တို့သည် မင်းကြီးအနီးသို့ သွားရောက်ကာ ရှိခိုးလျက် ရပ်တည်နေကြလေသည်။ မင်းကြီးက

"အဘယ့်ကြောင့် လာကြသနည်း"

ဟု မေးတော်မူလေသည်။

ဆတ္တာသည်တို့က မင်းအမိန့်ကို လျှောက်ထားကြသည်။

"သင်တို့ မင်း အလိုကျ ပြုလုပ်ကြကုန်လော့"

ဟု ခွင့်ပြုကာ ခြေအစုံကို ဆင်း၍ ပေးတော်မူလေသည်။

ဆတ္တာသည်တို့သည် မင်းကြီးကို ရှိခိုးကာ ဤသို့ လျှောက်ထားကြသည်။

"အရှင်မင်းကြီး၊ ဘုရား ကျွန်တော်မျိုးတို့သည် အဇာတသတ်မင်း၏ အမိန့်အတိုင်း လိုက်နာလုပ်ဆောင်ကြရပါကုန်၏။ အရှင်မင်းကြီးသည် ကျွန်တော်မျိုးတို့အပေါ်၌ အမျက်မထွက်ပါလင့်၊ ဤသို့ခြေဖဝါးကို သင်ဓုန်းဓားဖြင့်မွှန်းကာ ဆီဆားသိပ်နယ်ပြီး ရှားမီးဖြင့် ကင်ခြင်းအမှုသည် မင်းတို့အား လားလားမျှ မလျောက်ပတ်ပါ"

ဆတ္တာသည်တို့သည် လက်ဝဲလက်ဖြင့် ဖမျက်ကို မြဲမြဲကိုင်ကြကုန်၍ လကျ်ာလက်ဖြင့် သင်ဓုန်းဓါးကို ကိုင်ကြပြီးလျှင် ခြေဖဝါးပြင်တို့ကို အမွှာအမွှာမွှမ်း၍ ဆားသိပ်နယ်ကြပြီး သော်ရဲရဲညီးသော ရှားနှစ်မီးကျီးတို့ဖြင့် ကင်ကြလေသည်။

(ဤသို့သော အပြစ်ကို မင်းကြီးခံရခြင်းသည် မင်းကြီး၏

www.dhammaransi.com



ရေးဘဝက နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ရာဖြစ်သော စေတီ ရင်ပြင်၌ ခြေနင်းစီး၍ သွားဖူးသော မကောင်းမှုနှင့် သံဃာတို့ နေရာအလို့ငှာ ကောင်းစွာခင်းထားအပ်သော အခင်းနေရာကို မြူလွှာ ရွံ့ညွှံ ကပ်သောခြေဖြင့်နင်းဖူးသော မကောင်းမှု အကျိုး ဆက် ဖြစ်လေသည်။)

## ဗိမ္ဗိသာရမင်း နတ်ရွာစံပြီ

မင်းကြီးအား ပြင်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ မိမိ၏ သားအပေါ်၌ လုံးဝ အမျက်မထားဘဲ–

"ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်သည် အံ့ဩဖွယ် ရှိပေစွ"

"တရားတော်၏ ဂုဏ်ကျေးဇူးသည် အံ့ဩဖွယ် ရှိပေစွ"

"သံဃာတော်၏ ဂုဏ်ကျေးဇူးတော်သည် အံ့ဩဖွယ် ရှိပေစွ"

ဟု အဖန်ဖန်အထပ်ထပ်အောက်မေ့တော်မူလျက်သာလျှင် ပူရှိန်ထန်ပြင်း နေ့လည်ခင်းဝယ် စေတီရင်ပြင်၌ ပစ်ချ အပ်သော ပန်းကဲ့သို့ ညှိုးနွမ်းခြောက်သွေ့ကာ စုတေ၍ စတုမဟာရာဇ် နတ်ပြည်၌ ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံ အလုပ်အကျွေး ဇနဝသဘမည်သော နတ်ဘီလူး စစ်သူကြီး ဖြစ်လေ၏။

www.dhammaransi.com



## ကိုယ်တိုင်သားဖွားမှ လွတ်စေတဲ့

နှောင်အိမ်စောင့် မင်းချင်းတို့သည် မင်းကြီး ကံတော်ကုန်ကြောင်းကို တင်လျှောက်ခြင်းငှာ သဝဏ်စာရေး၍ နန်းတော်သို့ သယ်ဆောင်ကြလေသည်။ နန်းတော်တံခါးဝဝယ် အဇာတသတ်မင်း၏ မိဖုရားငယ်မှ သားတော် ဥဒယဘဒ္ဒ မျက်နှာမြင်၍ သံတော်ဦးတင်ရန်လာသော မင်းချင်းတို့နှင့် ဆုံမိကြသည်။

"သင်တို့ တင်လွှာကား အမင်္ဂလာစကား ဖြစ်သည်။ ငါတို့တင်လွှာကား သုမင်္ဂလာစကား ဖြစ်သည်။ သို့အတွက် သင်တို့ ဤနေရာ၌ ဆိုင်းငံ့နေဦး"

ဟုဆိုကာ သားဖွားတင်ရန်လာသော မင်းချင်းတို့က ဦးစွာ မင်းထံဝင်၍ မင်းကို သားတော်ဖွားကြောင်းသဝဏ်လွှာကို ဆက်သ ဖတ်ကြားလေသည်။

အဇာတသတ်မင်းသည် သားဖွားကြောင်းကို ကြားသော ခဏဝယ် သား၌ ချစ်ခြင်းအဟုန်သည် အလုံးစုံသော ရိုးတွင်းချဉ်ဆီကို စိမ့်၍ နှစ်သိမ့်သွားသည်။ ချက်ချင်းပင် ဖခင်ကို သတိရလာသည်။

'ခမည်းတော်မင်းသည် ငါ၌ ချစ်ခြင်းသည် ဤကဲ့သို့ ဖြစ်ကောင်းရာ၏၊ ချစ်၊ မချစ်ကို မယ်တော်ကို မေးဦးမည်'

ဟု ကြံစည်ကာ မယ်တော်ထံသို့ အလျင်အမြန်သွားကာ

"မယ်တော် သားတော်ဖွားကြောင်းကို ကြားရသော

www.dhammaransi.com



ကျွန်ုပ်အား အလွန်ချစ်နှစ်သက်ခြင်း ဖြစ်ရပါသည်။ ကျွန်ုပ် ဖွားသောအခါက ခမည်းတော်မင်းကြီးသည် ဤကဲ့သို့ ချစ်ခြင်း ဖြစ်ပါ၏လော"

ဟု မေးလေသည်။

ထိုအခါ မယ်တော်မိဖုရားက-

"ဟယ်-မင်းယုတ်၊ မင်းမိုက်၊ သင့်ကိုယ်၌ဖြစ်သော ချစ်ခြင်းမေတ္တာကား အတုမရှိသာတကား၊ သင့်အဖ၏ ချစ်ခြင်း မေတ္တာစေတနာကား နှိုင်းယှဉ်စရာမရှိ၊ အံ့ဩချီးမွမ်းဖွယ် ရှိလှ၏။ သင် ငါ့ ဝမ်းခေါင်း၌ သန္ဓေအောင်းလေလျှင်ပင် မင်းကောင်း ဗိမ္ဗိသာရ၏ လကျာ်လက်ရုံးသွေးကို ကိုက်ဖောက်၍ သောက်ချင် သည် ပြင်းစွာဖြစ်ရကား မတင်မံ့အားဘဲ မစားနိုင်၊ မအိပ်နိုင် ဖြစ်သည်ကို သိတော်မူလျှင် ချက်ချင်းပင် လက်ရုံးမှ သွေးကို ဖောက်၍ သောက်စေတော်မူသည်။ ပညာရှိတို့က ထိုအကြောင်းကို ကြားသော် မိဖုရားဝမ်း၌ ကိန်းသော သူငယ်သည် မင်းအား မချွတ် သတ်လတ္တံ့ ဟု နိမိတ်ဖတ်သောကြောင့် အဖသတ်သားကို ငါ မမွေးလိုပြီဟု ကိုယ်ဝန်ကို ဖျက်ဆီးငြားသော်လည်း သား၏ မျက်နှာကိုမျှ မြင်ပါရစေ၊ ငါ့ကို သတ်လိုလည်း သတ်ပါစေ၊ မဖျက်ချေလင့်ဟု အခါခါ တောင်းပန်သောကြောင့် သင်သည် လူ့ဘဝသို့ ရောက်ရသည်။ ဖွားမြောက်၍လာလျှင် ဝါဂွမ်းဖက်ရမ်း မီးနေနန်း၌ ပင်ပန်းစွာ စောင့်တော်မူသည်။ သင်ငယ်စဉ်က

www.dhammaransi.com



လက်မဒ္ဒ ခုနှာပေါက်၍ ဆောက်တည်ရာမရ ပြည်ကိုက်လှသည်ကို သင့်ဖခင်မင်းကြီးသည် ခံတွင်း၌ငုံ၍ ပြည်တို့ကို မျိုချတော်မူသည်။ သို့စင်မျှလောက် ချစ်ခင်မောက်၍ ချီးမြှောက်ပေးသော မွေးသည့်ဖခင် ကျေးဇူးရှင်ကို နင်သတ်ရက်သည်။ နင့်ထက်ယုတ်မာသော သူကား ဤလူ့ပြည်တွင် မရှိပြီ"

ဟု ဆိုကာ ကြိမ်းမောင်းပြောဆိုလေသည်။

အဇာတသတ်မင်းသည် မယ်တော်ဆိုသော ထိုစကားကို ကြားလျှင် ဖခင်အား သနားစုံမက်သောစိတ် ရှိသည်ဖြစ်၍ မိခင်ထံမှ ထလာခဲ့ပြီး မင်း၏နေရာ နန်းဆောင်ပလ္လင်သို့ လာပြီးလျှင်–

"ငါ၏ဖခင်ကို နှောင်အိမ်မှ အမြန်လွှတ်ကြစေ"

ဟု အမိန့်တော်ပြန်လေသည်။

ထိုခဏမှာပင် ယခင် အာဏာသားမင်းချင်းတို့က မင်းကြီး ကံတော်ကုန်ကြောင်း သဝဏ်လွှာကို ဆက်သကြလေသည်။ ခမည်းတော် သေသောအကြောင်းကို ကြားလေသော် –

"ငါကား မပြစ်မှားထိုက်သူကို ပြစ်မှားမိချေပြီ"

ဟု သံဝေဂပြင်းလျက် သည်းအူလှိုက်ဆူပူပန်ခြင်း ဖြစ်တော်မူလေသည်။

ထိုအခါ အမတ်တို့က–

"အရှင်မင်းကြီး၊ ငိုကြွေးတ,သနေ၍ အကျိုးမရှိပြီ၊

www.dhammaransi.com



ခမည်းတော်အလောင်းကို ကောင်းစွာသဂြိုဟ်လျှင် ထိုအပြစ်မှ ကင်းလွတ်ရာသည်၊ အဖကျေးဇူးကို အထူးသိရာ ရောက်တော့သည်”

ဟု လျှောက်ကြသဖြင့် ဖခင်အလောင်းကို ကောင်းစွာ ပြုပြင်ခင်းကျင်းလျက် ဖုတ်ကြည်းသဂြိုဟ်လေသည်။

ဤအဖြစ်အပျက်၌ ဗိမ္ဗိသာရမင်းကြီး၏ မိမိကိုသတ်သည့် သားအပေါ်၌ ဤမျှကြီးမားသော မိဘမေတ္တာထားနိုင်မှုသည် ကမ္ဘာဆုံးတိုင် သာဓက ပြုရမည့် မိဘမေတ္တာပင်ဖြစ်ပါသည်။

သားသမီးတို့အပေါ်၌ မိဘတို့၏ ချစ်ခြင်းမေတ္တာ ကြီးမားမှုသည် ဤဗိမ္ဗိသာရမင်းကြီးသာ မဟုတ်ပါ။ အခြားသော မိဘများလည်း မိမိတို့၏ သားသမီးကို ဤကဲ့သို့ပင် အချစ်ကြီး ချစ်ကြသည်သာ ဖြစ်ပါသည်။

## သေခါနီး အချစ်ကြီးသော သိင်္ဂါလ၏ဖခင်

### သားချစ်ဖခင်ကြီး

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေစဉ်အချိန်ဖြစ်သည်။

ရာဇဂြိုဟ်ပြည်ဝယ် ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော သူကြွယ်တစ်ဦး၌ ‘သိင်္ဂါလ’ အမည်ရှိသော သားတစ်ယောက် ရှိလေသည်။ တစ်ဦးတည်းသော သားဖြစ်သည်မို့ မိဘတို့က

www.dhammaransi.com



အလွန်ပင် ချစ်ခင်မြတ်နိုးကြလေသည်။

မိဘတို့က ရတနာသုံးပါး၌ ကြည်ညိုလေးစားပြီး သောတာပန်အဆင့်ရှိသော်လည်း သားသိင်္ဂါလကမူ ရတနာသုံးပါး၌ ရိုသေလေးစားခြင်း မရှိပေ။ ကံ ကံ၏အကျိုးကိုလည်း ယုံကြည်မှု မရှိပေ။

မိဘတို့က သားလေးကို မိမိတို့ကဲ့သို့ ရတနာသုံးပါး၌ ဆည်းကပ်စေလိုသည်။ သဒ္ဓါတရား ရှိစေလိုသည်။ သို့အတွက် သားကို -

"ချစ်သား မြတ်စွာဘုရားကို ချဉ်းကပ်ပါလော့၊ အရှင်သာရိပုတြာကို ချဉ်းကပ်ပါလော့၊ အရှင်မဟာမောဂ္ဂလာန် ကို ချဉ်းကပ်ပါလော့၊ အရှင်မဟာကဿပကို ချဉ်းကပ်ပါလော့၊ မဟာသာဝကတပည့်ကြီးတို့ထံ ချဉ်းကပ်ပါလော့"ဟု မပြတ်ပြောဆိုဆုံးမ, ကြလေသည်။

မိဘတို့က ထိုသို့ ဆုံးမ,လေတိုင်း သိင်္ဂါလက-

"မိဘတို့၊ မိဘတို့၏ ရဟန်းများထံ ချဉ်းကပ်ရန်ကိစ္စ ကျွန်ုပ်မှာ ရည်ရွယ်ချက် မရှိပါ၊ မိဘတို့၏ ရဟန်းများထံသွားလျှင် ရှိခိုးရမည်၊ ရှိခိုးသောသူသည် ကျောက်ကုန်း နာကျင်ပါသည်၊ ဒူးများပွန်းပါသည်၊ မြေကြီးပေါ်၌ ထိုင်ရပါသည်။ မြေကြီးပေါ်၌ ထိုင်ရသဖြင့် အဝတ်များ ညစ်ပေဟောင်းနွမ်းပါသည်။ ရဟန်းများ အနီးနေသောအခါ စကားပြောရပါသည်။ စကား ပြောပါ

www.dhammaransi.com



များ၍ အကျွမ်းတဝင် ဖြစ်လာသောအခါ သက်န်း၊ ဆွမ်း အစ ရှိသော ပစ္စည်းတို့ကို လှူရပါသည်။ ပစ္စည်းများ လှူရသဖြင့် ဥစ္စာ ကုန်ခမ်းပါသည်။ အကျိုးယုတ်ပါသည်။ ကျွန်ုပ် မသွားလိုပါ"

ဟု ငြင်းပယ်လေသည်။

မိဘတို့သည် သားကို ချစ်၍ လိမ္မာစေလိုသည်။ နောင်ရေး ဘဝကောင်းစေလိုကြသည်။ သို့အတွက် သားကို ချစ်သော ဓာဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရန် အသက် ထက်ဆုံး ဆုံးမကြသည်။ သို့သော် သိင်္ဂါလကို ဆုံးမ၍ မရကြပေ။

အတန်ကြာသော် မိခင်ကြီးသည် ဦးစွာ ကွယ်လွန်သွား ခဲ့သည်။ ဖခင်သည် မိတဆိုးသားလေးကို အလွန် ချစ်မြတ်နိုး သည့်အတွက် အဖန်ဖန် တိုက်တွန်းသည်။ဆုံးမဩဝါဒ ပေးသည်။ သိင်္ဂါလ သားက လက်မခံပေ။

ဖခင်ကြီးသည် တစ်ဖြည်းဖြည်း အိုမင်းရင့်ရော်၍ သေရာ ညောင်စောင်း လျောင်းသော အချိန်ကျရောက်လာလေသည်။ ဖခင်ကြီးသည် သေရာညောင်စောင်းပေါ်ဝယ် လျောင်းလျက် သားအတွက် စိတ်သောက ဝင်ကာ ဖြောင့်ဖြောင့်မသေနိုင်ဘဲ ရှိလေသည်။

**ဖခင်၏ သေခါနီးအမှာစကား**

နောက်ဆုံး သေခါနီးကာလဝယ် သားကို ငါနောက်ဆုံး

www.dhammaransi.com



ဆုံးမ စကား ပြောထားသင့်သည်ဟု ကြံစည်ပြီး သားကိုခေါ်ကာ-

"ချစ်သား-ဖခင်ကြီး သေပြီးနောက် သားသည် ရတနာ သုံးပါးကို မကိုးကွယ်ချင် နေပါ။ စောစောထပြီး အရပ်ခြောက် မျက်နှာတို့ကိုတော့ ဖခင်စကားကို နောက်ဆုံး နားထောင်သော အားဖြင့် ရှိခိုးမှုပြုပါ" ဟု စကားမပီတပီ အမောကြီးစွာဖြင့် မှာကြားပြီး ကွယ်လွန်သွားလေသည်။

'သေခါ နီး မိဘတို့ မှာသွားသောစကားမည်သည် အသက်ထက်ဆုံး အောက်မေ့အပ်သည်'

ဟု သိင်္ဂါလသည် မှတ်ထင်ယုံကြည်ကာ ဖခင်စကားကို အဖန်ဖန် အထပ်ထပ် အောက်မေ့လျက် ဖခင်မှာသည့်အတိုင်း နံနက်စောစောထ၍ ပကတိ အရပ်ခြောက်မျက်နှာတို့ကို လှည့်၍ လှည့်၍ ရှိခိုးလေသည်။

## ဘုရားရှင်နှင့် တွေ့ပြီ

ထိုအခါ မြတ်စွာဘုရားသည် နံနက်စောစော ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံကြွတော်မူလတ်သော် ထိုသို့ ရှိခိုးနေသော သိင်္ဂါလ သတို့သားထံသို့ ချဉ်းကပ်ကြွတော်မူ၍-

"သူကြွယ်သား၊ သင်သည် စောစောထ၍ ရာဇဂြိုဟ်မြို့မှ ထွက်ပြီးလျှင် အဝတ်ဆံပင်များ စိုကာ လက်အုပ်ချီလျက် အရှေ့အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အနောက်အရပ်၊

www.dhammaransi.com



အောက်အရပ်၊ **အထက်အ**ရပ်ဟူသော အရပ်ခြောက်မျက်နှာတို့ကို အဘယ်ကြောင့် **ရှိခိုးနေ**ပါသနည်း။”

“အရှင်ဘုရား၊ ဖခင်သေခါနီးတွင် အရပ်ရှစ်မျက်နှာတို့ကို ရှိခိုးရစ်လော့ဟု မှာထားခဲ့သောကြောင့် ရှိခိုးပါသည်”

“သူကြွယ်သား၊ ငါဘုရား၏ အဆုံးအမ၌ ငါဘုရား၏ တပည့်သည် ဤပကတိ အရပ်ခြောက်မျက်နှာတို့ကို ရှိမခိုးရ”

“အရှင်ဘုရား၊ ဤပကတိအရပ်ခြောက်မျက်နှာတို့ကို ရှိမခိုးရလျှင် အဘယ်အရပ်မျက်နှာတို့ကို ရှိခိုးရမည်နည်း။”

ထိုအခါ မြတ်စွာဘုရားသည် သိင်္ဂါလသတ်ကို စတင် ဟောတော်မူ၏–

“သူကြွယ်သား၊ မိဘတို့သည် အရှေ့အရပ် မျက်နှာမည်ကုန်၏။ ဆရာတို့သည် တောင်အရပ်မျက်နှာမည်ကုန်၏။ သားမယားတို့သည် အနောက်အရပ်မျက်နှာမည်ကုန်၏။ အဆွေခင်ပွန်းတို့သည် မြောက်အရပ်မျက်နှာမည်ကုန်၏။ ရဟန်း အရိယာသူတော်ကောင်းတို့သည် အထက်အရပ်မျက်နှာမည်ကုန်၏။ ကျေးကျွန်အလုပ်သမားတို့သည် အောက်အရပ်မျက်နှာမည်ကုန်၏။

ဤအရပ်ခြောက်မျက်နှာကို ရည်ရွယ်၍ အရပ်မျက်နှာတို့ကို ရှိခိုးရစ်လော့ ဟု သင်၏ ဖခင်က မှာကြားခဲ့ခြင်းဖြစ်၏။ သင်သည် ဖခင်စကားကို အကယ်၍ လိုက်နာသည် ဖြစ်ငြားအံ့။

www.dhammaransi.com



ဤအရပ်ခြောက်မျက်နှာတို့ကို ရှိခိုးလေလော့” ဟု မျက်စေ့လည် လမ်းမှားနေသော သိင်္ဂါလကို လမ်းမှန်သို့ ညွှန်ပြပေးတော်မူလေသည်။

ထို့နောက် ဘုရားရှင်သည် သိင်္ဂါလကို တရားဟောပြီးနောက် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံကြွတော်မူသည်။

(ဤနေရာဝယ် “ရှိခိုး” ဟူရာ၌ မိဘဆရာ စသည်ဆိုင်ရာပုဂ္ဂိုလ်ခြောက်ဦးအပေါ် ပြုကျင့်ရမည့် ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ပြုကျင့်ခြင်းကို ဆိုလိုပါသည်။)

သိင်္ဂါလသည် ဘုရားရှင် တရားကို နာကြားပြီးနောက် သရဏဂုံတည်သည်။ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည်။ ကုဋေလေးဆယ်တို့ကို ဘုရားသာသနာတော်၌ စွန့်ကြဲလှူဒါန်း၍ ကောင်းမှုကုသိုလ် ပြုလေသည်။ သေသော် နတ်ပြည်သို့ ရောက်လေသည်။

(ပါတိကဝဂ်၊ သိင်္ဂါလသုတ်)

ဤဝတ္ထုဝယ် ဖခင်သူဌေးကြီးသည် သေရမည့်ဆဲဆဲ မိန်းမောနေသည့်အချိန်အခါမှာ မိမိ၏သားကို စိတ်မချနိုင်ဘဲ သား၏နောင်ရေး ကောင်းရာကောင်းကြောင်းကို စဉ်းစားကာ ကြိုးစား၍ မှာရှာလေသည်။ ဤမျှ သားအပေါ် ချစ်၍ သံယောဇဉ်ကြီးမားလှသည်။

“အမိကား တိုက်၊ အသိုက်မယား၊ သားကားမြေးယှက်၊

www.dhammaransi.com



နှောင်ဖွဲ့တကျော” ဆိုသည့်အတိုင်း သားသမီးများသည် မိဘများကို ဤမျှ မြွေးယုက်လျက်ရှိပေသည်။

ဤသူဌေးကြီးသာမဟုတ်။ မိဘတိုင်း သားသမီးများကို ခွဲခွါသွားရသော်လည်း သားသမီးများကို ချစ်၍ အားမရနိုင်ဘဲ ရှိကြလေသည်။ မတတ်သာ၍သာ သားသမီး သံယောဇဉ်ကို ဖြတ်သွားကြရသည်။

## ချစ်သားလေး မင်းဖြစ်သောမှ ကင်းပါစေ

### ထူးခြားသော သားတစ်ယောက် ဖွားမြောက်သည်

ကောသလတိုင်း သာဝတ္ထိပြည်၌ ပသေနဒီ ကောသလ မင်းကြီး ထီးနန်းအုပ်စိုးနေချိန်ဖြစ်သည်။ ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် အန္တက အမည်ရှိသည်။ မယားသည် မန္တာနီ အမည်ရှိသော ပုဏ္ဏေးမဖြစ်သည်။

တစ်နေ့သောအချိန်ဝယ် မန္တာနီ ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေငြိတွယ်၍ ဆယ်လစေ့သောအခါ အဆင်းအင်္ဂါနှင့် ပြည့်စုံသော သားယောကျ်ားလေးကို ညဥ့်အခါ၌ ဖွားမြင်လေသည်။

ထိုသားငယ်ဖွားသည်နှင့်တစ်ပြိုင်နက် အလုံးစုံသော ပြည်သူတို့၏ သုံးဆောင်ရာ လက်နက်ကရိယာတို့သည် အလျှံအဝါ

www.dhammaransi.com



ထွန်လင်းတောက်ပကြကုန်သည်။ ဘုရင့်နန်းတော်၌ ထားအပ်ကုန်သော ဓား၊ လှံ၊ သန်လျက် လက်နက်တို့သည်လည်း အရောင်အဝါ ထွန်းလင်းတောက်ပကြကုန်လေသည်။

ပုရောဟိတ်ပုဏ္ဏားသည် သားဖွားသောခဏ၌ပင် အပြင်သို့ထွက်၍ နက္ခတ်ကို ကြည့်သည်ရှိသော် ခိုးသူနက္ခတ် (စောရနက္ခတ်) ထွန်းလင်းတောက်ပနေသည်ကို တွေ့ရသဖြင့်

"ငါ၏ဖွားသော သားသည် ခိုးသူ ဖြစ်လတ္တံ့."

ဟုသိမြင်လေသည်။

နံနက်မိုးလင်းသောအခါဝယ် မိမိ၌ အန္တရာယ်မရှိခြင်းကို ပြလိုသည်ဖြစ်၍ ကောသလမင်းကြီးထံ အစောဝင်၍ ခစားလေသည်။

" အရှင်မင်းမြတ်၊ ယနေ့ည ချမ်းမြေ့စွာ အိပ်တော်မူရပါ၏လော"

ဟု မေးလျှောက်လေသည်။

"ဆရာ ချမ်းသာစွာကား အိပ်ရပါ၏။ သို့သော် နန်းတော်ဝန်းကျင်၌ထားသော ဓား၊ လှံ၊ သန်လျက် လက်နက်အပေါင်းတို့ အလျှံအဝါ တောက်ပကုန်သည်၊ အကြောင်း မည်သို့ ရှိအံ့နည်း၊ အသက်အန္တရာယ်လော၊ ပြည်၏ အန္တရာယ်လော"

"အရှင်မင်းကြီး၊ စိုးရိမ်တော်မမူလင့်၊ မင်းအန္တရာယ်လည်းမဟုတ်၊ ပြည်၏ အန္တရာယ်လည်း မဟုတ်၊ အကျွန်ုပ်အိမ်၌

www.dhammaransi.com



ယနေ့ည သူငယ်ကို ဖွားၡ၏။ ထိုသူငယ်သည် ခိုးသူဖြစ်လတ္တံ့သော ပုဗ္ဗနိမိတ်ဖြစ်ပါသည်။ နန်းတော်တွင်း၌ရှိသော လက်နက်ကရိယာသာ အရောင်အဝါ တောက်ပသည် မဟုတ်၊ ပြည်အလုံး၌ရှိသော လက်နက်အားလုံးပင် အရောင်အဝါ ထွန်းလင်းတောက်ပပါသည်"

"ဆရာ ပုရောဟိတ် ထိုသူငယ်သည် တစ်ယောက်တည်းသော ခိုးသား ဖြစ်အံ့လော၊ အခြွေအရံများနှင့် တိုင်းကားနိုင်ငံကို ပုန်ကန်သော ခိုးသားဖြစ်အံ့လော"

"အရှင်မင်းကြီး တစ်ယောက်တည်းသောခိုးသား ဖြစ်ပါမည်။ အရှင်မင်းမြတ် နောင်သောအခါ ကျွန်တော်မျိုးအား အပြစ်တော် မမူရလေအောင် ယခု ခိုးသားငယ်ကို ပယ်သတ်သုတ်သင်ပါလော့"

"ဆရာပုရောဟိတ်၊ တစ်ယောက်တည်းသော ခိုးသားဖြစ်မူ အဘယ်မူ၍ ဂရုပြုရအံ့နည်း။ စပါးတစ်သိန်းထွက်သည့် လယ်အတွင်း၌ တစ်နှံတည်း အဖျင်းသီးသကဲ့သို့သာ ဖြစ်ရာသည် မဟုတ်ရာလော။ ကောင်းမွန်စွာပင် ကျွေးမွေးစောင့်ရှောက်ပါလော့"

မင်းထံမှ မွေးမြူခွင့်ရသောအခါ ပုရောဟိတ် ပုဏ္ဏားသည် သားကို ကြောင့်ကြမဲ့ စိုးရိမ်ခြင်းကင်းစွာဖြင့် မွေးမြူလေသည်။

အမည်မှည့်အံ့သောအချိန်ဝယ် "ဤသူငယ်သည် ငါတို့

www.dhammaransi.com



အမျိုးအနွယ်ကို မညှဉ်းဆဲလတ္တံ့.” ဟူသော နိမိတ်ကိုယူ၍ “အဟိံသက” ဟူသောအမည်ကို မှည့်လေသည်။

## တက္ကသိုလ်ပညာသင်ဘဝ အဟိံသက

သူငယ် ပညာသင်ကြားသောအရွယ်သို့ ရောက်သော အချိန်ဝယ် ဖခင်ပုရောဟိတ်ပုဏ္ဏားကြီးသည် အတတ်ပညာကို မိမိပင် သင်ပြနိုင်သော်လည်း အဝေးမြို့ရွာ၌ ထားရခြင်းသည် ဇာတိမာန်ကျခြင်း၊ ပညာကို လုံ့လပြု၍ သင်ခြင်း၊ မိတ်ဆွေခင်ပွန်း တို့နှင့် လိုက်လျောညီထွေ ပေါင်းသင်းဆက်ဆံတတ်ခြင်း၊ အရပ်ဒေသ ကျွမ်းကျင်ခြင်း စသောအကျိုးများသောကြောင့် အမျိုးသားကောင်းတို့သည် မိဘနှင့်ဝေးရာ၌သာ ပညာသင်ကြား ရခြင်းဖြစ်သည်ဟုဆိုကာ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာ ပါမောက္ခဆရာထံ၌ ဓမ္မန္တေဝါသိကပြု၍ အတတ်သင်ချေဟု စေလွှတ်လိုက်လေသည်။

(ဓမ္မန္တေဝါသိက ဟူသည်မှာ ဆရာကို အဖိုးအခစား မပေးဘဲ ခြေရင်း၌ အလုပ်အကျွေးပြု၍ သင်သော တပည့်မျိုး ဖြစ်သည်။)

အဟိံသက သတို့သားသည် မိဘတို့စေလိုက်တိုင်းသွား၍ ဒိသာပါမောက္ခဆရာထံသို့ ရောက်လျှင် တိုးဝင်ဆည်းကပ်၍ အတတ်ပညာကို သင်ယူလေသည်။ ဆရာ၏ အစီးအပွားဖြစ်သော

www.dhammaransi.com



ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း အလွန်ဆောင်ရွက်ပေးလေသည်။ ဆရာနှစ်သက်ဖွယ်သော စကားကိုသာ ဆိုသည်။ ဆရာ့အလိုသို့ လိုက်သော အနီးနေ တပည့်ပြုလျက် တစ်နေ့တစ်ရက်မျှ မပြတ်မလပ်ရလေအောင် အတတ်ပညာတို့ကို သင်ယူလေသည်။

အဟိံသက ရောက်သောနေ့မှစ၍ အခြားတပည့်တို့သည် ဆရာ့ကိစ္စဝိစ္စတို့ကို ဆောင်ရွက်ခွင့် မရကြတော့။ ပြင်ပ ဗာဟိရ ကိစ္စများသာ ဆောင်ရွက်ကြရလေသည်။

ဒိသာပါမောက္ခဆရာကလည်း အဟိံသကအား ရင်ဝယ် သားကဲ့သို့ သနားလေးမြတ်သည်ဖြစ်၍ အတတ်အမျိုး မျိုးတို့ကို သင်စေရကား သူတစ်ပါးထက် ကဲလွန်တတ်လေသည်။

## ကုန်းတိုက်ကြခြင်း

ထိုအခါ ရှေးဦးစွာရောက်နှင့် ပညာသင်ယူနေကြသော တပည့်တို့သည် တစ်နေရာတွင် စုဝေး၍ ဤသို့တိုင်ပင်ကြလေသည်။

"ဤအဟိံသက ရောက်သည့်နေ့မှစ၍ ဆရာသည် ငါတို့အား သတိမရသကဲ့သို့ ဖြစ်နေသည်။ ဤသူကို ဆရာနှင့် ကွာအောင် ငါတို့အဘယ်သို့ ပြုရအံ့နည်း။ အလုံးစုံသော တပည့်တို့ထက် ထက်မြက်သော ဉာဏ်ပညာရှိရကား ပညာ နည်းသူဟူ၍ ဆိုခြင်းငှာလည်း မတတ်ကောင်း၊ ဆရာ့ဝတ်၌

www.dhammaransi.com



အလွန်ကျေပွန်လိမ္မာသူဖြစ်ရကား ဝတ်နှင့်မပြည့်စုံသူ ဟူ၍ဗ္ဗာ လည်း မတတ်ကောင်း၊ အမျိုးမြင့်မြတ်သူဖြစ်ရကား အမျိုးညံ့ သူဟူ၍ ဆိုခြင်းငှာလည်း မတတ်ကောင်းချေ။ ဤသူ မနေရ လေအောင်မှာ ဆရာ့မယားနှင့် ယိုးစွပ်၍ ပြောဆိုမှသာ သင့်ရာ တော့သည်"

ထိုတပည့်တို့သည် လူသုံးစုခွဲ၍ တစ်စုသောသူတို့သည် ဆိတ်ငြိမ်သောအခါ ဆရာ့ထံသို့ကပ်၍ ရှိခိုးလျက် ရပ်ကြကုန်၏။

"တပည့်တို့ အဘယ်ကိစ္စကြောင့် လာကြပါသနည်း"

"ဆရာ ကျွန်ုပ်တို့သည် စကားတစ်ခွန်းကို လျှောက်ထား လို၍ လာကြပါသည်"

"အဘယ်သို့သော စကားကို လျှောက်ထားလိုပါသနည်း"

"ဆရာ၊ လျှောက်ထားရမှာကတော့ ဝန်လေးပါသည်။ သို့သော် ဆရာ့ကိုတော့ အသိပေး လျှောက်ထားမှ သင့်မည်ထင်၍ လျှောက်ထား အသိပေးရပါသည်"

"သင်တို့ လျှောက်ထားအသိပေးလိုသည်ကို ပွင့်လင်းစွာ လျှောက်ထားအသိပေးနိုင်သည် တပည့်တို့"

" ဆရာချစ်သော အဟိံသကသည် ဆရာ့ မိန်းမနှင့် ချစ်ကျွမ်းဝင်၍ ဆရာ့ကိုပင် ပစ်မှားအံ့ကြံသည်ဟု ကျွန်ုပ်တို့ ထင်ပါသည်"

ဒိသာပါမောက္ခဆရာသည် ထိုစကားကို မယုံကြည်။

www.dhammaransi.com



ပြင်းစွာအမျက်ထွက်၍“ဟယ်–သူယုတ်တို့၊ ငါ့သားကို ငါနှင့် ကွဲပြားအောင် အဘယ်ကြောင့် ကုန်းတိုက်ကြသနည်း”

ဟု ဆို၍ တံတွေးဖြင့် ထွေးလိုက်လေသည်။

## ဆရာပါမောက်အထင်လွဲပြီ

ထို့နောက်များမကြာမီ တစ်သင်းသော တပည့်တို့သည်လည်း ထိုနည်းပင် ပြောဆိုကြပြန်လေသည်။ ထိုတပည့်တို့ကိုလည်း ဆရာဒိသာပါမောက္ခသည် ငေါက်ငမ်း၍ လွှတ်လိုက်ပြန်လေသည်။ ထို့နောက်များမကြာမီ တတိယ တစ်သင်းသော တပည့်တို့သည် ထိုနည်းအတိုင်းပင် ပြောဆိုကြပြန်လေသည်။

တပည့်များ ပြောဖန်များသောအခါ ဆရာဒိသာပါမောက္ခသည် အဟိံသက၏ အမူအရာကိုကြည့်ရှုကာ ဆင်ခြင်မိလေသည်။

အဟိံသကကို ဆရာသာ ချစ်သည်မဟုတ်။ ဆရာ၏ မယား၊ သမီး၊ သား၊တို့ကလည်း ချစ်ခင်မြတ်နိုးကြသည့် အလျောက် ကျွမ်းဝင်ရောပြွမ်း၍ နေကြသည်သာ ဖြစ်သည်။

ဒိသာပါမောက္ခဆရာသည် အဟိံသက၏ သားမယားတို့နှင့် ရောပြွမ်းချစ်ကျွမ်းဝင်သည့် အမူအရာကိုမြင်လျှင် ဟုတ်နိုးအံ့ထင်၍ သတ်လိုသောစိတ်သည် ဖြစ်ပေါ်လာလေသည်။

‘အကယ်၍ ငါသည် ဤအိမ်၌ အဟိံသကကို သတ်

www.dhammaransi.com



သည် ဖြစ်ငြားအံ့၊ ဒီသာပါမောက္ခဆရာသည် မိမိထံမှာ အတတ်ပညာလာသင်သော တပည့်ကိုပင် သတ်သည်ဟု အရပ်ရပ်ကြေညာ၍ ငါ့ထံသို့ တပည့်များ မရောက်လာလတ္တံ့၊ ထိုသို့ မရောက်ငြားက ငါ့အား လာဘ်ပူဇော်သက္ကာသည် ဆုတ်ယုတ်လတ္တံ့၊ တစ်စုံတစ်ခုသော ပရိယာယ်ဖြင့် ဤသူငယ် ငါ့ထံမှ ခွာသွား၍ သူတစ်ပါး သတ်လွယ်အောင် ပြုတော့အံ့'

ဟု ကြံစည်စိတ်ကူးမိလေသည်။

**ဆရာ့စကား ယုံမှတ်သောအမှား**

တစ်နေ့သောအခါဝယ် ဒိသာပါမောက္ခဆရာကြီးသည် အဟိံသကကို ခေါ်ကာ -

"ချစ်သား အဟိံသက သင်ကဲ့သို့ အမျိုးမြတ်စွာ ပညာလျင်လျား ဝတ္တရား၌ လိမ္မာသော တပည့်ကောင်းကို အလွန်ရခဲ၏။ သို့အတွက် သင့်အား အကြွင်းမထားဘဲ လွန်ကဲထူးမြတ်စွာ ငါသိသမျှ အတတ်ပညာတို့ကိုသင်ပေးမည်။ သို့ရာတွင် ပူဇော်ဖွယ် အထူးဖြင့် လွန်ကျူးစွာ ပူဇော်မှ ငါ အကုန်သင်ထိုက်ချေသည်။ သင် ပူဇော်နိုင်မည်လော"

ဟု မေးလေသည်။

"ဆရာ အဘယ်သို့ပြုရမည်ကိုသာ ပြောပါ၊ ကျွန်ုပ် ပူဇော်ပါမည်"

www.dhammaransi.com



"ချစ်သား၊ ဤသို့ဆိုလျှင် သင်သည် ငါ့အား လူ၏ လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်မှ သင်ရလိမ့်မည်"

"ဆရာ မစိုးရိမ်ပါလင့်၊ လျှင်စွာ ပြည့်စုံစေအံ့"

အဟိံသကသည် ဆရာအား ထိုသို့ ဝန်ခံပြောဆိုပြီးနောက် ဆရာကို ရှိခိုးကာ ကြီးစွာသော သန်လျက်၊ လှံ၊ လေး၊ မြား၊ မီးပေါက် ဟူသော လက်နက်ငါးပါးကိုစွဲလျက် မြို့မှ ထွက်ခဲ့သည်။ တစ်ခုသော တောအုပ်၌ နေပြီးလျှင် ခရီးသွားကုန်သော မိန်းမ၊ ယောကျ်ားတို့အား ဖမ်းဆီးကာ သတ်ဖြတ်ပြီးလျှင် လက်ညှိုး နှစ်ချောင်းကိုသာ ယူလေသည်။

အဟိံသကသည် ပကတိအားဖြင့် အလွန်ပညာရှိ သောသူ ဖြစ်ဘိလျက် သူတစ်ပါးအသက်သတ်ဖြတ်ခြင်း၌ လေ့လာခြင်း ကြောင့် စိတ်ပျံ့လွင့်နေလေရကား ရသောလက်ချောင်းတို့ကို မရေတွက်ဘဲ သစ်ပင်ခွ စသည်တို့၌သာ စုထားသည်။ ထို အခါ ကျီးငှက် စသည်တို့က ထိုးဆိတ်စားသဖြင့် ထားတိုင်း ထားတိုင်းပျောက်ပျက်လေသည်။

သို့အတွက် ဤသို့ထားက မသင့်ချေဟု ကြံစည်ကာ ရသမျှ လက်ညှိုးတို့ကို ကြိုးဖြင့်သီကုံး၍ ပန်းကုံးကဲ့သို့ လည်တွင် ဆွဲထားလေသည်။ထိုအခါမှစ၍ "အင်္ဂုလိမာလ" ဟူ၍ လူတို့ ခေါ်ဝေါ်ကြသည်။

ထိုတောအုပ်သို့ ထင်းခုတ်၊ ဟင်းရွက်ခူးမျှ သွားဝံ့သောသူ

www.dhammaransi.com



မရှိ ဖြစ်ရလေသည်။ အင်္ဂုလိမာလသည် ခရီးသွားလူတို့ မရှိလေလျှင် ညဉ့်အခါဝယ် ရွာတွင်းသို့ဝင်၍ အိမ်တွင်ပိတ်ထားသော ဆူးတပ်တံခါးတို့ကို ခုန်လွှားလျက် ဖျက်ဖောက်၍ ယောကျ်ား မိန်းမ ဖမ်းမိသမျှသော လူတို့ကို သတ်၍ လက်ညှိုးနှစ်ခုကို ခုတ်ယူလေသည်။

လူတို့စုဝေး၍ လိုက်သောအခါ လျင်စွာသောအဟုန်ဖြင့် ပြေး၍ မိမိတောအုပ်ဝယ် နေလေသည်။

အင်္ဂုလိမာလသည် သုံးယူဇနာရှိသောခရီးကို တစ်ဟုန်တည်း ပြေးစွမ်းနိုင်သောသတ္တိ ရှိရကား မည်သူမျှ လိုက်လံဖမ်းဆီးခြင်းငှာ မစွမ်းနိုင်ချေ။ တစ်စုံတစ်ယောက်သောလူကို မြင်လျှင် လက်တွင်ကား သန်လျက်ကို မြဲစွာထားပြီး စက်ရဟတ်ကဲ့သို့ ပတ်ပတ်ချာချာ လည်စေလျက် ကြွက်ကို ရှေ့ရှုလိုက်သော ကြောင်ကဲ့သို့လည်းကောင်း၊ သားကောင်ကို ရှေ့ရှုလိုက်သော ကျား ကဲ့သို့လည်းကောင်း၊ ခုန်ပျံကျော်လွှားပြီး နံဘေးတင်သားကို လက်ဝါးဖြင့် ပုတ်လျက် တမဟုတ်ချင်း ပြေးလာပြီး ဦးခေါင်းကိုသာ ဖြတ်လေသည်။

## လူဆိုး အင်္ဂုလိမာလကို ဖမ်းစေ

ဤသို့သော နည်းဖြင့် နေ့ညဉ့်မပြတ် နေ့တိုင်းနေတိုင်း ယူလေသော် ကျေးရွာငယ်အများ ပျက်စီး၍ ရွာကြီးနိဂုံးသို့

www.dhammaransi.com



ပေါင်းရုံး၍ နေကြကုန်၏။ ရွာကြီးတို့၌ ထိုအတူ ဝင်ပြန်လေလျှင် လူတို့သည် သားငယ်၊ မြေးတို့ကို ဆွဲယူပြေးကြပြီး သာဝတ္ထိမြို့ အနီး၌သာ ဆူးတပ်လုံခြုံစွာ **ကာရံ၍** နေကြရလေသည်။

လူတို့သည် ကောသလမင်းကြီးထံသို့ ဝင်ကြပြီး–

"အရှင်မင်းမြတ်၊ အင်္ဂုလိမာလ မည်သော ခိုးသူသည် မြင်မြင်သမျှသော မိန်းမ၊ ယောကျ်ားတို့ကို သတ်သဖြင့် အရပ်ရပ်သော ကျေးရွာတို့ များစွာပျက်စီးကုန်ပါပြီ။ ဤခိုးသူကို ဖမ်းယူဖယ်ရှားပေးတော်မူပါလော့"

ဟုလျှောက်ထားကြသည်။

ကောသလမင်းကြီးသည် ထိုသတင်းကို ကြားသည်နှင့်ပင် အလွန်ထိတ်လန့်လေသည်။ ကိုယ်တိုင် မဖမ်းဝံ့သော်လည်း ပြည်သူပြည်သားတို့မှ နှလုံးစိတ်ဝမ်း သက်သာစိမ့်သောငှာ –

"သင်တို့ မစိုးရိမ်လင့်၊ ငါသည် နက်ဖြန် မြင်းစီးသူရဲ ငါးရာနှင့် အင်္ဂုလိမာလကို ဖမ်းယူပေးပါမည်"

ဟု အာမခံချက် ပေးလိုက်လေသည်။

## မိခင်၏ မေတ္တာ

ထိုစကားကို ပုရောဟိတ်ကြားလျှင် အိမ်သို့ပြန်လာပြီး မန္တာနီ ပုဏ္ဏေးမအား ပြောကြားလေသည်။

"ရှင်မ၊ ယခု လူတို့ကိုသတ်၍ လက်ညှိုးဖြတ်ယူသော

www.dhammaransi.com



အင်္ဂုလိမာလ ခိုးသူဆိုသည်ကား အခြားသူမဟုတ်။ ရှင်မ၏ သားငယ်အဟိံသကပင်ဖြစ်သည်။ အင်္ဂုလိမာလကို နက်ဖြန် ငါတို့မင်းကြီးသည် မြင်းစီးသူရဲ ငါးရာဖြင့်သွား၍ ဖမ်းတော့မည်"

"အမောင်၊ ထိုသို့ဆိုက နက်ဖြန်အမောင့်သားကိုသွား၍ ခေါ်ပါချေ"

"ငါ မသွားဝံ့ချေ ရှင်မ"

"အရှင် မသွားဝံ့က ကျွန်မကိုယ်တိုင် သွား၍ ခေါ်ပါမည်"

"ရှင်မ၊ ခိုးသူတို့အားလည်းကောင်း၊ သူမိုက်တို့အား လည်းကောင်း၊ ငါသား၊ ငါတူတော်သည်ဟူ၍ အကျွမ်းမပင်ရ၊ မင်းညီမင်းသားတို့ကိုလည်း ငါ့အား ချစ်ခင်သည်ဟူ၍ ဂရုမမူ အကျွမ်းမဝင်ရ၊ မိန်းမတို့ကိုလည်း ငါ့အလိုသို့ လိုက်လှသည်ဟူ၍ ချစ်ကျွမ်းမဝင်ရဟု ရှေးပညာရှိတို့ ဆိုကြကုန်သည်။ သင့်သား သည် ကြမ်းကြုတ်လွန်ကျူးသော သဘောရှိသည်။ သို့အတွက် ငါ မသွားစေချင်"

"အမောင်၊ မိခင်တို့သဘောသည် သားသမီးတို့၌ အလွန်စုံမက်ချစ်မြတ်နိုးခြင်း ရှိပါသည်၊ ကျွန်ုပ်အား သတ်လိုက သတ်ပါစေ၊ သား၏သေခြင်းကို ကျွန်ုပ် မမြင်လိုပါ"

မိခင်ပုဏ္ဏေးမကြီးသည် သားအပေါ်၌ ကြီးစွာသော ချစ်ခြင်းမေတ္တာဖြင့် သားအတွက် စိုးရိမ်သောက ကြီးစွာဖြစ်လျက် နံနက်စောစော ထမင်းစားပြီးလျှင် သားအတွက် စားမြိန်ထုတ်

www.dhammaransi.com



ကိုယူပြီး သားအင်္ဂုလိမာလရှိရာ တောအုပ်သို့ ရှေ့ရှုသွားလေသည်။

သားအတွက် ချစ်မေတ္တာဓာတ် အားကြီးလှသဖြင့် မိန်းမသားဖြစ်လျက် မကြောက်မရွံ့ စွန့်စားသွားခြင်းပင်ဖြစ်သည်။

ထိုနေ့တွင် အင်္ဂုလိမာလသည် မကောင်းသောအစာကို စားရခြင်း၊ အအိပ်ပျက်ခြင်း စသောဆင်းရဲကို ရက်ကြာရှည်စွာ ခံစားလာရသည့်အတွက် စိတ်ဓာတ်ကျနေပြီး မိမိရရှိပြီးသော လက်ညှိုးတို့ကို ရေတွက်ကြည့်နေမိသည်။ ထိုသို့ ရေတွက်သောအခါ တစ်ထောင်ပြည့်မည်တွင် တစ်ယောက်သာ လိုတော့သည်ကို သိလေသည်။

"ယနေ့ ငါသည် ရှေးဦးစွာ မြင်သောသူ တစ်ယောက်ယောက်ကို သတ်၍ လက်ညှိုးတစ်ထောင် ပြည့်စေသဖြင့် ဆရာအား ပူဇော်ပြီးလျှင် ကြီးမြတ်သောအတတ်တို့ကို လျင်စွာ သင်၍ မိခင်ဖခင်တို့ထံ ပြန်တော့အံ့"

ဟုကြံစည်သည်။ ထို့နောက် တောအုပ်အလယ်မှ ထွက်ခဲ့၍ ကွယ်ဝှက်လောက်ရုံသာရှိသော တော၏အဝ တစ်ခုသော ဌာန၌ နေသည်။

မိခင်ဖြစ်သော မန္တာနီ ပုဏ္ဏေးမကလည်း တောအနီးသို့ ရောက်သောအခါဝယ်–

"ချစ်သား အဟိံသက–ကောသလမင်းကြီးသည် ယနေ့ မင်းကို ဖမ်းယူရန် မြင်းစီးသူရဲငါးရာဖြင့် ထွက်လာတော့မည်။

www.dhammaransi.com



လောလောရက်ရက် ခုတ်ဖြတ်သတ်ညှစ်ခြင်းကို မင်း ခံရတော့မယ်၊ မေမေ့ထံသို့ အမြန်လာလှည့်လော့”

ဟု ဟစ်အော်၍ သွားလေသည်။

အင်္ဂုလိမာလကလည်း အဝေးမှလာသည်ကို မြင်လျှင် ဤမိန်းမကိုပင် သတ်၍ လက်ညှိုးကို ဖြတ်ယူအံ့ဟု ကြံလျက် စောင့်လင့်နေသည်။

## ဘုရားရှင်က ချွတ်ပြီ

ဘုရားရှင်သည် ထိုနေ့နံနက်ထ၍ လောကကို ရှုတော်မူလျှင် အင်္ဂုလိမာလ၏ ဥပနိဿယသမ္ပတ္တိကို မြင်၍ –

“ယနေ့ ငါ သွား၍ တရားဟောရမူ လေးပုဒ်ရှိသော တစ်ဂါထာဖြင့် အင်္ဂုလိမာလသည် သစ္စာလေးပါးကို မြင်သဖြင့် ရဟန်းဘဝသို့ ဝင်ရောက်ရလတ္တံ့၊ အကယ်၍ ငါ မသွားမိမူ မိခင်ကို သတ်မိ၍ အနန္တရိယကံကို ရသဖြင့် အဝီစိငရဲ၌ မြဲမြဲစွာ ခံစားရလတ္တံ့”

ဟုမြင်တော်မူ၍ ရတနာဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ ဂန္ဓကုဋီတိုက်မှ ထွက်ပြီးလျှင် သပိတ်သင်္ကန်းကို ပြင်၍ သာဝတ္ထိပြည်မြို့ထဲသို့ ဆွမ်းခံဝင်တော်မူသည်။

ဆွမ်းခံရာမှ ဖယ်ပြီးသော် ကိုယ်တော်တစ်ပါးတည်းသာလျှင် အင်္ဂုလိမာလရှိရာ တောအုပ်သို့ ရှေ့ရှုကြွတော်မူလေသည်။

www.dhammaransi.com



ခရီးကြား၌ အမှုလုပ်သော လူတို့က မြင်လေလျှင် အရှင်ဘုရား ဤခရီးကို သွားတော်မမူပါနှင့်၊ တောအုပ်၌နေသော အင်္ဂုလိမာလ သည် ရတနာသုံးပါး ကျေးဇူးကို မသိ၊ တွေ့သမျှသော လူ ရဟန်း တို့ကိုသတ်၍ လက်ညှိုးတို့ကို ဖြတ်ယူပါသည်”

ဟု လျှောက်ထားကြလေသည်။

“အင်္ဂုလိမာလကို ငါ ဆုံးမ တော်မူမည်၊ သင်တို့ မကြောက်ကြလင့်”

ဟုဆိုကာ ဘုရားရှင်သည် ဆက်လက်ကြွတော်မူသည်။ တော၏ အနီးပါးသို့ ရောက်သောအခါ သားထံသို့ ရှေးရှုလာ နေသော မန္တနီပုဏ္ဏေးနှင့် အင်္ဂုလိမာလ အကြားဝယ် စကြံသွား တော်မူလေသည်။

အင်္ဂုလိမာလသည် မထင်ရှားသောအသွင်ဖြင့် လာသော မြတ်စွာဘုရားကိုမြင်လျှင် -

“ဤရဟန်းကိုပင် သတ်တော့အံ့”

ဟု ကြံစည်လျက် ပုန်းဝှက်ရာမှ လျင်စွာထ၍ ဘုရားထံသို့ ပြေးလာခဲ့သည်။ မြတ်စွာဘုရားကလည်း ခိုးသား အင်္ဂုလိမာလ မမီနိုင်အောင် ဣဒ္ဓါဘိသင်္ခါရကို စီရင်၍ ထက်ဝန်းကျင်သော မြေသည် ရေ၌ လှိုင်းတံပိုးရောက်သကဲ့သို့ မောက်တုံနိမ့်တုံ ခလုံခလု ထ,သဖြင့် အင်္ဂုလိမာလသည် ခြေမှု မလှမ်းနိုင်ရှိ လေသည်။

www.dhammaransi.com



ကိုယ်တော်မြတ်ကား စည်မျက်နှာအလားကဲ့သို့ ညီညွတ်သော မြေအလယ်၌ သပ္ပါယ်စွာ ကြွတော်မူလေသည်။ အင်္ဂုလိမာလကို မြေညီရာအစသို့ ရောက်စေ၍လည်း ကိုယ်တော်သည် အလယ်ဌာနဖြင့် ကြွတော်မူလေသည်။ ယင်းသို့ မြေညီစသို့ ကျလျှင် အင်္ဂုလိမာလသည် ကြုံးဝါးသံပြု၍-

"ငါလိုလူကို အဘယ်မူ၍ ခံနိုင်အံ့နည်း၊ ဤမြေညီဝယ် အမီလိုက်ပြီးလျှင် ရဟန်းကြီး၏ လက်ညှိုးကို ဖြတ်အံ့"

ဟု လက်ပန်းပေါင်းခတ်ပြီးသော် တောမီးလောင်သကဲ့သို့ အာခေါင်အာရင်းသံကို ဟစ်လျက် အားကုန်သွန်သဖြင့် တစ်ဟုန်တည်း ပြေး၍လိုက်လေသည်။ သို့သော် မြတ်စွာဘုရားရှင် အလယ်သားဌာနမှ ဖြည်းဖြည်းသာသာ ကြွသည်ကိုပင် မမီနိုင် ဖြစ်နေလေသည်။

ဘုရားနှင့် အတန်ငယ် နီးလာသော်လည်း ကြီးစွာသော ချောင်း မြောင်း ကြိမ်ပိုက် ခြားသကဲ့သို့ အပါးသို့ မကပ်နိုင် ဖြစ်သည်။

ဤနည်းဖြင့် လိုက်လာ၍ သုံးယူဇနာခန့်လောက် ခရီးရှည်လာလျှင် အင်္ဂုလိမာလသည် အလွန်ပင်ပန်းရကား ခံတွင်းမှ တံတွေးတို့သည် ခြောက်၍ ချွေးပေါက်ချွေးသီးတို့သည် ယိုစီးကျကုန်၏။

ထိုအခါ အင်္ဂုလိမာလသည် ဤသို့ ကြံမိ၏။

www.dhammaransi.com



"ရှေးအခါက ငါ လိုက်မူ လျင်မြန်လှသော သမင်၊ ဒရယ်၊ ချေငယ်၊ ယုန်၊ ကြောင်မျှ ငါ့လက်က မလွတ်နိုင်။ ယခုမှာမူ လျင်မြန်သောအဟုန်ဖြင့် ပြေးခုန်၍ လိုက်ပါငြား သော်လည်း ဖြေးဖြေးသာ သွားသော ဤရဟန်းကို ငါမမီနိုင်ချေ။ အံ့ဖွယ်သူရဲ မဖြစ်ဖူးမြဲလေတကား"

ဟု ကြံလျက် အတန်ငယ် ရပ်ပြီးလျှင်-

"အရှင် ရဟန်း ရပ်ဦး လော့-ရပ်ဦးလော့"

ဟု ဆိုလေသည်။ ထိုအခါ ဘုရားရှင်က-

"ငါကား ရပ်သည်၊ သင်သာ မရပ်သည်" မိန့်၏။

"အရှင်ရဟန်း၊ သင်သည် မရပ်မနား သွားလျက်ကိုပင် ငါ ရပ်၏၊ ကျွန်ုပ် ရပ်နေသည်ကို သင်ကား မရပ်ဟု အဘယ်ကြောင့် ဆိုပါသနည်း။ မှသာဝါဒသည် ရဟန်းတို့၏ အလေ့အထပင်လော"

"အချင်းအင်္ဂုလိမာလ၊ ငါသည် သူ့အသက်သတ်ခြင်း စသော မကောင်းမှု ဒုစရိုက်တို့၌ မလိုက်မစား ရှောင်ကြဉ် သည့်တွက် အပါယ်လားခြင်း မရှိ။ သုဂတိတို့၏ အထွင့်အထိပ် ဖြစ်သော နိဗ္ဗာန်လမ်းဝ၌သာ တည်ရကား ငါကား ရပ်သော သူ မည်၏။ သင်ကား ဒုစရိုက်တရားတို့ကို များစွာ ပြုလေ့ရှိသည်။ သတ္တဝါခပ်သိမ်းတို့အား သနားချစ်ခင်ခြင်း မရှိခြင်းသည် ကောင်းသောအကျင့်စာရိတ္တ မရှိသည်ဖြစ်၍ သေသောအခါ

www.dhammaransi.com



ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် ဟူသော အပါယ်လေးဘုံခွင်သို့ စင်စစ်သွားအံ့သောသူ ဖြစ်ရကား ရပ်နားသည် မမည်၊ သွားသည်ပင်မည်၏။ ထို့ကြောင့် ငါကား ရပ်၏။ သင်ကား မရပ်ဟု ငါဆိုသည်။”

ထိုစကားကို အင်္ဂုလိမာလ ကြားလျှင်-

“အနှစ်သာရ ရှိပေလှ၍ အသက်တည်သမျှ အောက်မေ့ထိုက်သော ဤကဲ့သို့သော စကားကို ဆိုလေတတ်သော သူကား လူ သာမည မဟုတ်၊ သိဒ္ဓတ္ထမင်းသား ဘုရားဆိုသော ပုဂ္ဂိုလ်သည် ဤကိုယ်တော်ပင် ဖြစ်ပေရာသည်။ မြင့်ကြာရှည်စွာ ငါသည်-မကောင်းမှုတရားတို့ကို ကျင့်မှားနေဘိသည်။ ဒုဂ္ဂတိဘုံသို့ လားအံ့သော အငါ့ကို ဘုရားရှင် သနားတော်မူလှ၍ ဤတောမြိုင်ဝသို့ ကြွတော်မူလာပေသည်”

ဟု ထင်မှတ်လျက် အလွန်ကြည်ညိုသောစိတ်ရှိရကား နှစ်သက်ခြင်း(ပီတိ)ငါးပါး နှံ့သောကိုယ်ဖြင့် ရိုသေကျိုးနွံစွာ ဘုရားရှင်၏ ခြေတော်၌ဝပ်လျက်-

“အရှင်မြတ်သည် ကျွန်ုပ်အား သနားသဖြင့် ချီးမြှောက်တော်မူပါ၊ ယုတ်မာသောအကျင့် ဟူသမျှ ပယ်ချပါတော့မည်”

ဟုလျှောက်ထား၍ လည်၌ဆွဲထားသော လက်ညှိုးတစ်ထောင်တို့ကိုလည်းကောင်း လက်နက်ငါးပါး တို့ကိုလည်းကောင်း တစ်ခုသော အိုင်ကြီး၌ ပစ်ချလေသည်။

www.dhammaransi.com



## ရဟန္တာဖြစ်ပြီ

ဘုရားရှင်သည် အင်္ဂုလိမာလအား အထူးထူးသော တရားကို ဟောကြားတော်မူလျက် အင်္ဂုလိမာလ၏ မင်္ဂဆိုက်မည့် အထောက်အပံ့ကို သိတော်မူ၍–

"ရဟန်း လာလော့၊ ဒုက္ခအဆုံးဖြစ်သော မြတ်သော တရားကို ကျင့်လော့"

ဟု သုံးကြိမ်ခေါ်တော်မူသည်။ ထိုခဏမှာပင် လူဝတ်လူစား ဆံမုတ်ဆိတ်တို့သည် အကုန်ကွယ်ပ၍ သပိတ်သင်္ကန်းပရိက္ခရာ အစုံနှင့်တကွ ခိပ္ပါဘိညာရဟန္တာအဖြစ်သို့ ရောက်လေသည်။

ဘုရားရှင်သည် အရှင်အင်္ဂုလိမာလမထေရ်ကို ကိုယ်တော်၏ ပရိက္ခရာကိုပါ လွယ်စေပြီးလျှင် နောက်တော်ဖြင့် ခေါ်၍ ကျောင်းတော်သို့ ကြွလာခဲ့သည်။

မန္တာနီ ပုဏ္ဏေးမသည်လည်း သားရဟန်းဖြစ်သည်ကို မြင်လျှင် ရွှင်လန်းဝမ်းသာစွာ ဥဿဘခွဲကွာသော နောက်တော်မှ လိုက်၍–

"ချစ်သား အဟိံသက၊ မိခင်နှင့်ခွဲရသည်မှာ နှစ်လရှည်ကြာ ပြီး အဘယ်မှာ ချစ်သားနေသနည်း၊ ဘယ်သို့ စားရပါသနည်း၊ အဘယ်သို့ အိပ်ရပါသနည်း၊ အဘယ်ကြောင့် ကြမ်းကြုတ်သော အမှုကို ချစ်သားပြုရဘိသနည်း၊ ယခု မိခင်အိမ်သို့ မဝင်တော့ပြီ လော"

www.dhammaransi.com



ဟု အဖန်တလဲလဲမေး၍ လိုက်လာ၏။ အင်္ဂုလိမာလသည် ဖြစ်သမျှသော အကြောင်းစုံကို မိခင်အား ပြန်ကြားပြော၍-

"ယခု ငါအား ဘုရားသခင်သာလျှင် မျက်မြင်ဘဝ၌ လည်းကောင်း၊ ၊ တမလွန် ဘဝ၌လည်းကောင်း၊ ချမ်းသာရောက် အောင် ချီးမြှောက်ပေးတော်မူသည်။ ဘုရား နောက်သို့သာ လိုက်ပါတော့အံ့"

ဟု ဆိုလေသည်။

ဘုရားရှင်သည် သာဝတ္ထိပြည်သူပြည်သားတို့ သိစေခြင်းငှာ **မြို့၏အနီး**ဖြစ်သော ခရီးဖြင့်လာ၍ ဇေတဝန်ကျောင်းတော်သို့ ဝင်လေသည်။ မန္တာနီ မိခင်ပုဏ္ဏေးမသည်လည်း ဝမ်းမြောက် ဝမ်းသာဖြစ်လျက် အိမ်သို့ ပြန်လေသည်။

## ကောသလမင်းက စိရင်ခွင့်တောင်းခြင်း

ထိုအချိန်တွင် ကောသလမင်းကြီးကလည်း အင်္ဂုလိမာလကို ဖမ်းဆီးရန် တပ်နှင့်ထွက်လာသည်။ အင်္ဂုလိမာလ ဘုရားရှင်ထံ ပါလာပြီဟု သတင်းကြား၍ **ဇေတဝန်**ကျောင်းသို့ ဝင်တော်မူ လေသည်။ မြတ်စွာဘုရားအား **အကြောင်း**မျိုးစုံ လျှောက်ထား မေးမြန်းသည်။

ထိုအချိန်တွင် အင်္ဂုလိမာလမထေရ်သည် ဘုရားရှင်အား ရှိခိုးရန် ထွက်၍လာသော် မှူးမတ်အပေါင်းတို့သည် ထိတ်လန့်

www.dhammaransi.com



တုန်လှုပ်ပြီး ပုန်းရှောင်ကြလေသည်။

"အရှင်ဘုရား၊ လူတစ်ထောင်ကျော်မျှသတ်သော ခိုးသား ရဟန်းပြုသဖြင့် မသင့်လျော်ပါ၊ တပည့်တော် စီရင်ခွင့်ပြုပါဘုရား"

"အသင်မင်းကြီး မစီရင်ထိုက်ပြီ၊ ဤသူ၏ ကံရင်းသည် အကြွင်းမဲ့ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်နေပြီ"

ဟု ဘုရားသခင်က မိန့်ကြား၍ ကောသလမင်းအား တရားဟောတော်မူလေသည်။ ကောသလမင်းသည် အံ့ဩချီးပ၍ နန်းတော်သို့ ပြန်လာခဲ့သည်။

နောက်နောက်သော နေ့များတွင် အင်္ဂုလိမာလ ဆွမ်းခံဝင်လာသောအခါ မြင်မြင်သမျှသော လူတို့သည်-

"သူပင် ငါ၏အဖကို သတ်သည်၊ ငါတို့၏သားကို သတ်သည်"

စသည်ပြောဆိုလျက် အချို့သည် အိမ်တံခါးပိတ်ကြသည်။ အချို့က ရှောင်ရှားပြေးကြသည်။ အချို့က အုတ်ခဲ၊ လှံတံတို့ဖြင့် ပစ်ကြသည်။ တစ်စုံတစ်ခုသော ဆွမ်း၊ တစ်ဇွန်းမျှသော ယာဂုကို မလောင်းကြကုန်။ ကျောင်းသို့ရောက်သောအခါ သံဃာတော်တို့နှင့်သာ မျှတကာ သုံးဆောင်ရလေသည်။

ထိုအကြောင်းကို ဘုရားရှင် သိတော်မူသော် အင်္ဂုလိမာလကို ခေါ်တော်မူ၍-

"ချစ်သား အင်္ဂုလိမာလ၊ သင့်ကို ပြည်သူပြည်သားတို့သည်

www.dhammaransi.com



အံသွားတခဲခဲဖြင့် ပြေးလွှားရှောင်ရှားကြသည်။ တစ်စုံတစ်ခုသော ယာဂုဆွမ်းကိုမျှ မလှူဒါန်းသည်ဟူသောအကျိုးသည် ယခုဘဝ၌ လူတစ်ထောင်ကို သတ်ခဲ့သော ပါဏာတိပါတကံ၏ ဒိဋ္ဌဓမ္မ အကျိုးပင်တည်း။ သင်၏သတ္တမ ဓောစေတနာသည် လည်းကောင်း၊ အလယ် ဓောစေတနာသည်လည်းကောင်း အဟောသိကံ ဖြစ်ကြလေပြီ ဟု တရားဓမ္မကို ဟောပြောပြတော်မူသည်။

## အင်္ဂုလိမာလ ပရိတ်တော်

တစ်နေ့တွင် အရှင်အင်္ဂုလိမာလသည် ဆွမ်းခံကြွစဉ် အိမ်တစ်အိမ်၌ မိန်းကလေးငယ်တစ်ဦးသည် မီးမဖွားနိုင်၍ ဒုက္ခကြီးစွာ ခံစားနေရသည်ကို အရှင်အင်္ဂုလိမာလတွေ့၍ အလွန်သနားကြင်နာတော်မူသည်။ ကျောင်းသို့ပြန်လာပြီး ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားသည်။

ဘုရားရှင်က "ယတောဟံ ဘဂိနိ အရိယာယ" စသော ဂါထာဖြင့် သစ္စာဆို ပရိတ်တော်ကို သင်ပေးသည်။ အရှင် အင်္ဂုလိမာလသည် ထိုသစ္စာပရိတ်ကိုယူပြီး အမျိုးသမီးငယ်ထံ ပြန်သွားကာ သစ္စာပရိတ်ကို ရွတ်ဖတ်သည်။ ထိုခဏမှာပင် အမျိုးသမီးငယ်သည် သန္ဓေသားကို လွယ်ကူစွာ မွေးဖွားလေသည်။

အရှင်အင်္ဂုလိမာလသည် ထိုပရိတ်တော်တည်းဟူသော ဆေးဖြင့်သာလျှင် ချမ်းသာစွာ ကိုယ်ဝန်မှ မထမြောက်နိုင်သော

www.dhammaransi.com



အမျိုးသမီးတို့အား ပရိတ်တရားတော်ကို ချိုးမြှင့်၍ ချမ်းသာစွာ မွေးဖွားစေသည်။

ထိုအချိန်ကျမှ ဒါယကာ၊ ဒါယိကာမတို့သည် အရှင်အင်္ဂုလိမာလသည် တန်ခိုးကြီးပေစွ ဟုဆိုကာ ကြည်ညိုကြ၍ လှူဒါန်းပူဇော်ကြလေသည်။

## သားကိုချစ်သော ချစ်မိသည့် ဝန်တာ

### ရဟန်းဝတ်လိုသော သူဌေးသမီး

ရာဇဂြိုဟ်ပြည်၌ ပစ္စည်းဥစ္စာကြွယ်ဝသော သူဌေးတစ်ဦးတွင် သမီးတစ်ယောက်ရှိလေသည်။ ထိုသမီးသည် အတိတ်ဘဝက ပြုခဲ့သောကုသိုလ်များစွာ ရှိခဲ့သည်။ ဝိပဿနာတရားကို ဆင်ခြင်အပ်သဖြင့် သခါရသဘောတရားတို့ကို သိရှိသဘောပေါက်နားလည်သည်။ သူမဘဝသည် နောက်ဆုံးဘဝဖြစ်သည်။ အိုး၏အတွင်း၌ရှိသော ဆီမီးကဲ့သို့ ထိုသူဌေးသမီး၏ နှလုံးဝယ် အရဟတ္တဖိုလ်က အထောက်အပံ့သည်ရှိသည်။

ထိုသူဌေးသမီးသည် သိတတ်သောအရွယ်မှစ၍ အိမ်၌ မမွေ့လျော်၊ ရဟန်းပြုလိုသောစိတ်သာ ပြင်းထန်နေသည်။ အားသန်နေသည်။ မိဘတို့ထံ ရဟန်းပြုခွင့်တောင်းသည်။ မိဘတို့ကလည်း–

www.dhammaransi.com



"ချစ်သမီး–ငါတို့မှာ စည်းစိမ်ဥစ္စာ များစွာရှိသည်။ သင်သည် ငါတို့၏ တစ်ဦးတည်းသောသမီးဖြစ်သည်။ သို့အတွက် သမီးကို ရဟန်းပြုခွင့် မပေးနိုင်ပါ"

သူဌေးသမီးသည် မိဘတို့ထံ အကြိမ်ကြိမ် ခွင့်တောင်းသော်လည်း မိဘတို့ထံမှ ရဟန်းပြုခွင့်မရသဖြင့်–

"ယခု မိဘတို့ထံ ရဟန်းပြုခွင့်မရလျှင် ရှိစေဦး၊ လင်ရ၍ လင့်အိမ်ရောက်မှ လင်ကို နှစ်သိမ့်စေပြီး ရဟန်းပြုအံ့"

ထိုသူဌေးသမီးသည် အရွယ်ရောက်၍ မိဘများက အိမ်ထောင်ချပေးသည်။ လင့်အိမ်သို့ လိုက်သွားရလေသည်။ လင့်အိမ်တွင် သူဌေးသမီးသည် လင်ကို နတ်ကဲ့သို့ ရိုသေ၍ သီလနှင့်ပြည့်စုံစွာ ကောင်းသောအကျင့်ရှိလျက်နေလေသည်။

ထိုအခါ သူဌေးသမီးအား ကိုယ်ဝန်တည်သည်။ သူဌေးသမီးသည် ကိုယ်ဝန်တည်သည့်အဖြစ်ကို မသိချေ။

ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်ဝယ် နက္ခတ်သဘင်ပွဲကျင်းပပြီး အလုံးစုံသော မြို့သူမြို့သားတို့သည် နက္ခတ်သဘင်ပွဲ ကစားကြသည်။

သူဌေးသမီးသည် လင့်အလိုကျ မြတ်သောနက္ခတ်သဘင်ပွဲသို့ သွားရောက်ကစားသော်လည်း မိမိကိုယ်ကို မလိမ်းကျံ မဆင်ယင်ဘဲ ပကတိ အသွင်ဖြင့်သာလျှင် သွားလေသည်။

www.dhammaransi.com



## ခန္ဓာပုပ်ကို တန်ဆာမဆင်လိုပါ

ထိုအခါ လင်ဖြစ်သူက–

"ရှင်မ တစ်မြို့လုံးသည် နက္ခတ်သဘင်အလှကို အမိုပြု၍ အလှပြင်ဆင်ကြသည်။ သင့်မှာမူကား ကိုယ်ကိုမသုတ်သင် မဆင်ယင်ပါတကား"

ဟု ဆိုလေသည်။ ထိုအခါ သူဌေးသမီးက–

"အရှင့်သား၊ ကျွန်ုပ်ကိုယ်သည် သုံးဆယ့်နှစ်ပါးကုန်သော အပုပ်တို့ဖြင့်ပြည့်၏။ ဤသို့သော ကိုယ်ကို တန်ဆာဆင်သဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။ ဤကိုယ်ကို နတ်လည်း မဖန်ဆင်း၊ ဗြဟ္မာလည်း မဖန်ဆင်း၊ ဤကိုယ်သည် ရွှေဖြင့်လည်း မပြီး၊ ပတ္တမြားဖြင့်လည်း မပြီး၊ စန္ဒကူးနံ့သာဖြင့်လည်း မပြီး၊ ပုဏ္ဏရိတ်ကြာ၊ ကုမုဒြာကြာ၊ ကြာနီ၊ ကြာညို၊ ကြာဖြူ ပွင့်ချပ်တို့၌လည်း မဖြစ်၊ မသေ၍ အစဉ်ထာဝရ နေရသည်လည်း မဟုတ်၊ မသေဆေးဖြင့် ပြုလုပ်စီရင်ထားသည်လည်း မဟုတ်၊ စင်စစ်သော်ကား မစင်ဖြင့် ပြည့်၏။ မမြဲသော သဘောရှိ၏။ နန္တင်းကသယ် အစရှိသည်တို့ဖြင့် လိမ်းကျံအပ်သော သဘောရှိ၏။ ပျက်စီးတတ်သော သဘောရှိ၏။ စက်ဆုပ်ဖွယ်သော အာဟာရကြောင့် ပွား၍ တဏှာကို ဖြစ်စေ၏။ စိုးရိမ်ခြင်းတို့၏ အကြောင်းဖြစ်သည်။ ငိုကြွေးခြင်းတို့၏ တည်ရာဖြစ်၏။ ခပ်သိမ်းသော ရောဂါတို့ တည်ရာဖြစ်၏။ ညှဉ်းဆဲခြင်းကို ခံယူတတ်၏။

www.dhammaransi.com



အတွင်း၌ ပုပ်၏။ အမြဲလျှင် အပသို့ အပုပ်အစပ်တို့ ယိုစီး၏။ ပိုးမျိုးစုံတို့၏ နေရာဖြစ်၏။ သုသာန်မြေ၌ လျောင်းရလတ္တံ့ ဖြစ်သည်။ သေခြင်းလျှင်အဆုံးရှိ၏။ လူအပေါင်းတို့၏ မျက်စိ မြင်ကောင်းသော အရပ်၌ ဖြစ်ငြားသော်လည်း ဤကိုယ်သည် အရိုးအကြောတို့နှင့်ယှဉ်လျက် အတွင်းအရေအသားတို့သည် လိမ်းကျံလျက် အပရေသည် ဖုံးလွှမ်းအပ်ရကား အဟုတ်အမှန် အားဖြင့် သတ္တဝါအများ ကာမသားတို့ မထင်အသည်း စည် ပေါင်းအိမ်နှလုံး၊ အဆုတ်၊ အညို့၊ အဖျဉ်း၊ နှပ်၊ တံတွေး၊ ချွေး၊ အဆီခဲ၊ သွေး၊ အစေး၊ သည်းခြေ၊ ဆီကြည်တို့ဖြင့် အူသိမ်အူမတို့၌ ပြည့်၏။

"ထိုမှတစ်ပါးလည်း ဤကိုယ်၌ ဒွါရကိုးပေါက်တို့မှ အစဉ်တစ်စိုက်လျှင် မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်တို့သည် ယိုစီး၏။ မျက်စိမှ မျက်ချေး၊ နားမှ နားဖားချေး၊ နှာခေါင်းမှ နှပ်ချေး၊ ခံတွင်းမှ ရံခါသလိပ်၊ ရံခါသည်းခြေ၊ ကိုယ်မှ ချွေးကြီးချွေးငယ်တို့သည် ယိုစီးကုန်၏။ ဤကိုယ်တွင်းသည် အပဖြစ်လျှင် တုတ်နှင်တံကိုကိုင်ပြီး ကျီး၊ ခွေးတို့ကို ခြောက် လှန့်နေရပေမည်။ ဤကိုယ်သည် မကောင်းသောအနံ့ရှိသည်။ မစင်ကြယ်သည်သာ ဖြစ်သည်။ ခွေးကောင်ပုပ်သဖွယ်သာ ဖြစ်၏။ လူနတ်တို့၏ မျက်စိသဖွယ်ဖြစ်သော အရိယာ သူတော်ကောင်းတို့သည် ဤကိုယ်ကို ကဲ့ရဲ့အပ်ကုန်သည်။

www.dhammaransi.com



ဤကိုယ်ကို သူမိုက်တို့သာလျှင် နှစ်သက်အပ်သည်။

"အရှင့်သား ဤသို့သဘောရှိသော ကိုယ်ကို တန်ဆာဆင်သဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း။ ဤသို့သဘောရှိသောကိုယ်ကို တန်ဆာဆင်ခြင်းသည် မစင်ဖြင့် ပြည့်သောအိုး၏ အဝ၌ ပန်းချီဆေးဝါး ရေးသားစီရင်ဘိသကဲ့သို့ မရှိပါသလော" ဟု ဆိုလေသည်။

## ရဟန်းပြုခွင့်ရပြီ

ထိုအခါ သူဌေးသားက–

"ရှင်မ၊ ခန္ဓာကိုယ်ကို သင် ဤကဲ့သို့ မြင်လျှင် အဘယ်ကြောင့် ရဟန်းမပြုဘဲ နေဘိပါသနည်း" ဟုဆိုသည်။

"အရှင့်သား၊ ကျွန်မ ရဟန်းပြုခွင့်ရပါက ယနေ့ပင် ရဟန်းပြုလိုပါသည်"

"ကောင်းပြီ၊ ရှင်မကို ကျွန်ုပ် ရဟန်းပြုပေးပါမည်"

သူဌေးသားသည် သူဌေးသမီးကို ရဟန်းပြုခွင့်ပေးပြီး ကြီးစွာသောအလှူကိုပြုကာ များစွာသော အခြံအရံတို့ဖြင့် ရဟန်းမိန်းမကျောင်းသို့ပို့ကာ ရဟန်းပြုပေးသည်။ ထိုရဟန်းမ ကျောင်းသည်ကား ဒေဝဒတ် အသင်းအပင်းဝင် ရဟန်းမကျောင်း ဖြစ်လေသည်။

သူဌေးသမီးသည် ရဟန်းအဖြစ်ကို ရပြီး၍ မိမိအကြံအစည်

www.dhammaransi.com



အောင်မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ရှိနေလေသည်။ ရဟန်၊တရားကိုလည်း ကြိုးစားအားထုတ်ကျင့်ကြံ နေထိုင် လေသည်။

## ရဟန်းမ၏ ကိုယ်ဝန်ပြဿနာနှင့် ဆရာဒေဝဒတ်

များမကြာမီ ရဟန်းမတွင် လူ့ဘဝက ပါလာသော ကိုယ်ဝန်သည် ရင့်သထက် ရင့်လာသည်။ ကိုယ်ဏ္ဍြေတို့သည် ဖောက်ပြန်လာသည်။ အခြားရဟန်းမတို့သည် ထိုသူဌေးသမီး ရဟန်းအမ၏ လက်ဖမိုးထူခြင်း၊ ဝမ်းရည်ကြီးခြင်းကိုမြင်၍–

"ရှင်မ သင်သည် ကိုယ်ဝန်စွဲလောင်တကား၊ အဘယ့်ကြောင့် ဤအမှုသည် ဖြစ်တုံဘိသနည်း" ဟု မေးကြသည်။

"အရှင်မတို့၊ အဘယ်သို့အကြောင်းကြောင့် ကိုယ်ဝန်စွဲသည်ကို ကျွန်ုပ် မသိပါ၊ ကျွန်ုပ်၏ သီလကတော့ စင်ကြယ်ပါသည်"

ထိုအခါ ရဟန်းမိန်းမတို့သည် ကိုယ်ဝန်စွဲသော သူဌေးသမီး ရဟန်းမကို ဒေဝဒတ်ထံသို့ ခေါ်ဆောင်သွားကြသည်။

"အရှင်ဘုရား ဤအမျိုးသမီးသည် ခဲရာခဲဆစ် ညှိညှင်းစွာ ဖြင့်ပင် လင်ကို နှစ်သိမ့်စေပြီးမှ ရဟန်းအဖြစ်ကို ရခဲ့ပါသည်။ ယခုမူဤအရှင်မအား ကိုယ်ဝန်စွဲခြင်းသည် ဖြစ်၏။ ကျွန်ုပ်တို့သည် ရဟန်းအဖြစ်မှ ရသည်၊ လူဖြစ်စဉ်က ရသည်ကို

www.dhammaransi.com



မသိနိုင်ကြပါကုန်။ ယခု အဘယ်ကဲ့သို့ ပြုရပါအံ့နည်း”

ဟု ဒေဝဒတ်ကို လျှောက်ထားကြသည်။

ရှင်ဒေဝဒတ်သည် ပညာမရှိသည့် အဖြစ်ကြောင့်လည်းကောင်း၊ ခန္တီ ၊မေတ္တာ၊ ကရုဏာမရှိသည့် အဖြစ်ကြောင့်လည်းကောင်း ဤသို့ ကြံစည်မိလေသည်။

“ဒေဝဒတ် ဩဝါဒခံ ရဟန်းမိန်းမသည် ဝမ်းဖြင့်ကိုယ်ဝန်ကို လွယ်၏။ ဒေဝဒတ်သည် ထိုရဟန်းမိန်းမကို တစိမ့်စိမ့်ကြည့်၏ ဟူ၍ ငါ့ကို လူတို့ကဲ့ရဲ့ခြင်းသည် ဖြစ်ရချေ၏။ ငါသည် ဤရဟန်းမိန်းမကို လူထွက်စေသင့်၏”

ဤသို့ကြံစည်ပြီးလျှင် ဒေဝဒတ်သည် စဉ်းစားဆင်ခြင်မှုမပြုတော့ဘဲ ရဟန်းမိန်းမတို့ကို ငေါက်ငန်းအော်ဟစ်လျက်–

“သင်တို့ သွားကြကုန်၊ ဤရဟန်းမိန်းမကို လူထွက်စေကုန်လော့”

ဟုဆိုကာ ကြိမ်းမောင်းလွှတ်လေ၏။

ထိုရဟန်းမိန်းမတို့သည် ဒေဝဒတ်စကားကို နာကြားပြီး မိမိတို့ ကျောင်းသို့ ပြန်လာခဲ့ကြလေသည်။ ထိုအခါ သူဌေးသမီးရဟန်းမငယ်က–

“ရှင်မတို့၊ ဒေဝဒတ်သည် ဘုရားမဟုတ်။ ကျွန်ုပ်သည်လည်း ဒေဝဒတ်ထံ ရဟန်းပြုသည် မဟုတ်။ ကျွန်ုပ်သည်လောကဋ္ဌ သဗ္ဗညု ဘုရားရှင်ထံ၌သာ ရဟန်းပြုသည်။

www.dhammaransi.com



ထိုရဟန်းပြုခြင်းကိုလည်း လွယ်လင့်တကူရသည် မဟုတ်ပါ။ ညှိညင်သဖြင့် ရခဲ့ရပါသည်။ ကျွန်ုပ်ကို လှူဝတ်မလဲကြပါနှင့်ဦး။ ကျွန်ုပ်ကို ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းသို့ ဆောင်ယူသွားကြပါဦး"

ဟု တောင်းပန်လေသည်။

ထိုအခါ ရဟန်းမများသည် ထိုကုမာရကဿပ မယ်တော်ရဟန်းမငယ်ကို ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်သွားကြလေသည်။ ဘုရားရှင်ကိုလည်း အကျိုး အကြောင်းစုံကို လျှောက်ထားကြသည်။

## ရဟန်းမငယ် သီလစင်ကြယ်သည်

မြတ်စွာဘုရားသည် ထိုသူဌေးသမီးရဟန်းမ၏ လူဖြစ်စဉ်က ကိုယ်ဝန်တည်သည်ကို သိသော်လည်း သူတစ်ပါးတို့ ကဲ့ရဲ့ ပြစ်ဆိုခြင်း လွတ်စေရန် ပသေနဒီကောသလမင်းကြီး၊ မဟာအနာထပိဏ် သူဌေးကြီး၊ စူဠအနာထပိဏ်သူဌေး၊ ဝိသာခါ ဒါယကာမတို့နှင့် ထင်ရှားသော အမျိုးသမီးကြီးတို့ကို ခေါ်စေ၍ အရှင်ဥပါလိကို-

"ချစ်သား ဥပါလိ သွားချေ၊ ဤ ရဟန်းမလေး၏ အမှုကို ပရိသတ်အလယ်၌ ရှင်းလင်းချေ"

ဟု စေခိုင်းတော်မူလေသည်။

www.dhammaransi.com



အရှင်ဥပါလိသည် ကောသလမင်းကြီး၏ ရှေ့၌ ဝိသာခါကို ခေါ်စေ၍ အမိကရုဏ်းပြဿနာကို လက်ခံစေလေ၏။ ဝိသာခါသည် တင်းတိမ်ကန့်လန့်ကာကို ကာစေ၍ ထိုအတွင်း၌ ရဟန်းမလေး၏ လက်၊ ခြေ၊ ချက်၊ ဝမ်းဗိုက်အဆုံး နေရာတို့ကို ကြည့်ကာ လ၊ ရက် တို့ကို တွက်ချက်နှိုင်းချိန်၍ -

"လူ့ဘဝ၌ ဤကိုယ်ဝန်ကို ရအပ်သည်မှာ မှန်လှသည်"

ဟု မထေရ်ကို လျှောက်ထားလေသည်။

ထိုအခါ အရှင်ဥပါလိ မထေရ်သည် ရဟန်းမလေးကို ပရိသတ်အလယ်၌ သီလစင်ကြယ်သည့်အဖြစ်ကို တည်စေလေသည်။ထိုရဟန်းမလေး၏ ဝမ်းဝယ် ပဒုမုတ္တရ မြတ်စွာဘုရားထံ၌ ဆုပန်ခဲ့သော ဘုန်းတန်ခိုးကြီးမားသော သားသည် သန္ဓေတည်ပြီး ဆယ်လပြည့်သော် ဖွားမြင်လေသည်။

တစ်နေ့တွင် ကောသလမင်းကြီးသည် ရဟန်းမများ ကျောင်းအနီးမှ ဖြတ်၍သွားသော် ကလေးငိုသံကို ကြားရသည်။

"ဤအသံသည် အဘယ်နည်း"

ဟု မေးသည်။

"မင်းမြတ်၊ ရဟန်းမတစ်ဦး သားဖွားပါသည်။ ဤအသံသည် ထိုကလေး၏ အသံပါတည်း"

ဟု လျှောက်ကြလေသည်။

www.dhammaransi.com



"ကလေးနှင့် ရဟန်းမတို့ မအပ်စပ် မသင့်တော်။ ထိုကလေးကို ငါတို့ မွေးမြူအပ်၏"

ဟုဆိုကာ မင်းကြီးသည် ကလေးကို ယူစေပြီး နို့ထိန်းတို့အား ပေးအပ်မွေးမြူစေသည်။

အမည်မှည့်သောနေ့ဝယ် အနွယ်ကိုစွဲကာ "ကဿပ" ဟူသော အမည်ကို မှည့်ကြသည်။ မင်းသားတို့အဆောင်အယောင်ဖြင့် ကြီးပြင်းရသောကြောင့် "ကုမာရကဿပ"ဟု အသိများကြကုန်၏။

## ကုမာရကဿပ ရဟန်းပြုခြင်း

သတို့သားငယ်သည် မြူးတူးပျော်ပါးကစားတတ်သော အရွယ်၌ ကစားကွင်း၌ ကစားကြရာ သူငယ်တို့ကို ရိုက်နှက်ပုတ်ခတ်သဖြင့်–

"မိဘမဲ့သားသည် ငါတို့ကို ပုတ်ခတ်ဘိသည်"

ဟု ဆိုကြကုန်သည်။

ထိုအခါ ကုမာရကဿပသည် မခံမရပ်နိုင်ဖြစ်ပြီး မင်းကြီးထံ ချဉ်းကပ်ကာ–

"ခမည်းတော် မင်းမြတ်၊ သားတော်ကို မိဘမဲ့သားဟု ဆိုကြ ပါကုန်၏။ သားတော်၏ မယ်တော်ကို မိန့်ကြားပေးပါလော့" ဟု မေးမြန်းလျှောက်ထားသည်။

www.dhammaransi.com



မင်းကြီးသည် နို့ထိန်းသည် မိန်းမကိုပြ၍-

"ဤမိန်းမတို့သည် သင် ချစ်သား၏ မယ်တော်တို့ ဖြစ်ကြကုန်၏"

ဟုမိန့်ကြားသည်။

"သားတော်၏ မယ်တော်တို့သည် ဤမျှလောက် မဖြစ်နိုင်ပါ၊ သားတော်၏ မယ်တော်သည် တစ်ယောက်သာ ဖြစ်နိုင်ပါသည်။ ထိုတစ်ယောက်တည်းသော မယ်တော်ကိုသာ သားကို ပြောကြားပါလော့"

ဟု ဆိုလေသည်။

မင်းကြီးသည် ဤသူငယ်ကို လှည့်စားရန် မတတ်ကောင်းဟု ကြံပြီးလျှင်-

"ချစ်သား၊ သင်၏မယ်တော်သည် ရဟန်းမ ဖြစ်၏။ သင်ချစ်သားကို ခမည်းတော်သည် ရဟန်းမကျောင်းမှ သယ်ဆောင်ယူခဲ့၏"

ဟု ပြောဆိုမိန့်ကြားသည်။

ကုမာရကဿပသည် ထိုမျှသောစကားဖြင့်ပင် သံဝေဂကြီးစွာရသဖြင့် -

"ခမည်းတော်၊ သားတော်ကို ရဟန်းပြုပေးတော်မူပါ"

ဟု တောင်းဆိုလေသည်။

"ချစ်သား၊ ကောင်းပါပြီ၊ ပြုပေးပါမည်"

www.dhammaransi.com



ဟု ဆိုကာ သတို့သားကို ကြီးစွာသော ပူဇော်သက္ကာဖြင့် ဘုရားရှင်ထံ၌ ရဟန်းပြုပေးလေသည်။

ထိုသတို့သားသည် ရဟန်းအဖြစ်ကိုရသော် "ကုမာရကဿပထေရ်" ဟု ထင်ရှားသည်။ ထိုမထေရ်သည် ဘုရားထံ၌ ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ဝင်၍ တရားအားထုတ်ရာ တရားထူးဖြစ်စေရန် မတတ်နိုင်သဖြင့် တစ်ဖန်ကမ္မဋ္ဌာန်းအထူးကို ယူဦးအံ့ဟု ဘုရားရှင်ထံ ပြန်လာကာ အန္ဓဝန်တော၌ နေလေသည်။

## ဗြဟ္မာအကူဖြင့် ရဟန္တာဖြစ်ပြီ

ထိုအခါ ကုမာရကဿပ မထေရ်ကို ကဿပဘုရားရှင် လက်ထက်၌ အတူတကွ တရားအားထုတ်ခဲ့၍ အနာဂါမ်မဂ်ဖိုလ်သို့ရောက်သော ယခင်က ရဟန်းဖြစ်ဖူးသော ဗြဟ္မာသည် ဗြဟ္မာပြည်မှ ဆင်းသက်လာပြီးလျှင် တစ်ဆယ့်ငါးချက်သော ပြဿနာတို့ကို မေးသည်။

"ဤပြဿနာတို့ကို ဘုရားရှင်မှတစ်ပါး အခြားမည်သူမျှ မဖြေဆိုနိုင်ပါ။ ဘုရားထံသွား၍ ဤပြဿ နာများ၏ အဖြေကို သင်ယူပါချေ" ဟု တိုက်တွန်းလေသည်။

ရှင်ကုမာရကဿပသည်လည်း ဗြဟ္မာတိုက်တွန်းသည့် အတိုင်း ဘုရားရှင်ထံ သွား၍ မေးလျှောက်သည်။ ဘုရားရှင်က ပြဿနာများကို ဖြေကြားပေးသည်။ ပြဿနာများ၏ အဖြေ

www.dhammaransi.com



အဆုံးတွင် ရှင်ကုမာရကဿပသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## သားကိုချစ်မိသည့် ဝန်တာ

ကုမာရကဿပမထေရ် တောထွက်သည့်နေ့မှစ၍ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး မယ်တော်ရဟန်းမ၏ မျက်လုံးဝယ် သားကို မြင်တွေ့လိုသော မေတ္တာဇောကြောင့် မျက်ရည်မစဲ စိုစို့ရွှဲ ဖြစ်နေရလေသည်။ တရားကိုလည်း ကောင်းစွာ အား မထုတ်နိုင်ချေ။

သင်္ကန်းဝတ်ကိုလည်း မချွတ်နိုင်။ သားကိုလည်း လွမ်းတ ပူဆွေး သောကဘေးတို့နှင့် အမြဲရင်ဆိုင်နေရလေသည်။

တစ်နေ့ကုမာရကဿပမထေရ်၏ မယ်တော်ရဟန်းမ သည် ပူဆွေးသောကဖြစ်လျက်ပင် ဆွမ်းခံဝင်တော်မူလေသည်။ လမ်းကြားတစ်ခုဝယ် သားတော် ကုမာရကဿပမထေရ်ကို တွေ့မြင်မိလေသည်။

မယ်တော်ရဟန်းမသည် "သား-သား" ဟုတမ်းတလျက် မထေရ်ကို ဖမ်းကိုင်နိုင်ရန် ပြေးလိုက်လေသည်။ သင်္ကန်းဖရိုဖရဲဖြင့် ပြေးလိုက်သော ရဟန်းမသည် လမ်းတွင် တုတ်လဲကျသည်။ သားမြတ်တို့မှ နို့ရည်တို့သည် သားကိုချစ်သောမေတ္တာဇော အဟုန်ပြင်းသည့်အတွက်ကြောင့် ပန်းထွက်ကြကုန်သည်။

www.dhammaransi.com



ဝတ်ထားသော သင်္ကန်းတွင် နို့ရည်တို့ဖြင့် ရွှဲရွှဲစိုတော့သည်။

မိခင်ရဟန်းမသည် ဖရိုဖရဲ သင်္ကန်း၌ နို့ရည်စိုစွတ်နေသော သင်္ကန်းကို ကပျာကယာ သိမ်းကျုံးယူငင်ပြီး သားနောက်သို့ အမိလိုက်ကာ မထေရ်ကို "သား-သား" ဟုဆိုကာ ဆွဲကိုင်လေသည်။

ရှင်ကုမာရကဿပမထေရ်သည် -

'ဤမယ်တော်ရဟန်းမသည် ငါ့ထံမှ ချိုသာသောစကားကို ကြားရလျှင် ပျက်စီးသွားလတ္တံ့၊ တင်းမာသောစကားကိုသာပြု၍ ဤမယ်တော်နှင့်အတူ စကားဆိုပေအံ့'

ဟု ကြံစည်တော်မူသည်။

"အဘယ်အမှုကိုပြု၍ လှည့်လည်နေဘိသနည်း၊ ချစ်ခင်ခြင်း အမှုကိုလည်း ပယ်ဖြတ်ရန် မတတ်နိုင်ပါသလော"

ဟု တင်းတင်းမာမာ ဆိုမိန့်လေသည်။ ထိုအခါ မယ်တော်ရဟန်းမ၏ စိတ်ထဲဝယ်-

'ဩော်-သား မထေရ်၏ စကားက တင်းမာခက်ထန်လေစွ ပါတကား'

ဟု ကြံစည်မိ၍ -

"ချစ်သား အဘယ်သို့ ဆိုဘိသနည်း"

ဟု မေးတော်မူလေသည်။ မထေရ်မြတ်သည် ရှေးနည်းအတိုင်းပင် ခက်ထန်မာကြောစွာ မိန့်ပြန်သည်။

www.dhammaransi.com



'ငါကား ဤသားတည်းဟူသော အကြောင်းကြောင့် တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး မျက်ရည်တို့ကို ဆည်ရန် မတတ်နိုင်၊ ဤသားသည်ကား ခက်ထန်သော နှလုံးသားရှိသည်။ ဤသားဖြင့် ငါ့အား အဘယ်အကျိုး ရှိပါအံ့နည်း'

ဟု ကြံစည်၍ သား၌ဖြစ်သော ချစ်ခြင်းမေတ္တာကို ဖြတ်တောက်လိုက်သည်။

ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဤဝတ္ထုဇာတ်တွင် မယ်တော်ကြီးသည် ရဟန်းမ ဖြစ်နေသော်လည်း သတိမထားနိုင်၊ မထိန်းချုပ်နိုင်၊ အရှုံးမကြီးပမာ ပတ်ဝန်းကျင်ကို မည်သို့မျှ မရှုက်နိုင်၊ ဂရုမစိုက်နိုင်လောက်အောင် သားကို ချစ်ရှာကြောင်း၊ သားကို သံယောဇဉ်ကြီးကြောင်း ပေါ်လွင်လှပါသည်။ နောက်ဆုံး သားကြောင့်ပင် ရဟန္တာမ ဖြစ်သွားရသည်။

## သားကိုချစ်၍ အသက်စွန့်သည့် မိခင်

### အဿမုခီဘိလူးမဘဝ

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး နန်းစံစဉ်ဖြစ် သည်။ ထိုမင်း၏ မိဖုရားသည် လွန်ကျူးမှားသော အကျင့်ကို ကျင့်သည်။ မင်းကြီးက သတင်းကြား၍ မိဖုရားကို ခေါ်ယူ

www.dhammaransi.com



စစ်ဆေးမေးမြန်းသည်။

ထိုအခါ မိဖုရားက–

“မြတ်သောမင်းကြီး၊ ကျွန်ုပ်သည် အရှင်မင်းကြီးမှတစ်ပါး အခြားလွန်ကျူး၍ ကျင့်မှားဖောက်ပြန်မိက နောင်ဘဝတွင် အသဲ မုခီဘီလူးမ ဖြစ်ပါစေ” ဟု ကျိန်ဆို၍ ငြင်းဆိုလေသည်။

ထိုမိဖုရားသည် ပြုမိသောကံကြောင့် နောင်တ,ရကာ စိတ်မချမ်းမသာဖြစ်ပြီးလျှင် မကြာခင် ထိုစိတ်ရောဂါဖြင့်ပင် ကွယ်လွန်ခဲ့လေသည်။

ထိုမိဖုရားသည် ကျိန်စာဆိုခဲ့သည့်အတိုင်း တစ်ခုသော တောင်ခြေရင်း၌ အဿမုခီ ဘီလူးမ ဖြစ်လေသည်။ ထိုတောင်၌ ရှိသော လိုဏ်တစ်ခုထဲ၌ နေလေသည်။ တောအုပ်ကြီးဝယ် အရှေ့မှ အနောက်သို့ ဖြတ်သွားလေ့ရှိသော လူတို့ကို ဖမ်းယူစားသောက်လေသည်။

ထိုဘီလူးမသည် သုံးနှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကို ခစား၍ အလျားအားဖြင့် ယူဇနာသုံးဆယ်၊ အနံအားဖြင့် ငါးယူဇနာရှိသော အရပ်၌ရှိသော လူတို့ကို ဖမ်းစားခွင့် ရလေသည်။

## ပုဏ္ဏားကို ဖမ်း၍ လင်ပြုခြင်း

ထိုအခါ တစ်နေ့သ၌ ကြွယ်ဝသော များသော ဥစ္စာ

www.dhammaransi.com



စည်းစိမ်ရှိသော အဆင်းလှသော ပုဏ္ဏားတစ်ယောက်သည် အခြံ အရံများစွာဖြင့် ထိုခရီးသို့ သွားလေသည်။

အသယမုခီ ဘီလူးမသည် ထိုပုဏ္ဏားကိုမြင်၍ မြင်လျှင် မြင်ခြင်းပင် ချစ်ခင်နှစ်သက်မိ၍ ပုဏ္ဏားထံသို့ ပြေးလာသည်။ အခြံအရံတို့သည် ဘီလူးမကို မြင်ကြသောအခါ လွတ်ရာသို့ ထွက်ပြေးကြလေသည်။

ဘီလူးမသည် လေကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် လာ၍ ပုဏ္ဏားကို ဖမ်းယူ၍ ကျောကုန်း၌တင်ကာ လိုဏ်သို့ သယ်ဆောင် ခဲ့လေသည်။ လမ်းတွင် ယောကျ်ားတည်းဟူသော အတွေ့အထိကို ခံစားရ၍ ကိလေသာ အစွမ်းအားဖြင့် ထိုပုဏ္ဏားကို ချစ်ခြင်း ဖြစ်ပေါ်ပြီး ပုဏ္ဏားကို သတ်မစားဘဲ လင်ပြုထားလေသည်။

ပုဏ္ဏားနှင့် ဘီလူးမတို့သည် သင့်တင့်ညီညွတ်စွာ ပေါင်း သင်းဆက်ဆံနေကြလေသည်။

ဘီလူးမသည် လူတို့ကို ဖမ်းဆီးယူလတ်သော် အဝတ်၊ ဆန်၊ ဆီ၊ ဆား တို့ကိုပါ ယူ၍ ပုဏ္ဏားအား အထူးထူးသော မြတ်သောအရသာရှိသော ဘောဇဉ်အာဟာရတို့ကို စီစဉ်ပေး သည်။ မိမိကိုယ်တိုင်ကမူ လူသားကိုသာ စားသည်။

မိမိအစာရှာထွက်သောအခါ ပုဏ္ဏား ထွက်ပြေးမှာ စိုး သောကြောင့် ကျောက်ပြားကြီးဖြင့် လိုဏ်ပေါက်ဝကို ပိတ်ထားခဲ့ သည်။

www.dhammaransi.com



## သားတစ်ယောက် ဖွားမြင်ခြင်း

ထိုပုဏ္ဏား-ဘိလူးမတို့နှစ်ယောက် ဝမ်းမြောက်ချစ်ကြည်စွာ နေလတ်သော် ဘုရားလောင်းသည် မြင့်ရာအရပ်မှ စုတေ၍ ဘိလူးမ ဝမ်း၌ ပဋိသန္ဓေ နေလေသည်။

ဘိလူးမသည် ဆယ်လလွန်သဖြင့် သားကို ဖွားမြင်လေသည်။ သား၌လည်းကောင်း၊ ပုဏ္ဏား၌လည်းကောင်း ကြီးစွာသော ချစ်ခြင်းသည် ဖြစ်၍ နှစ်ယောက်သော လင်နှင့် သားကို မိမိကိုယ်တိုင်ပင် ရှာဖွေလုပ်ကိုင်ကျွေးမွေး စောင့်ရှောက်လေသည်။

ဘိလူးမသည် သားကြီးပြင်းအရွယ်သို့ ရောက်သော်လည်း အဖနှင့်သားကို လိုဏ်ထဲ၌သာ ကျောက်တုံးဖြင့်ပိတ်၍ ထားခဲ့လေသည်။

တစ်နေ့တွင် သားသည် မိခင်ဘိလူးမ အစာရှာထွက်သည်ရှိသော် ကျောက်တုံးကို ဖယ်၍ အဖကို လိုဏ်ပြင်ပ၌ ထားသည်။ ဘိလူးမ ပြန်လာ၍ သားအဖကို အပြင်၌တွေ့သော်-

"ဟေ-ဘယ်သူသည် ဤကျောက်ဖျာကို ဖယ်ရှားသနည်း" ဟုမေး၏။

"မိခင် ကျွန်ုပ် ဖယ်ရှားပါသည်။ အမှောင်ထဲ၌ မနေလို၍ ဖယ်ရှားထွက်ပါသည်"

ဟု ပြော၏။

ဘိလူးမသည် သားကိုချစ်သည့် မေတ္တာစွမ်းအားကြီး

www.dhammaransi.com



သည့်အတွက်ကြောင့် တစ်စုံတစ်ရာ မပြောတော့ဘဲ ထားလိုက်သည်။

## သားအဖ ထွက်ပြေးကြခြင်း

တစ်နေ့တွင် သားသည် အဖကို -

"ဖခင်၊ အဘယ်သို့သောအကြောင်းကြောင့် ဖခင်၏ မျက်နှာပုံသဏ္ဍာန်သည်တစ်ခြား၊ မိခင်၏ မျက်နှာပုံသဏ္ဍာန်သည် တစ်ခြား ဖြစ်နေရပါသနည်း" ဟုမေးလေသည်။

"သားမောင်-သင်၏မိခင်သည် လူသားစားသော ဘီလူးမတည်း၊ ငါတို့သားအဖနှစ်ယောက်က လူသားတည်း" ဟုဖြေသည်။

"ဖခင်၊ ထိုသို့ဆိုက အဘယ်ကြောင့် ဤအရပ်၌ နေသနည်း။ လာလော့၊ လူ့ပြည်သို့ သွားကြကုန်စို့"

"သားမောင်-ငါတို့နှစ်ယောက် ထွက်ပြေးပါက သင့်မိခင်က ပြန်ဖမ်းမိပြီး ငါတို့နှစ်ယောက်ကို စားလိမ့်မည်"

"ဖခင် မစိုးရိမ်လင့်၊ မကြောက်လင့်၊ လူ့ပြည်သို့ သယ်ဆောင်သွားဖို့ ကျွန်ုပ် တာဝန်ထားပါ" ဟု ဖခင်ကို နှစ်သိမ့်စေသည်။

နောက်တစ်နေ့တွင် မိခင်အစာရှာထွက်သည်ရှိသော် သားသည် အဖကို ထမ်းယူ၍ လိုဏ်မှ ထွက်ပြေးလာခဲ့သည်။

www.dhammaransi.com



မိခင်ဘိလူးမသည် ပြန်လာ၍ သားအဖကို မတွေ့သည်ရှိသော် ခြေရာခံ၍ နောက်မှ လေအဟုန်ကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် လိုက်လေသည်။

သားအဖကို ဖမ်းမိလေသည်။ မိသောအခါ ပုဏ္ဏားကို-

"အသင်ပုဏ္ဏား အဘယ်ကြောင့် ပြေးသနည်း၊ ဤအရပ်၌ အဘယ်ဝတ္ထုသည် မရှိသနည်း" ဟုမေး၏။

"ရှင်မ-ကျွန်ုပ်ကို မမေးလင့် ၊ သင့်သားသည် ကျွန်ုပ်ကို ယူ၍ ပြေးသည်"ဟု ဖြေလေသည်။

ဘိလူးမသည် သား၌ ချစ်ခြင်းမေတ္တာဓာက ကြီးသည့်အတွက်ကြောင့် တစ်စုံတစ်ရာ မပြောတော့ဘဲ သားကို နှစ်သိမ့်ချော့မော့ကာ လိုဏ်သို့ပြန်ခေါ်ဆောင်လာခဲ့သည်။

နောက်နှစ်ရက်၊ သုံးရက်ကြာသော် သားသည် ဖခင်ကို ထမ်းယူကာ ပြေးပြန်သည်။ ဘိလူးမသည် မိပြန်၍ သားကို နှစ်သိမ့်ချော့မော့ကာ ပြန်ခေါ်လာပြန်၏။

## မိခင်ပိုင်ရာ နယ်မြေ

ပြေးလေတိုင်း မိသော် သားသည် ဤသို့ စဉ်းစားမိလေသည်။

"ငါ့အမိ၏ ပိုင်ဆိုင်ရာအရပ်သည် အပိုင်းအခြား ရှိတန်ရာ၏။ ငါသည် အမိအာဏာသက်ရောက်ရာ အရပ်ကို မေး၍

www.dhammaransi.com



ထို့နောက်မှ အမိအာဏာလွှတ်ရာ အရပ်ကို လွှတ်အောင်ပြေးအံ့.”

ဤသို့ကြံစည်ပြီးနောက် သားသည် နှစ်ရက် သုံးရက် ကြာသော် အမိကို ခေါ်ယူ၍ သင့်တင့်လျောက်ပတ်သောအရပ်၌ နေသည်။

“မိခင်-မိခင်၏ ဥစ္စာသည် သားအမွေဖြစ်ရာသည်၊ မိခင်ပိုင်ဆိုင်သော မြေအပိုင်းအခြားကို သားကို ပြောပြထားပါ”

ဘိလူးမသည် ခပ်သိမ်းသော အရပ်မျက်နှာတို့၌ တောင်မြောက်အပိုင်းအခြားအမှတ်အသားတို့ကို ပြောလေသည်။ အလျား ယူဇနာသုံးဆယ်၊ အနံငါးယူဇနာရှိသော အရပ်ကိုလည်း သားကို ပြောပြပြီး-

“ချစ်သား-ဤအရပ်များသည် မိခင်အာဏာပိုင်ဆိုင်ရာ အရပ်တို့ဖြစ်သည်။ ယင်းတို့ကို သား မှတ်ထားပါလေ” ဟု ဆိုသည်။

## မိခင်လက်မှ လွှတ်ပြီ

သားသည် နှစ်ရက် သုံးရက် မိခင် ယုံကြည်လောက်အောင်နေသည်။ နောက်တစ်နေ့ မိခင်တောသို့သွားသော် ဖခင်ကို ပုခုံးထက်၌ ထမ်းယူပြီး မိခင် ပေးအပ်သောအမှတ်အသားဖြင့် လေကဲ့သို့သာ လျင်မြန်သောအဟုန်ဖြင့် ပြေးလေသည်။ မကြာခင် အပိုင်းအခြားဖြစ်သော မြစ်ကမ်းနားသို့ ရောက်သွားလေသည်။

www.dhammaransi.com



ဘိလူးမလည်း ပြန်လာလတ်သော် သားအဖကို မတွေ့၍ လျှင်မြန်သောအဟုန်ဖြင့် လိုက်ပြန်လေသည်။

သားသည် အဖကို ယူ၍ မြစ်အလယ်သို့ သွားလေသည်။ ဘိလူးမသည် မကြာခင် မြစ်ကမ်းနားသို့ ရောက်လာသည်။ မိမိပိုင်နက်လွန်နေ၍ ဆက်လိုက်၍ မရသဖြင့် ကမ်းနား၌ ရပ်လျက်–

"အမောင်–အဖကိုယူ၍ ပြန်လာပါ၊ ငါ့မှာ အဘယ် အပြစ်ရှိသနည်း၊ ငါ့ကို မှီ၍ အဘယ် အလို မပြည့်စုံပါသလဲ၊ အရှင်တို့ ပြန်လာခဲ့ကြပါ"

ဟုသားကို လည်းကောင်း၊ လင်ကို လည်းကောင်း တောင်းပန် ခေါ်ငင်လေသည်။

ထိုအခါ ပုဏ္ဏားသည် မြစ်ကို ကူးလေသည်။ အသျှမုခိ ဘိလူးမသည် သားကိုသာ တောင်းပန်လျက်–

"အမောင်–ဤသို့ မပြုပါနှင့်၊ ပြန်လာခဲ့ပါ"

ဟုဆိုသည်။

"မိခင်–ကျွန်ုပ်တို့သည် လူဖြစ်ကုန်၏။ မိခင်သာ ဘိလူးမ ဖြစ်၏။ အမြဲအစဉ်ထာဝရ မိခင်ထံ၌ နေ၍ မသင့်တော်ပါ"

"အမောင်–သင်တကယ် ပြန်မလာတော့ဘူးလား"

"မိခင်–ကျွန်ုပ် တကယ်ပြန်မလာတော့ပါ"

"အမောင်–သင် တကယ် ပြန်မလာတော့ဘူးဆိုပါက

www.dhammaransi.com



လူ့ပြည်၌ အသက်မွေးမြူရခြင်းသည် ဆင်းရဲငြိုငြင်၏။ အတတ်ပညာ မတတ်ကုန်သော လူတို့သည် အသက်မွေးခြင်းငှာ မတတ်နိုင်ကုန်၊ ငါသည် "စိန္တာဝမဏိ"မည်သော မန္တရားကို တတ်ပါသည်။ ထိုမန္တန်၏ အစွမ်းဖြင့် တစ်ဆယ့် နှစ်နှစ်အထက်၌ စုဆောင်းသော ဥစ္စာကိုလည်း ခြေရာအစဉ် ကိုလိုက်၍ သိခြင်းငှာ တတ်နိုင်၏။ ဤစိန္တာဝမဏိမန္တန်သည် လူ့ပြည်၌ သင် အသက်မွေးမှုအတွက် မိခင်သင်ပြပေးပါမည်။ ထိုမန္တန်ကို သား သင်သွားပါ"

## သားကိုသင်ပေး မန္တန်ဆေး

ဘီလူးမသည် သားနှင့်လင်ကို ခွဲရတော့မည်ကို သိ၍ ရင်ကွဲမတတ် ခံစားရသော သောကဝေဒနာကို သည်းခံပျက် သားကိုချစ်ခြင်းမေတ္တာ အားကြီးလှသည့်အတွက် မန္တန်ကို သင်ပေးလေသည်။

သားသည် မြစ်လယ်၌ရပ်လျက် မိခင်ကို ရှိခိုးကာ အလွန်ရိုသေစွာ နာယူ၍ မန္တန်ကို သင်ယူလေသည်။ သင်ပြီး သောအခါ-

"မိခင်- မိခင်နေရာသို့ ပြန်ပါတော့"

"အမောင်-သင်တို့သားအဖ ပြန်မလာခဲ့သည်ရှိသော် ငါ အသက်ဆက်လက်ရှင်မှာ မဟုတ်တော့ပါ"

www.dhammaransi.com



ဘီလူးမသည် ပြောပြောဆိုဆို ရင်ကို ပုတ်ခတ်၍ ထို ခဏမှာပင် သားနှင့်ခွဲရမည်ကို စိုးရိမ်သောက ဝင်ပြီး ရင်ကွဲနာ ကျကာ မြေ၌လဲကျ သေဆုံးလေသည်။

သားသည် မိခင်သေသည်ကို သိသောအခါ အဖကို ပြန် ခေါ်၍ မိခင်အလောင်းကို ကောင်းစွာ ဖုတ်ကျည်းသဂြိုဟ် လေသည်။ အထူးထူးသော ပန်းတို့ဖြင့် ပူဇော်လေသည်။

ထို့နောက် အဖကို ခေါ်ကာ ဗာရဏသီသို့ သွားလေ သည်။ ဗာရာဏသီသို့ရောက်သော် မင်းအိမ်တံခါးဝ၌ ရပ်သည် တံခါးစောင့်ကို-

"ခြေရာ၌ လိမ္မာသောလုလင်သည် မင်းတံခါးဝ၌ ရောက် နေပါသည်ဟု သံတော်ဦး တင်ပါ" ဟုစေခိုင်းသည်။ တံခါး စောင့်သည် လုလင်ပြောပြသည့်အတိုင်း မင်းထံသွားလျှောက်ရာ မင်းက ခွင့်ပြုသဖြင့် မင်းထံသို့ ဝင်ကြသည်။ လုလင်သည် မင်းကို ရှိခိုးကာ သင့်လျော်သောအရပ်၌ နေသည်။ မင်းကြီးက-

"အမောင်-သင်သည် အဘယ်အတတ်ကို တတ်ပါ သနည်း" ဟုမေးလေ၏။

"မြတ်သောမင်းကြီး၊ ကျွန်ုပ်သည် တစ်ဆယ့်နှစ်နှစ် အထက်၌ ခိုးယူအပ်သော ဥစ္စာကို ခြေရာခံ၍ ရှာဖွေပေး နိုင်သောအတတ်ကို တတ်ပါသည်"ဟု လျှောက်ထားသည်။

"ဤသို့ဆိုက သင်ငါ့ထံ ခစားလော့"

www.dhammaransi.com



"မြတ်သောမင်းကြီး၊-နေ့တိုင်းတစ်ထောင်သော ဥစ္စာကို ရသည်ရှိသော် ခစားလုပ်ကျွေးပါမည်"

"အမောင်-ကောင်းပြီ၊ လုပ်ကျွေးပါလော့"

ဟုဆိုကာ မင်းကြီးသည် နေ့စဉ်နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ပေးလေသည်။

(မင်းက ပညာစမ်းခန်းကိုမူ နဝကနိပါတ် ပဒကုသလ ဇာတ်တွင် အကျယ်ရှုပါလေ)

ဤဇာတ်ဝတ္ထုတွင် လူသားစားဘီလူးမပင် ဖြစ်စေကာမူ မိခင်မေတ္တာနှင့် ပတ်သက်လာလျှင် သားသမီးအပေါ်၌ ခွင့်လွှတ်ခြင်း ချစ်မေတ္တာကြီးစွာဖြင့် ရင်ကွဲနာ ကျလုဆဲဆဲ၌ သားအတွက် ကူညီစောင့်ရှောက်ပေးခြင်းပြုသည်မှာ အတိုင်းအဆ မရှိသော မိခင်မေတ္တာ၏ ကြီးမားမှု သက်သေ သာဓကပင် ဖြစ်ပါသည်။

သားအပေါ်၌ ချစ်မေတ္တာစွမ်းအား ကြီးသည့်အတွက်ကြောင့် အသက်ပါဆုံးရှုံးသွားရသော မိခင်၏ မေတ္တာထုထည် ကြီးမားမှုကို မည်သို့သော မျဉ်း ပေတံဖြင့်မျှ တိုင်းတာနိုင်းစာ၍ မရပါပေ။

**(နဝကနိပါတ်-ပဒကုသလဇာတ်)**

www.dhammaransi.com



# ပါရမီဖြည့်ဖက်၏ သားသမီးချစ်မေတ္တာဓာ

## ဝေဿန္တရာ မင်းဖြစ်ခြင်း

သိဝိတိုင်း၊စေတုတ္တရာပြည်၌ သိဝိမင်း စိုးစံသည်။ ထိုမင်း၌ သိဥ္စည်း အမည်ရှိသော သားတော်တစ်ပါးရှိသည်။ ထိုသားတော် အရွယ်ရောက်လတ်သော် မဒ္ဒရာဇ်မင်း၏ သမီးတော် ဖုဿတီ အမည်ရှိသော မင်းသမီးနှင့် လက်ထပ်ပေးပြီးလျှင် သားကို ထီးနန်းလွှဲအပ်တော်မူလေသည်။

ဖုဿတီမိဖုရားသည် မကြာခင် ပဋိသန္ဓေတည်ပြီး နောက်ဆယ်လစေ့သောအခါ မြို့ကို လှည့်လည်ကြည့်ရှုလိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် မြို့ကိုလှည့်လည်ကြည့်ရှုစဉ် သားတော်ကို ဖွားမြင်လေသည်။

သားသည် မိခင်ဝမ်းမှ သန့်ရှင်းစင်ကြယ်စွာ မျက်စေ့ဖွင့်လျက် ဖွားသည်။ ဖွားလျှင်ဖွားခြင်း လက်ဝါးကလေးကို ဖြန့်လျက်–

"မယ်မယ်၊ အလှူပေးချင်ပါသည်။ လှူစရာ ပစ္စည်း ရှိပါသလား"

ဟု မေးလေသည်။ မယ်တော်ကလည်း –

"ချစ်သား အလိုရှိတိုင်းလှူလော့"

ဟု ဆိုကာ အသပြာတစ်ထောင်ပေးလေသည်။

www.dhammaransi.com



သားကို နာမည်ပေးသောနေ့တွင် ကုန်သည်လမ်းမ၌ ဖွားမြင်၍ "ဝေဿန္တရာ" ဟုအမည်မှည့်လေသည်။ ဝေဿန္တရာမင်းသားဖွားမြင်သော နေ့မှာပင် ကောင်းကင်၌ ကျက်စားသွားလာနေသော ဆင်ပျံမ တစ်စီးသည် တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူသော မင်္ဂလာဆင်ပေါက်ကလေး တစ်စီးကို ဆောင်ယူကာ ပေးသည်။ ထိုဆင်ဖြူလေးကို ဝေဿန္တရာမင်းသားကို အထောက်အကူပြုအဖြစ် ဖြစ်ပေါ်လာ၍ "ပစ္စယာ" ဟု အမည်ပေးလေသည်။

ဝေဿန္တရာသည် အလှူ၌ ရောင့်ရဲခြင်း မရှိ၊ ရှိသမျှပစ္စည်းများကို အမြဲလှူလေ့ရှိသည်။

ဝေဿန္တရာမင်းသား အသက်ဆယ့်ခြောက်နှစ်ရှိသောအခါ သိဥ္စည်းမင်းကြီးသည် ဖုသတီမိဖုရားနှင့်တိုင်ပင်ကာ မဒ္ဒရာဇ်မင်း၏ သမီးတော် မဒ္ဒီ မင်းသမီးနှင့် ထိမ်းမြားပြီးလျှင် ထီးနန်းလွှဲအပ်လေသည်။ ဝေဿန္တရာသည် မင်းအဖြစ်သို့ ရောက်သည့်နေ့မှစ၍ ခြောက်သိန်းသော ဥစ္စာတို့ကို နေ့စဉ်လှူလေသည်။

နောက်များမကြာခင် မဒ္ဒီဒေဝီသည် သားတော်လေးတစ်ပါး ဖွားမြင်သည်။ သားတော်ဖွားမြင်စဉ် ရွှေကွန်ယက်ဖြင့်ခံ၍ မွေးသောကြောင့် "ဇာလီ" ဟု အမည်မှည့်ခဲ့သည်။ ဇာလီမင်းသား မတ်တပ်ရပ် ပြေးနိုင်သော အရွယ်တွင် မဒ္ဒီဒေဝီသည် သမီးတော်လေးတစ်ပါး ဖွားမြင်ပြန်သည်။ ဖွားမြင်စဉ် သစ်နက်ရေ

www.dhammaransi.com



ဖြင့်ခဲ့သောကြောင့် "ကဏ္ဍာစိန်" ဟု အမည်မှည့်လေသည်။

ဝေဿန္တရာသည် တစ်လလျှင် ခြောက်ကြိမ် ဆင်ဖြူ တော်ဖြင့် အလှူမဏ္ဍပ်ခြောက်ခုကို လှည့်လည်ကြည့်ရှုလေသည်။

## ပစ္စယဆင်ကိုလှူ၍ ပြည်မှ ထွက်ခွာရခြင်း

ထိုအချိန်တွင် ကလိင်္ဂတိုင်း၌ မိုးခေါင်သဖြင့် ငတ်မွတ် ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်လေသည်။ မိုးရွာစေရန် ဆင်ဖြူတော်ရှိမှ ဖြစ်မည်ဟု ပညာရှိတို့က အဟော ထွက်သောကြောင့် စေတုတ္တရာပြည် ဝေဿန္တရာမင်းကြီးထံမှ ဆင်ဖြူတော် အလှူခံစေလွှတ်သည်။ ကလိင်္ဂတိုင်းမှ ပုဏ္ဏား ရှစ်ယောက်သည် စေတုတ္တရာပြည်သို့ ရောက်ရှိလာသည်။ ဝေဿန္တရာမင်းထံ ပစ္စယ ဆင်ဖြူတော်ကို အလှူခံကြလေသည်။

ထိုအခါဝေဿန္တရာမင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာ ဖြင့် ပုဏ္ဏားတို့ကို ဆင်ဖြူတော်ကို လှူလေသည်။ ထိုအခါ မြေကြီးသည် ပြင်းစွာ တုန်ဟီးလျက် ငလျင်ကြီး လှုပ်လေသည်။

ပစ္စယ ဆင်ဖြူတော်ကို ပုဏ္ဏားတို့အား လှူလိုက်သောအခါ မြို့သူမြို့သားတို့သည် ဝေဿန္တရာမင်းအပေါ်၌ အမျက်ထွက် ကြသဖြင့် ခမည်းတော် သိဉ္စည်းမင်းကြီးထံသို့သွားကာ–

"အရှင်မင်းကြီး သားတော် ဝေဿန္တရာမင်းသည် တစ်တိုင်း ပြည်လုံးက အမြတ်တနိုးထားသော ဆင်ဖြူတော်ကို အဘယ်

www.dhammaransi.com



ကြောင့် လှူဘိသနည်း၊ အရှင်မင်းကြီးသည် ကျွန်ုပ်တို့ လျှောက်ထားသော စကားကို လိုက်နာတော် မမူလျှင် အရှင်မင်းကြီးသည် သားတော်ဝေဿန္တရာနှင့်အတူ ပြည်သူတို့၏ လက်တွင် ဘေးတွေ့ တော်မူလိမ့်မည်”ဟု ဆူပူကြွေးကြော်ကြလေသည်။

ပြည်သူပြည်သားတို့သည် သိဥ္စည်းမင်းကြီးထံ ဝေဿန္တရာကို ဝင်္ကပါတောင်သို့ နှင်ထုတ်ရန် မကြောက်မရွံ့ ရဲဝံ့စွာ လျှောက်ထားကြလေသည်။ သိဥ္စည်းမင်းကြီးသည် ပြည်သူပြည်သားတို့၏ တောင်းဆိုချက်ကို လက်ခံကာ သားတော်ဝေဿန္တရာအား ထိုအကြောင်းကို အမတ်တစ်ယောက်ကို လျှောက်ထားစေသည်။

ဝေဿန္တရာမင်းကြီးသည် ပြည်သူပြည်သားတို့၏ ဆန္ဒကို လက်ခံကာ တောသို့မသွားမီ ခုနစ်ရာ ခုနစ်လီ အလှူပေးခွင့်ကို တောင်းသည်။ ပြည်သူတို့က သဘောတူ၍ အလှူကို ပေးလှူသည်။

ထို့နောက် နမတော် မဒ္ဒီဒေဝီအား သမီးတော်များနှင့် အတူတကွ နန်းတော်၌ နေခဲ့ရန် မှာကြားသည်။ မဒ္ဒီဒေဝီက သူပါ လိုက်နေဖို့ ဆိုသောအခါ တော၌ မကောင်းဆိုးဝါးတို့ကို ပြောပြ၍ တားမြစ်သည်။ မဒ္ဒီဒေဝီကလည်း တောတောင်တို့၏ သာယာချမ်းမြေ့မှုတို့ကို ပြောပြပြီး လိုက်ရန်အတင်းပြောသည်။

နောက်ဆုံးတွင် ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီ၊ သားတော် ဇာလီ၊ သမီးတော် ကဏှာဇိန် တို့ကို ခေါ်ယူကာ

www.dhammaransi.com



ဝက်ပါတောသို့ ထွက်ခွာသွားလေသည်။ ဝက်ပါတောတွင် သိကြားမင်း ဖန်ဆင်းပေးသော သစ်မ်းကျောင်း၌ ရသေ့အဖြစ် နေလေသည်။ မဒ္ဒီဒေဝီက သစ်သီးရှာဖွေပေး၍ လင်နှင့် သားသမီးတို့ကို ပြုစုလုပ်ကျွေးလေသည်။

## ဇူဇကာပုဏ္ဏား ကျွန်အလှူခံထွက်ခြင်း

ကာလိင်္ဂတိုင်း၊ ဒုန္နိဝိလအမည်ရှိသော ပုဏ္ဏားရွာ၌ နေသော ဇူဇကာအမည်ရှိသော ပုဏ္ဏားသည် လှည့်လည်အလှူခံ၍ ရသော ငွေတစ်ရာကို ပုဏ္ဏားတစ်ဦးထံ အပ်နှံထားလေသည်။ အတန်ကြာ၍ သွားတောင်းသော် ထိုငွေကို ပြန်မပေးနိုင်၍ ပုဏ္ဏားက ဇူဇကာကို မိမိ၏သမီး အမိတ္တာပုန်ကို ပေးအပ်လေသည်။

အမိတ္တာပုန်သည် ဇူဇကာပုဏ္ဏားကို ဝတ်ကြီးဝတ်ငယ် ကျေပွန်အောင်ပြုစုလုပ်ကျွေးသည်။ အမိတ္တာပုန်၏ ဝတ္တရား ကျေပွန်မှုကို အခြားသော ပုဏ္ဏားငယ်တို့က မိမိတို့၏ သားမယား များကို အမိတ္တာပုန်နှင့်နှိုင်းယှဉ်ကာ ဆူပူကြိမ်းမောင်းကြသည်။

ထိုအခါ ရွာရှိမိန်းမတို့သည် အမိတ္တာပုန်ကြောင့် တို့တတွေ ဆူပူခံရသည်ဟုဆိုကာ အမိတ္တာပုန်ကို ဝိုင်းဝန်းအပြစ် ပြောကြသည်။ ထိုအခါ အမိတ္တာပုန်သည် လွန်စွာရှက်သဖြင့် ရေခပ် မထွက်တော့ချေ။ ပုဏ္ဏားကြီးကို ဝေဿန္တရာမင်းထံ ကျွန် အလှူခံ သွားရန်စေခိုင်းသည်။ ဇူဇကာသည် မယားစကားကို မလွန်ဆန်

www.dhammaransi.com



နိုင်သူဖြစ်၍ ဝေဿန္တရာမင်းကြီးအကြောင်းကို စုံစမ်းလေ့လာပြီး ဝက်ပါတောသို့ လိုက်လေသည်။ လမ်းတွင် စေတမုဆိုးနှင့်တွေ့၍ ခရီးလမ်းကိုမေးရာ စေတမုဆိုးက ပုဏ္ဏားတွေကြောင့် ဝေဿန္တရာမင်းကြီး ဒုက္ခရောက်ရသည်။ ယခုပုဏ္ဏားလည်း ဝေဿန္တရာမင်းကြီးကို ဒုက္ခသွားပေးရန် မေးခြင်းဖြစ်သည်ဟု ဆိုကာ လေးနှင့် ပစ်သတ်ရန် ချိန်ရွယ်သည်။

ပုဏ္ဏားက ဝေဿန္တရာမင်းကြီးကို ဒုက္ခပေးရန် မဟုတ်ပါ၊ သိဋ္ဌည်းမင်းကြီးက ကောင်းသတင်း ပြောခိုင်း၍ သွားပြောရန် ဖြစ်ပါသည်ဟု လိမ်ညာပြောသည်။ စေတမုဆိုးက ယုံကြည်သည့်အတွက် လမ်းညွှန်ပေးလိုက်သည်။

အစ္စုတရသေ့နှင့်တွေ့သောအခါတွင်လည်း ဇူဇကာသည် လိမ်ညာပြောသဖြင့် ယုံကြည်ပြီး ဝေဿန္တရာမင်းကြီး၏ နေရာကို လမ်းညွှန်ပေးလိုက်သည်။ ဇူဇကာပုဏ္ဏားသည် အစ္စုတ ရသေ့ လမ်းညွှန်တိုင်း သွားလေရာ သခ်မ်းကျောင်းအနီးရှိ ရေကန်သို့ ရောက်သွားလေသည်။ ရေကန်သို့ ရောက်သောအခါ -

'ယခု မိုးချုပ်ပြီးဖြစ်၍ မဒ္ဒီဒေဝီသည် သစ်သီးရှာရာမှ ပြန်ရောက်လောက်ပြီ ဖြစ်သည်။ မိန်းမတို့ မည်သည်ကား အလှူဒါနပြုရာ၌ အနှောက်အယှက် ပေးတတ်သည်။ ဝေဿန္တရာ ငါ့ကို သားသမီးတို့လှူလိုက်သော် မဒ္ဒီဒေဝီက နှောက်ယှက်ဖျက်ဆီးလိမ့်မည်။ သို့အတွက် နက်ဖြန်ခါ မဒ္ဒီဒေဝီ သစ်သီးရှာသွားမှ

သခ်ိမ်းကျောင်းသို့ဝင်ပြီး ဝေဿန္တရာမင်းကြီးထံ သားသမီးကို အလှူခံပြီး မဒ္ဒီဒေဝီ ပြန်မရောက်မီ ခေါ်ဆောင်သွားအံ့'

ဟု ကြံစည်စဉ်းစားကာ သခ်ိမ်းကျောင်းနှင့် မနီးမဝေး တောင်ကုန်းသို့ တက်ပြီးလျှင် သင့်လျော်သော နေရာ၌ အိပ် လေသည်။

## သားသမီးတို့ကို လှူလေပြီ

ထိုညတွင် မဒ္ဒီဒေဝီသည် 'လူမည်းမည်းကြီးတစ်ယောက် သည် ဖန်ရည်ဆိုးသောသခ်ိမ်းတို့ကို ဝတ်ဆင်၍ နား နှစ်ဘက် တွင် နီနီရဲသော ပန်းကိုပန်လျက် လက်နက်စုံ ကိုင်ကာ ခြိမ်း ခြောက်ပြီးလျှင် သခ်ိမ်းကျောင်းအတွင်းသို့ အတင်းဝင်ရောက် လာသည်။ သူမကို ဆံပင်ဆွဲလှဲပြီးလျှင် သူမက ငိုယိုတောင်းပန် နေစဉ်မှာပင် သူမ၏ မျက်လုံးနှစ်စုံကို ထုတ်ယူသွားသည်။ ထို့နောက် သူမ၏ လက်မောင်းနှစ်ဘက်ကိုဖြတ်ပြီး ရင်ကိုခွဲကာ နှလုံးသည်းပွတ်ကို ထုတ်ယူပြီး ထွက်သွားလေ၏' ဟု အိပ်မက် မြင်မက်လေသည်။

မဒ္ဒီဒေဝီသည် အိပ်ရာမှ လန့်နိုးသောအခါ အိပ်မက်ဆိုးကို မြင်မက်သဖြင့် ကြောက်လန့်သောကြောင့် ညအချိန်၌ပင် ဝေဿန္တရာမင်းကြီးထံသို့သွားကာ အကြောင်းစုံ လျှောက်ထား သည်။

ဝေဿန္တရာမင်းကြီးမှ အိပ်မက်ကို ကြားရသောအခါ 'ငါ၏ ဒါနပါရမီ ပြည့်တော့မည်၊ နက်ဖြန်ခါ အလှူခံ ရောက်လာပြီး သားသမီးတို့ကို အလှူခံမည်'

ဟု သိလေသော ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်။ မဒ္ဒီဒေဝီကိုမူ စိတ်သက်သာရာရစေရန် အိပ်ရာမသန့်၊ အစာမသန့်၊ မွေ့လေချော်ချားသောကြောင့် မက်ဝတာဖြစ်လိမ့်မည်ဟု နှစ်သိမ့်အောင် ပြောဆိုပွတ်သပ်လိုက်လေသည်။

နံနက်မိုးသောက်သော် မဒ္ဒီဒေဝီသည် နေ့စဉ်ပြုနေကျ ဝတ္တရားတို့ကို ပြုလုပ်ပြီး သားနှင့် သမီးကို ပွေ့ပိုက်နမ်းရှုပ်ကာ—

"ချစ်သား၊ ချစ်သမီးတို့၊ ယနေ့ည မယ်တော်အိပ်မက် မကောင်း မြင်မက်ထားသည်၊ သတိဖြင့်နေကြ"

ဟု မှာကာ ဝေဿန္တရာမင်းကြီးကိုလည်း သားတော် သမီးတော်များကို ဂရုစိုက်ရန် မှာကြားပြီး သစ်သီးရှာဖွေရန် ထွက်ခွာသွားလေသည်။

ဇူဇကာပုဏ္ဏားသည် မဒ္ဒီဒေဝီ သစ်သီးရှာထွက်သောအချိန်တွင် တောင်ကုန်းမှ ဆင်းသက်လာပြီး ဝေဿန္တရာကျောင်းသို့ ရောက်ရှိလာခဲ့လေသည်။ ဝေဿန္တရာမင်းကြီးသည် အလှူခံမျှော်နေသည်။ သားနှင့်သမီးသည် ဝေဿန္တရာမင်းကြီး၏ အနားတွင် ကစားနေကြသည်။

ဝေဿန္တရာမင်းကြီးသည် လမ်းကို မျှော်ကြည့်နေစဉ်

www.dhammaransi.com



ဇူဇကာပုဏ္ဏား ရောက်လာသည်ကို မြင်သည်။ မင်းကြီး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ ဧည့်ဝတ်ကောင်းစွာပြုပြီး အဘယ်အကြောင်းကြောင့် လာပါသနည်းဟု မေးလေသည်။

"အရှင်မင်းကြီး၊ မြစ်ကြီးငါးသွယ်၌ စီးဆင်းနေသော ရေသည် မည်သည့်အခါမှ သောက်သုံး၍ မကုန်နိုင်သကဲ့သို့ အရှင်မင်းကြီးသည်လည်း သဒ္ဓါတရားနှင့် ပြည့်နေသည် ဖြစ်သောကြောင့် မြစ်ကြီးငါးသွယ်နှင့်အတူ အလှူခံပုဂ္ဂိုလ်တို့ အလိုရှိတိုင်း တောင်းခံသော်လည်း အရှင်မင်းကြီး၏ သဒ္ဓါ တရားသည် နည်းပါးယုတ်လျော့ ကုန်ခမ်းသွားမည်မဟုတ် ဟု ယုံကြည်မှတ်ထင်သောကြောင့် အရှင်မင်းကြီး၏ သားတော်၊ သမီးတော်တို့ကို အလှူခံရန် လာခြင်းဖြစ်ပါသည်။ ကျွန်ုပ်အား သားတော်၊ သမီးတော်တို့ကို ခိုင်းစေရန် လှူတော်မူပါ" ဟု ဆိုလေသည်။

ဝေဿန္တရာမင်းကြီးသည် အသပြာတစ်ထောင်ထုပ်ကို လက်ဖဝါးပေါ် လာတင်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သားနှင့်သမီးကို လှူသည်။ သို့ရာတွင် သူ့မိခင် သစ်သီးသွားရှာ ခိုက်ဖြစ်၍ ယခုည ဤမှာအိပ်ပြီး နောက်နေ့မှ သားသမီးတို့ကို ခေါ်သွားရန် ပြောသည်။

ထိုအခါ ပုဏ္ဏားက "အရှင်မင်းကြီး၊ မိန်းမတို့ မည်သည် ကား အလှူ၌ အနှောက်အယှက် ပြုတတ်သည်။ သို့ဖြစ်၍

www.dhammaransi.com



သူတို့၏ မိခင်ကို မြင်ခွင့်မပေးပါနှင့်၊ သူတို့မိခင် ပြန်မလာမီပင် ခေါ်ဆောင်သွားလိုပါသည်။ သားတော်၊ သမီးတော်တို့ကို ခေါ်ပေးပါ"

"ပုဏ္ဏားကြီး၊ ငါ့သားတော်၊သမီးတော်တို့ကို ခေါ်သွားပြီး သူ့အဖိုးဖြစ်သော သိဝိုဠ်မင်းကြီးထံ ပို့ပါ၊ သူ့အဖိုးသည် သူ့မြေးတွေကိုတွေ့က သင့်ကို ပစ္စည်းဥစ္စာ များစွာပေးလိမ့်မည်"

"အရှင့်သားတော်၊ သမီးတော်တိုကို သူတို့အဖိုးထံ ခေါ်သွားပါက ဤကလေးများကို အတင်းလုယူထားပြီး ကျွန်ုပ်ကို ကလေးခိုးလာသည်ဟု ဆိုကာ အပြစ်ပေးမည်ကို ကြောက်ပါသည်။ ကျွန်ုပ်ဥစ္စာလည်း မရ၊ ကျွန်လည်း ဆုံး၍ အမိတ္တာပုန်၏ အပြစ်တင်ခြင်းကိုလည်း ခံရပါမည်"

"ခမည်းတော်သိဝိုဠ်မင်းကြီးသည် မင်းကျင့်တရားနှင့် အညီ အုပ်စိုးသော မင်းဖြစ်သောကြောင့် အသင်ပုဏ္ဏားကို မတရားပြုမည် မဟုတ်၊ သူ့မြေးတော်လေးများကို ခေါ်ဆောင်လာသည့်အတွက် များစွာသော ဥစ္စာတို့ကို ပေးလိမ့်မည်"

"ကျွန်ုပ်သည် ဥစ္စာကို အလိုမရှိ၊ ဤသူငယ်နှစ်ယောက်သာ အမိတ္တာပုန်အတွက် ကျွန်အဖြစ် ခိုင်းစေရန် ခေါ်သွားမည်"

ဇာလိနှင့် ကဏှာဇိန်တို့သည် ပုဏ္ဏား၏ မိမိတို့ကို ကျွန်အဖြစ်ခိုင်းစေရန် ခေါ်သွားမည်ဟု ကြမ်းတမ်းစွာ ပြောဆိုနေသည်ကို ကြားရသောအခါ လွန်စွာကြောက်လန့်ကြသဖြင့်

သမိုင်း ကျောင်း မှော်ဘီဖေးသို့ ထွက်ပြေးကြသည်။ မြို့ပုဝင် ကျောင်းယဲ့၌ ပုန်းအောင်းနေကြသည်။ မိမိတို့ကို မိမိတို့ မလုံခြုံ၍ ကျွန်ုပ်သို့သွားကာ နေ့တန်ပိန်းကြ၍ဖက်ကိုဆောင်းလျက် ရေယဲ့၌ ပုန်းအောင်းနေကြလေသည်။

ဗုဒ္ဓဘာသာပုဏ္ဏားသည် ထင် ရှားကို မတွေ့သောအခါ မင်းကြီးက ကလေးလေးကို ချော်ချုံ၍ ထွက်ပြေးစေသည် ဟုဆိုကာ မင်းနှင့်လေးလေး ... ကြ ... လေသည်။ ဗုဒ္ဓဘာသာ ပုဏ္ဏား၏ စကားကို ... အခါ ပေသေးနှင့် ရာဇဝင်ကြီးသည် စိတ်နှလုံး ကုန်လွှင့်လျက် ... သမီးတော်တို့ကို လိုက်လံ ရှာဖွေလေသည်။

တွေ့သောအခါ မင်း၏ ... ကိုဖြည့်ရန် မကျွန်ုပ်ရေပိမ့် ပြုလိုသည်။ ... သည် မင်းဧကရာဇ်ကို ကြားသောအခါ ရှုကြီး ... ရှိနိုင်ရှုပ်စေတော့၊ မင်းသားတော် စကားကို မယုံရှုံးသနားမျောက်မျောက်၍ - ဟုဆိုကာ ရေယဲ့မှ ထွက်လာပြီး မင်း ခြေတော်ပေါ်တွင် မှောက်နှာ၍ ကျက်လျက် ငိုကြွေးလေသည်။

သမီး ကဏှာဇိနကို မေးသောအခါ-

"မမည်းတော်-ယခုပါတို့ မည်သည့်ကား သားရန် ... တွေ့သောအခါဝယ် ဝိမိကိုယ်သာ ထွက်ပြေးကာ ... ကြီးစား၍ ... ဖြစ်ပါသည်"

... ပြောသည်။ မင်းကြီးသည် ကဏှာဇိနကိုလည်း

www.dhammaransi.com



မိမိပါရမီဖြည့်ရန် မေတ္တာရပ်ခံပြောဆိုသည်။ ကဏှာစိန် သည်လည်း ဖခင်စကားကို ကြားသောအခါ ရေထဲမှ တက်လာပြီး ဖခင်လက်ဝဲဖက် ခြေဖမိုးပေါ်တွင် မျက်နှာမှောက်လျက် ငိုကြွေးလေသည်။

ဝေဿန္တရာမင်းကြီး၏ သားသမီးများအပေါ် ချစ်ခင်သနားသော မေတ္တာကြောင့် မင်းကြီးသည် မျက်ရည် မဆည်နိုင်ဖြစ်လေသည်။ မင်းကြီး၏ မျက်ရည်ပေါက်တို့သည် ခြေရင်းတွင် ဝပ်နေသော ဇာလီနှင့် ကဏှာစိန်တို့၏ ကျောပေါ်သို့ ကျလေသည်။

ထို့နောက် မင်းကြီးသည် သားတော် သမီးတော်တို့ကို ချော့မော့နှစ်သိမ့်ကာ သားနှင့်သမီးကို တန်ဖိုးဖြတ်ပေးလေသည်။ ထို့နောက် ကျောင်းသို့ခေါ်ဆောင်ကာ ကရားဖြင့် ရေကိုခပ်၍-

"သားသမီးကို လှူသော ဤအလှူသည် သဗ္ဗညုတဉာဏ် ရရှိရေးအတွက် အထောက်အပံ့ ဖြစ်စေသတည်း"

ဟု ဆုတောင်းကာ ရေစက်ချ၍ လှူဒါန်းလေသည်။

"အချင်း ပုဏ္ဏား၊ ငါသည် သားသမီးတို့ကို ချစ်မြတ်နိုးသည်ထက် အဆ တစ်ရာ၊ တစ်ထောင်၊ တစ်သိန်းမက ပိုလွန်၍ သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုးတော်မူသည်"

ဟုပြောသည်။ ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်လေသည်။

www.dhammaransi.com



မင်းကြီးသည် သားတော် သမီးတော်တို့ကို လှူဒါန်းပြီးနောက် -

"ငါသည် သားသမီးအလှူကြီးကို အောင်မြင်စွာ လှူရပြီ"

ဟု နှစ်သိမ့်ခြင်းပီတိဖြစ်လျက် သားတော်သမီးတော်တို့ကို ကြည့်၍နေလေသည်။

ဇူဇကာပုဏ္ဏားသည် "သားကိုငယ်တန်၊ ကျွန်ကိုတယ်စ" ဆိုကြသည့် စကားအတိုင်း ဤသူငယ်တို့ကို အစဦးကပင် နှိမ်ထားမည်ဟု နှလုံးပိုက်ထားပြီး နွယ်ကြိုးကိုရှာကာ ဇာလီ၏ ညာဘက်လက်နှင့် ကဏှာဇိန်၏ ဘယ်ဘက်လက်ကို ပူး၍ ချည်နှောင်ပြီးလျှင် နွယ်စတစ်ဘက်ကို ကိုင်လျက် ဝေဿန္တရာ မင်းကြီး ရှေ့မှောက်၌ပင် နွားကိုကြိမ်ဖြင့် ရိုက်နှက်မောင်းသကဲ့သို့ ရိုက်နှက်ကာ ခေါ်ဆောင်သွားလေသည်။

ဇာလီနှင့်ကဏှာဇိန်တို့၏ ကျောတင်ပါးတို့၌ အရည်များ စုတ်ပြတ်ကာ သွေးများ ယိုစီးကျလာလေသည်။ ဇာလီနှင့် ကဏှာဇိန်တို့သည် ပုဏ္ဏားရိုက်သောအခါ အချင်းချင်း ကျောချင်းကပ်၍ နေကြလေသည်။

ယင်းသို့ ရိုက်နှက်ခေါ်သွားရာတွင် တစ်နေရာသို့ ရောက်သောအခါ ဇူဇကာပုဏ္ဏားသည် ချိုင့်ခွက်တစ်ခုကို နင်းမိသဖြင့် ခြေချော်၍ လဲမိလေသည်။ သူငယ်တို့ကို တုတ်လာသော ကြိုးသည် လွတ်သွားလေသည်။

www.dhammaransi.com



ထိုအခါ မောင်နှမနှစ်ယောက်သည် ဖခင်မင်းကြီးထံ ၌ ပြေးလာကြသည်။ မောင်နှမနှစ်ယောက်သည် လေတိုက်ခတ် သဖြင့် တစ်ဖျတ်ဖျတ်လှုပ်သော ညောင်ရွက်ပမာ တုန်တုန် လှုပ်လှုပ်ဖြစ်ကာ မင်းကြီး၏ ခြေထောက်ကို ရှိခိုးလျက် ဇာလီ မင်းသားက -

"မိမိတို့ကို မယ်တော်လာသည်အထိ စောင့်ပေးပါ၊ မယ်တော်ကို ဖူးပြီးမှ သွားပါရစေ၊ ထိုအခါကျမှ ဤပုဏ္ဏားက သတ်လိုက သတ်ပါ၊ ရောင်းလိုက ရောင်းပါ၊ မယ်တော်လာရဲ့ ဆိုင်းငံ့ပါ"

ဟူ၍ လည်းကောင်း။

"ပုဏ္ဏား၏ သူယုတ်လက္ခဏာ တစ်ဆယ့်ရှစ်ပါးနှင့် ပြည့်စုံနေသဖြင့် ပုဏ္ဏားသည် လူမဟုတ်၊ ဘီလူးဖြစ်ဟန် တူသည်။ ခမည်းတော်သည် သားသမီးတို့ကို ဘီလူးစားရန် ဆွဲခေါ်နေသည်ကို ကြည့်ရက်သည်၊ ခမည်းတော် နှလုံးသားသည် သံမဏိကဲ့သို့ မာလွန်းသည်"

ဟူ၍လည်းကောင်း။

"ကျွန်ုပ်ကိုသာ လှူပါ၊ နှမလေးကို နေရစ်ပါစေ"

ဟူ၍လည်းကောင်း စကားစုံလင်စွာဖြင့် လျှောက်ထား လေသည်။

ဇာလီက ဤသို့ ငိုယိုလျှောက်ထားသော်လည်း မင်းကြီးက

မည်သို့မျှ မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်သာ နေလေသည်။ မင်းသားလေးက ဆက်၍ "ငါ့အဖို့ ပုဏ္ဏား အရိုက်ခံရသော ဆင်းရဲသည့် ဆင်းရဲကို မဆိုလောက်ပါ၊ သံသရာ၌ ယောက်ျား မှန်သမျှ ဤဒုက္ခကို တွေ့ကြုံရမြဲဖြစ်လေ၏။ မိခင်၊ ဖခင်တို့ကို မမြင်ရသည့် ဒုက္ခသာလျှင် ပုဏ္ဏားရိုက်သော ဒုက္ခထက် အဆပေါင်းများစွာ ပြင်းထန်ပါသည်" ဟူ၍လည်းကောင်း-

ခမည်းတော်၊ မယ်တော်တို့ ကလေးတို့ကို မတွေ့မြင်ရကား ညစဉ်ညတိုင်း ငိုကြွေးနေရမည်ကိုလည်းကောင်း၊ ကစားနေကျ ရေကန်သစ်ပင်ပန်းပင်တို့နှင့် ကစားစရာအရုပ်တို့ကို စွန့်ခွါသွားရတော့မည်ဟူ၍လည်းကောင်း ငိုကြွေးမြည်တမ်းလေသည်။ ထိုခဏမှာပင် ပုဏ္ဏားကြီးရောက်လာပြီး မင်းကြီးရှေ့မှာပင် ရိုက်နှက်ကာ ခေါ်ဆောင်သွားပြန်လေသည်။ ဇာလီမင်းသားက-

"ခမည်းတော်ဘုရား၊ မယ်တော်ဘုရားရောက်လာလျှင် ကျွန်ုပ်တို့ မောင်နှမ ချမ်းသာစွာရှိကြောင်းကို ပြောပြတော်မူပါ၊ ခမည်းတော်ဘုရားလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ စံတော်မူပါ၊ ကျွန်ုပ်တို့ မောင်နှမ ကစားကြသည့် ဤဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ်ကလေးများကို မယ်တော်အားပေးပါ၊ ဤ အရုပ်ကလေးများကို ကြည့်ပြီး မယ်တော်သည် သောကကို ပြေပါလိမ့်မည်"

www.dhammaransi.com



ဟု လျှောက်ကာ ပုဏ္ဏားခေါ်ရာသို့ လိုက်သွားလေသတည်း။

ပသေန္တ ရာမင်းကြီးသည် သောကမီး [illegible] [illegible]ဖြင့် နှလုံးသား ပူလောင်ကာ လွန်စွာ တုန်လှုပ်ချောက်ချားလျက် [illegible] ကျောင်းဝင်းထဲသို့ ဝင်ကာ ငိုကြွေးမြည်တမ်းလေ ရှာလေသည်။

"ငါ့သားတော်သမီးတော်တို့သည် လမ်းခရီးတွင် [illegible] ရေငတ် ဆာလောင်မွတ်သိပ်လျှင် အဘယ်သူကို ပူဆာရှာမည်နည်း၊ ညနေ ထမင်းစားချိန်ကျလျှင် ငါ့သားတော် သမီးတော်တို့ကို အဘယ်သူက ထမင်းကျွေးမည်နည်း။ [illegible]နှင့် ကကျာစိန်တို့သည် ထမင်းစားချိန်ရောက်လျှင် မယ်တော် ကျွန်တော်တို့ကို ထမင်းကျွေးပါ ဟု အဘယ်သူ့ကို ပြောရှာမည်နည်း၊ ငါ့သားတော်သမီးတော်တို့သည် ယူဇနာ ခြောက်ဆယ်ဝေးသော ခရီးကို ဆင်ယာဉ်၊ မြင်းယာဉ် မဆိုထားဘိ၊ ဖိနပ်မျှပင် မပါဘဲနှင့် မည်သို့မျှ ခြေလျင်သွားနိုင်မည်နည်း။ ခြေထောက်တွေ ပေါက်၍ လမ်းမလျှောက်နိုင်လျှင် အဘယ်သူက လက်ကို ဆွဲ၍ တွဲ၍ ခေါ်မည်နည်း"

"ဤပုဏ္ဏားသည် ငါ၏ရင်သွေးများကို ငါ၏ ရှေ့မှောက်မှာပင် မရှက်မကြောက် မထောက်မထား ရိုက်နှက်မှုကို ပြုသေးသည်။ ရှက်ကြောက်ထောက်ထားသူဖြစ်က ငါ့ရင်သွေး သားသမီးကို မဆိုထားဘိ၊ ငါ့ကျွန်၏ အစိုင်းအစေတို့၊ အခိုင်း

www.dhammaransi.com



အစေ၏ ကျွန်ကို၊ ကျွန်၏ အစေအပါးပင်ဖြစ်စေ ဤသူသည် ဝေဿန္တရာမင်းကြီး၏ လးဆက်မြေးကျွန်ဖြစ်သည်ဟု ဆိုပါလျှင် ရိုက်နှက်လိမ့်မည် မဟုတ်ချေ။ ဤပုဏ္ဏားကား ငါ၏ ရင်သွေး သားသမီးတို့ကို ငါ့ မျက်စေ့အောက်မှာပင် ဆဲလည်းဆဲ ရိုက်လည်း ရိုက်နှက်လေသည်။ အလွန့်အလွန် ကြမ်းကြုတ်လေစွတကား"

မင်းကြီးသည် ဤသို့ မြည်တမ်းပြီးနောက်-

"ပုဏ္ဏားသည် ငါ၏ သားတော် သမီးတော်တို့ကို အလွန့်အလွန် ညှဉ်းဆဲနှိပ်စက်သည်၊ ငါသည် မခံမရပ်နိုင်တော့ပါ၊ ယခုပင်လိုက်၍ ပုဏ္ဏားကို သတ်ပြီး သားသမီးတို့ကိုပြန်ခေါ်မည်"

ဟုအကြံဖြစ်ကာ လေးကိုလွယ်၍ သန်လျက်ကိုယူပြီးလျှင် လိုက်မည်ပြုသည်။

ထို့နောက် သတိဝင် ဆင်ခြင်ကာ "အလှူဒါန ပေးလှူပြီးမှ နောင်တတစ်ဖန် ပူပန်နေခြင်းသည် သူတော်ကောင်းတို့၏ သဘော မဟုတ်ချေတကား"

ဟု မိမိကိုယ်ကို ဆုံးမကာ သခ်မ်းကျောင်းဝရှိ ကျောက်ဖျာပေါ်၌ ထိုင်ကာ ငိုင်နေလေသည်။

ဇူဇကာပုဏ္ဏား ရိုက်နှက်ခေါ်သွားသောအခါ ဇာလီ မင်းသားသည်-

"လောက၌ အမိမရှိဘဲ အဖသာ ရှိခြင်းသည် မိဘနှစ်ပါး

www.dhammaransi.com



လုံး မရှိခြင်းနှင့် ဘာမှုမထူးဟု အချို့သူတို့ဆိုကြသော စကားသည် မှန်လေစွ။ နှမလေး- ငါတို့ မောင်နှမ သတ်သေကြစို့။ ငါတို့ အသက်ရှင်နေ၍ အကျိုးမရှိပြီ၊ ခမည်းတော်သည် ငါတို့ကို အလွန်ကြမ်းတမ်းရက်စက်သော ပုဏ္ဏားကြီးကို လှူလိုက်ပြီ။ ဤပုဏ္ဏားကြီးသည် ငါတို့ကို ကျွဲရိုက် နွားရိုက် ရိုက်နှက်နေသည်။ အသက်ရှင်နေလျှင် သူ၏ အနှိပ်စက်ကို ခံရတော့မည်။ အသက် ရှင်နေခြင်းဖြင့် အကျိုးမရှိ"

ဟု ဆိုလေသည်။ ထိုအခိုက် ဇူဇကာ ပုဏ္ဏားသည် ဒုတိယအကြိမ် ခြေချော်၍ လဲကျပြန်သည်။ ချည်ထားသော နွယ်ကြိုးတို့ လွတ်သွားပြန်သည်။ မောင်နှမနှစ်ယောက်သည် ရိုက်နှက်ခံထားရသော ကြက်ကလေးများပမာ ကြောက်လန့် တုန်လှုပ်စွာဖြင့် ခမည်းတော် မင်းကြီးထံသို့ ပြေးကြလေသည်။

ပုဏ္ဏားသည် ကပျာကယာထ၍ နွယ်ကြိုးနှင့် တုတ်ကို ကိုင်ကာ ကမ္ဘာမီးလောင်သကဲ့သို့ အတင်းပြေးလိုက်ကာ-

"နင်တို့ အလွန် အပြေးကောင်းကြသည်"

ဟု ဆိုကာ တစ်ဖန် တုတ်နှောင်ချည်ပြီး ရိုက်နှက်ကာ ခေါ်သွားပြန်လေသည်။

ထိုအခါ ကဏှာဇိန် မင်းသမီးလေးသည် ခမည်းတော် ကို ပြန်ကြည့်ကာ-

"ခမည်းတော်ဘုရား၊ ဤပုဏ္ဏားကြီးသည် သမီးတို့ကို

www.dhammaransi.com



သူ့အိမ်မှာ မွေးထားသော ကျွန်ပဗော ရိုက်နှက်နေပါသည်။ ဤ သူသည် ပုဏ္ဏားမဟုတ်ပါ၊ ပုဏ္ဏားဆိုတာ တရားစောင့်ပါသည်။ ဘိလူးသည် ပုဏ္ဏားယောင်ဆောင်ပြီး သမီးတို့ကို ခေါ်ဆောင် နေခြင်း ဖြစ်ပါသည်။ ဘိလူးကြီးက သမီးတို့ကို ခေါ်ယူနေသည်ကို ခမည်းတော်ဘုရား အဘယ်ကြောင့် ကြည့်နေရပ်ပါသနည်း"

ဟု ငိုယိုလျှောက်ထားလေသည်။

သမီးတော်တော်က ငိုကြွေးမြည်တမ်းလျက် ဒယီးဒယိုင် ပါသွားသည်ကို မြင်ရသော မင်းကြီးသည် အလွန့်အလွန် စိတ် ထိခိုက်လျက် မျက်ရည်တွေကျကျလာ ပြင်းထန်စွာ ပူဆွေး တော်မူသည်။

ထို့နောက် ဘာကိုတွေး လောင်လျက်–

"ဤပုဏ္ဏားဒုက္ခရောက်ရသည်မှာ ချစ်ခြင်းဟူသော အပြစ် ကြောင့်ပင်ဖြစ်၏"

ဟု စိတ်ကို ဖြေတော်မူလေသည်။

ဇာလီနှင့် ကဏှာဇိန်တို့သည် တော်ပါတောသို့ရောက်သော အခါ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ရှိခိုးတိုင်တည်ကာ မိခင်ရိုက်လော လမ်းညွှန်ပြရန် ဖြော်ကိုလော မိခင်ကို တ,တာ ငိုကြွေးပြီး လိုက်ပါသွားကြလေသည်။

မိခင်ယောကျာ ပူဆွေးမှု

ဝေဿန္တရာမင်းကြီး သားတော်၊ သမီးတော်များကို ဇူဇ ပုဏ္ဏား ခေါ်သွားသောအခါဟိမဝန္တာ၌ နေကြသော နတ်ဗိုလ်သည် နေမဝင်မီ မဒ္ဒီဒေဝီ ကျောင်းသို့ ပြန်မရောက်စေပါက သားသမီးတို့ကို မတွေ့ရလျှင် ပူပန်ရပါ၏ ဟောဟောင်းအမှ ပုတ် ရှုလိမ့်မည်။ ထိုသို့ ရှုက ဒုက္ခရောက်မှုဖြစ်လိမ့်မည် ဟု တိုင်ပင်ကြပြီး နတ်သားသုံးယောက်တို့က ခြင်္သေ့၊ သစ်၊ တောကျား၊ တစ်ယောက်က သစ် အသွင် ဖန်ဆင်းကာ မဒ္ဒီဒေဝီ လာရာလမ်းက တားဆီးကြလေသည်။

မဒ္ဒီဒေဝီသည် ညက အိပ်မက်မကောင်း မြင်မက်သဖြင့် စောစောပြန်လာရာ လမ်းတွင် ကျား၊ ခြင်္သေ့ သစ်တို့ကို တွေ့၍ လမ်းမဆက်နိုင်တော့ဘဲ သားသမီးတို့ကို တမ်းတလျက် စောင့်နေရသည်။ ည လရောင် လာမှ လမ်းဖွင့်ပေးကြသည်။ မဒ္ဒီဒေဝီသည် ထိုအခါမှ သွားရဲသည်။ သင်္ခမ်းကျောင်းသို့ အမြန်သုတ်ခြေတင်လာခဲ့လေသည်။

သင်္ခမ်းကျောင်းစင်္ကြံနံဦးသို့ရောက်သောအခါ ယခင်က ဇာလီနှင့်ကဏှာဇိနတို့ လာရောက်ကြိုဆိုနေကျ ဖြစ်သော်လည်း ယခုအခါ လာကြိုဆိုသည်ကို မတွေ့ရ၊ သားသမီးတို့ အသံကိုလည်း မကြားရသဖြင့် "ငါ့သားသမီးတို့သည် သေများသေလေသလော၊ သို့တည်းမဟုတ် တစ်ယောက်ယောက်ကများ

www.dhammaransi.com



ခေါ်သွားလေသလောဟု ငိုကြွေးမြည်တမ်းလျက် မင်းကြီးထံသို့ သွားသည်။ ထို့နောက် သစ်သီးတောင်းကို ချကာ မင်းကြီးအနား၌ သားသမီးတို့ကို မတွေ့။ မင်းကြီးလည်း တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်နေသည်ကို တွေ့ရလျှင် –

"အရှင်မင်းကြီး၊ အကြောင်း အသို့နည်း၊ မတုန်မလှုပ် တိတ်ဆိတ်စွာ ထိုင်နေတော်မူဘိတကား၊ ညက အိပ်မက်ထဲတွင် လူမည်းကြီးက ရင်ကိုခွဲ၍ အသည်းနှလုံးကို ဆွဲနှုတ်ယူ သွားသဖြင့် စိတ်ဒုက္ခ ခံစားရသည့်အတိုင်းပင် အခုဖြစ်ရပါပြီ၊ သားတော်၊ သမီးတော်တို့ သေကုန်ကြပြီလား မောင်တော်၊ ကျွန်ုပ်၏ သားသမီးတို့ကို ခြင်္သေ့၊ သစ်၊ ကျား စသော သားရဲ တိရစ္ဆာန်တို့ စားကုန်ကြသလော၊ သို့မဟုတ် ကျွန်ုပ်၏ သားတော် သမီးတော်တို့ကို တစ်စုံတစ်ယောက် ခေါ်ဆောင်သွားလေသလော၊ သင်မင်းကြီး ကိုယ်တိုင်ကပင် သားတော်သမီးတော်တို့ကို အဖိုးဖြစ်သူ သိဝီမင်းကြီးထံသို့ တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်ပါသလော၊ သားတော် သမီးတော်တို့ ယခု အိပ်နေကြပါသလော၊ မောင်နှမနှစ်ယောက် ကျောင်းအပြင်ဖက်တွင် ကစားနေကြပါသလော၊ သားတော်၊ သမီးတော်တို့၏ အရိပ်အခြေ အစအနကိုပင် မမြင်ပါတကား၊ ငှက်ဆင်များ ချီသွားသလော၊ ပြောကြားတော်မူပါ။ သားတော်၊ သမီးတော်တို့ကို ဘယ်သူ ခေါ်ဆောင်သွားပါသနည်းဘုရား"

www.dhammaransi.com



ဤသို့မဒ္ဒီဒေဝီက အရေးတကြီး မေးမြန်းသော်လည်း ဝေဿန္တရာမင်းကြီးသည် မည်သို့မျှ မပြောချေ။ ထိုအခါ မဒ္ဒီဒေဝီက ထပ်၍ လျှောက်ပြန်သည်။

"အရှင်မင်းကြီး၊ သားသမီးတို့ကို မမြင်သဖြင့် အလွန်ပင် စိတ်သောက ဖြစ်နေရသည့် အကျွန်ုပ်ကို အရှင်မင်းကြီးက စကားမပြောဘဲ နေတော်မူပြန်သည်။ သားသမီးကို မတွေ့ရသည့် ဒုက္ခထက် အရှင်မင်းကြီး စကားမပြောဘဲ နေသဖြင့် ခံရသည့် ဒုက္ခက ပို၍ ဆိုးလှပါသည်။ မီးလောင်ခံရသူကို မီးဖြင့်ကင်သကဲ့သို့ ချောက်ကမ်းပါးမှ ကျသူကို တုတ်ဖြင့် ရိုက်သကဲ့သို့ အနာပေါက်သည့်နေရာကို မြားချွန်ဖြင့် ထိုးဖောက်ဘိသကဲ့သို့ အရှင်မင်းကြီးသည် သားသမီးသောကနှင့် ပရိဒေဝ လောင်နေသော အကျွန်ုပ်ကို စကားမပြော တုံဏှိဘောနေခြင်းဖြင့် ထပ်၍ ညှဉ်းဆဲတော်မူရက်ပေသည်။ ယနေ့တစ်ညလုံး စကားမပြောဘဲ နေတော်မူလျှင် နံနက်မိုးသောက်သောအခါ အသက်မရှိသော ကျွန်ုပ်၏ အလောင်းကိုသာ မြင်တော်မူရပါလိမ့်မည်"

မင်းကြီးသည် မဒ္ဒီဒေဝီကို သားသမီးကြောင့်ဖြစ်သော သောကကို ပျောက်ကင်းအောင် မခံသာသော စကားဖြင့် ဤသို့ ပြောဆိုလေသည်။

"မဒ္ဒီဒေဝီ၊ သင်သည် လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသူ မင်းသမီးတစ်ယောက် ဖြစ်သည်။ ဟိမဝန္တာ

တောထဲမှာလည်း လှည့်လည်ကျက်စားသွားလာနေကြသည့် မုဆိုး ရသေ့၊ ဝိဇ္ဇာဓိုရ် စသော သူတို့အများအပြားပင်ရှိသည်။ အဘယ်သို့ ဖြစ်ခဲ့သည်ကို မည်သူ သိနိုင်အံ့နည်း။ နံနက်စောစော သစ်သီး ရှာထွက်သွားပြီး ယခု နေဝင်ပြီးနောက် ညအချိန်ရောက်မှ ပြန် လာသည့် မည်သည့်မိန်းမမျှ သားငယ်သမီးငယ် တို့ကို ထား ခဲ့၍ တောထဲသို့သွားရလျှင် ယခုလို အချိန်လွန်အောင် နေမည် မဟုတ်။ လင်ရှိမိန်းမ မှန်သမျှလည်း ယခုလို အချိန် မတော်မှ ပြန်လာသည့် အလုပ်မျိုးကို ပြုလုပ်မည် မဟုတ်။ ငါ့သားသမီးတို့ အဘယ်သို့ ဖြစ်သနည်း။ ငါ့အရှင်သခင်သည် အဘယ်သို့ ဖြစ် သနည်းဟု တွေးမှုကြသည်။ သင်မှုကား တွေးတောမှုပန်ဖို့ မဆိုထားဘိ။ သားသမီးနှင့် လင်ကိုလင် သာကိုရအံ့ မထင်။ နေဝင်ပြီးနောက် လရောင်တောက်မှ ပြန်ရောက်လာသည်"

"အရှင်မင်းကြီး၊ ယနေ့ သစ်သီးရှာသွားရာ၌ ခါတိုင်းနှင့် မတူ အလွန်ထူးခြားသော အမြင်များနှင့် ကြုံရပါသည်။ သားရဲ ဟိန်းသံနှင့် ကျေးငှက်အပေါင်းလည်း တတောလုံး ပွဲတင်ထပ် အောင် အော်မြည်ကြပါသည်။ ဟံချူနှင့် ခြင်တောင်းလည်း အလိုလို လွှတ်ကျပါသည်။ စိတ်စနောင့်စနင်း ဖြစ်သဖြင့် လက်အုပ်ချီ၍ ရှိခိုးသော အရှင်မင်းကြီးနှင့် သားတော်သမီးတော်တို့ အားအန္တရာယ် ကင်းစေကြောင်း ဆုတောင်းလျက် စောစောပင် ပြန်လာရာ ခြင်္သေ့၊ ကျား နှင့် ကျားသစ်တို့က လမ်းခရီးတွင်

www.dhammaransi.com



ပိတ်ထားကြပြန်ပါသည်။ သို့ဖြစ်သောကြောင့် မိုးချုပ်မှ ရောက်ရခြင်း ဖြစ်ပါသည်။"

မဒ္ဒီဒေဝီသည် မိမိကြုံတွေ့ဖြစ်ပျက်ခဲ့ရပုံတို့ကို ပြောပြလျက်-

"နောက်ကျသည့် အဖြစ်ကို သည်းခံတော်မူပါ" ဟု တောင်းပန်လေသည်။ဝေဿန္တရာမင်းကြီးက မည်သို့မျှ စကားမပြောချေ။ အ ရုဏ်တက်သည်အထိ မည်သည့်စကားမျှ မပြောတော့ချေ။

မဒ္ဒီဒေဝီသည် မင်းကြီးစကားမပြော၊ မတုန်မလှုပ်ရှိသော အခါ သင်္ခမ်းကျောင်းအပြင်သို့ ထွက်ပြီးလျှင် အမျိုးမျိုး မြည်တမ်းလျက် သားသမီးများ သွားတတ်လာတတ်သော သစ်ပင်များ၊ ရေကန်များ၊ တောင်ကုန်းများသို့သွား၍ အနှံ့အပြား လိုက်ရှာလေသည်။ ရှာမတွေ့သဖြင့် ကျောင်းသို့ ပြန်လာလေသည်။

သင်္ခမ်းကျောင်း၌ သားသမီးများကို မတွေ့လျှင် တစ်ဖန် ပြန်ထွက်၍ လိုက်ရှာပြန်သည်။ မည်သည့်နေရာတွင်မှ မတွေ့သဖြင့် ကျောင်းသို့ ပြန်လာပြီးလျှင် မင်းကြီးအား-

"သင်မင်းကြီးသည် မီးကိုလည်း မွေးမထား၊ ထင်းကိုလည်း ခွဲမထားပါလား" ဟု အပြစ်တင်လျက်-

"ငါသည် ဝေဿန္တရာမင်းကြီးကို ချစ်၏။ ငါ့မှာ

မင်းကြီးထက် ပို၍ ချစ်သောသူ မရှိ။ မင်းကြီးနှင့် ပေါင်းသင်းနေရသဖြင့် ရေးတစ်စုံတစ်ရာ စိတ်မချမ်းသာစရာ တွေ့ကြုံရသောအခါ မင်းကြီးမျက်နှာကို မြင်ရလျှင် စိတ်ဆင်းရဲ ပျောက်ကင်းရသည်။ ယခု မင်းကြီးမျက်နှာကို မြင်ရလျက်လည်း ငါ စိတ်သောက မပျောက်ပါတကား"

ဟု ဆိုလေသည်။ ယင်းသို့ ဆိုသော်လည်း မင်းကြီးက မည်သို့မျှ မပြောသဖြင့် ရိုက်ထားသော ကြက်ပမာ ဒယီးဒယိုင်ဖြင့် ပြန်ထွက်သွားပြီးလျှင် ပထမရောက်ခဲ့သောနေရာများကိုပင် သွား၍ ရှာပြန်လေသည်။

ဤသို့အားဖြင့် သားသမီးဇောကြောင့် မောရမှန်း မသိဘဲ ထွက်ရှာလိုက် သင်္ခမ်းကျောင်းသို့ ပြန်လာလိုက်ဖြင့် သုံးခေါက်ကျအောင် တစ်ညလုံး လိုက်ရှာသည်ဖြစ်ရာ ထိုညက မဒ္ဒီဒေဝီ သွားသောခရီးကို ဆန့်လိုက်လျှင် တစ်ဆယ့်ငါးယူဇနာမျှ ရှိလေသည်။

တတိယမြောက် နောက်ဆုံးအခေါက် ရှာမတွေ့၍ ကျောင်း သင်္ခမ်းသို့ ပြန်ရောက်သောအခါ အရုဏ်တက် လေပြီ ဖြစ်သည်။ မဒ္ဒီဒေဝီသည် မင်းကြီးရှေ့သို့သွား၍ အရောက်တွင် ငှက်ပျောပင်ကို အရင်းမှ ဖြတ်လိုက်သကဲ့သို့ ပုံလျက်သား လဲကျသွားလေသည်။

မင်းကြီးသည် မဒ္ဒီဒေဝီ သေပြီဟု မှတ်ထင်ကာ လွန်စွာ

www.dhammaransi.com



စိတ်တုန်လှုပ်သွားမိလေသည်။

"မဒ္ဒီဒေဝီသည် လူသူမနီး တောကြီးထဲတွင်လာ၍ သေရရှာသည်။ အကယ်၍ စေတုတ္တရာပြည်တွင် သေရမည်ဆိုလျှင် ဆွေတော်မျိုးတော်တို့ ဝိုင်းလျက် သိဝိတိုင်းနှင့်စေတတိုင်း နှစ်တိုင်းလုံးပင် အုတ်အုတ်ကျက်ကျက် ဖြစ်ပေမည်။ ယခု တောကြီးအလယ်တွင် ငါတစ်ယောက်တည်းသာ ရှိသည်။ မည်သို့ စီမံရအံ့နည်း"

ဟု ပြင်းစွာ ပူဆွေးသောက ဖြစ်လေသည်။ ထို့နောက် သတိကိုဆောင်လျက် ယိုင်နေရာမှ ထပြီး မဒ္ဒီဒေဝီ၏ ရင်ဝကို လက်တင်ကြည့်မိသည်။ ထွက်သက်ဝင်သက် အငွေ့ရှိသေးကြောင်း သိသဖြင့် ရွှေကရားဖြင့် ရေကို ခပ်ယူလာပြီးလျှင် မဒ္ဒီဒေဝီကို ပွေ့ယူကာ မျက်နှာကို ရေဖြင့်သပ်ပေးလေသည်။

မင်းကြီးသည် တောထွက်လာသည့်အချိန်မှစ၍ မဒ္ဒီဒေဝီကို ကိုင်တွယ်သုံးသပ်ခြင်း မရှိခဲ့သော်လည်း အလွန်စိုးရိမ်သောကဖြစ်နေသဖြင့် မဒ္ဒီဒေဝီဦးခေါင်းကို ဖြေးညှင်းစွာ မ,ယူပြီးလျှင် မိမိပေါင်နှစ်လုံးပေါ်၌ တင်ထားလျက် ရေဖြင့်ဆွတ်ဖျန်းပေးသည်။ မျက်နှာကိုလည်း ရေဖြင့် သပ်ပေးသည်။ ရင်ဝကိုလည်း အသာအယာ ဖိပေးသည်။

www.dhammaransi.com



ခဏမျှရှိသောအခါ မဒ္ဒီဒေဝီ သတိရလာသည်။ မဒ္ဒီဒေဝီသည် ဖရိုဖရဲဖြစ်နေသော အဝတ်အစားတို့ကို ပြန်ဝတ်ပြီး ထထိုင်ကာ မင်းကြီးကို ရှိခိုးလျက်–

"အရှင်မင်းကြီး၊ သားတော်သမီးတော်တို့ အဘယ်မှာ ရှိပါသနည်း"

ဟုမေး၏။

"မဒ္ဒီဒေဝီ၊ သားတော်သမီးတော်တို့ကို ပုဏ္ဏား တစ်ယောက်အား ကျွန်အဖြစ် ခိုင်းစေရန် လှူလိုက်သည်"

"အရှင်မင်းကြီး၊ ထိုသို့ဖြစ်လျှင် တစ်ညလုံး ငိုယိုကာ ဒေါင်းတောက်အောင်ရှာနေသော ကျွန်ုပ်အား အဘယ်ကြောင့် မပြောပါသနည်း"

"မဒ္ဒီဒေဝီ သားသမီးတို့ကို လှူလိုက်ကြောင်း ရှေးဦး မဆွကပင် ပြောလိုက်ပါက ပြင်းထန်စွာ စိတ်ထိခိုက်လျှင် သောကဒဏ်ကို မခံနိုင်ဘဲ သင့်အား အသည်းနှလုံး၏ ကွဲခြင်းသည် ဖြစ်ရာ၏။ ယခုမူကား ခန္ဓာဝန် ပင်ပန်းနွမ်းနယ်နေပြီးဖြစ်သဖြင့် သောကဖြစ်မှု အနည်းငယ် သက်သာလိမ့်မည်ဟု ယခုမှ ပြောခြင်းဖြစ်သည်။ မဒ္ဒီဒေဝီ၊ ဆင်းရဲသော ပုဏ္ဏားအိုကြီး တစ်ယောက် ရောက်လာပြီး သားတော်သမီးတော်တို့ကို အလှူခံသဖြင့် ထိုပုဏ္ဏားကြီးအား ငါ လှူလိုက်သည်။ မဒ္ဒီဒေဝီ စိတ်သောက မဖြစ်ပါနှင့်၊ စိတ်သောကကို ဖြေဆည်ပါ၊

www.dhammaransi.com



သားသမီးတို့ကို မကြည့်ပါနှင့်၊ ငါ့ကိုသာ ကြည့်ပါ၊ ငါတို့သည် ကျန်းကျန်းမာမာနှင့် အသက်ရှင်စွာနေရလျှင် သားပျောက် သမီးတော် တို့ကို ပြန်လည်တွေ့ဆုံကြရပါလိမ့်မည်၊ သားသမီးကို လှူသောအလှူသည်ကား အလွန်မြတ်သောအလှူ ဖြစ်သည်၊ မဒ္ဒီ ဝမ်းမြောက်စွာ သာဓုခေါ်ပါ" ဟုဆိုသည်။

"အရှင်မင်းကြီး ကျွန်ုပ်ဝမ်းမြောက်စွာ သာဓုခေါ်ပါသည်၊ အရှင်မင်းကြီး စိတ်ကြည်စွာ ထားတော်မူပါ၊ အရှင်မင်းကြီးလည်း သည်ထက်မက သာလွန်၍ အလှူဒါနကို ထပ်ကာထပ်ကာ လှူနိုင်သည့် ပုဂ္ဂိုလ်ဖြစ်တော်မူပါစေ"

"မဒ္ဒီဒေဝီ အဘယ်ကြောင့် စိတ်ကို ကြည်လင်စွာ ထားတော်မူပါဟု ဆိုဘိသနည်း၊ ငါသည် သားတော်သမီးတော်တို့ကို လှူပြီးနောက် စိတ်တော်ကို ကြည်လင်စွာ မထားနိုင်ခဲ့လျှင် ဤသို့သော အံ့ဘွယ်သူရဲတို့ အဘယ်မှာ ဖြစ်ကုန်အံ့နည်း"

ဟု ဆိုကာ မြေလျှင်လှုပ်ခြင်းစသော အကြောင်းတို့ကို ပြောပြလေသည်။

ထိုအခါ မဒ္ဒီဒေဝီကလည်း မိမိတွေ့ကြုံရသည့် မြေလျင်လှုပ်ခြင်း၊ အခါမဟုတ် လျှပ်စစ်ပြက်ခြင်း၊ တော်လဲခြင်း စသည် တို့ကို ပြောပြလျက် မင်းကြီးအလှူကို ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်လေသည်။

* * *

www.dhammaransi.com



ထို့နောက် မဒ္ဒီဒေဝီကို သိကြားမင်းက ပုဏ္ဏား ယောင်ဆောင်ပြီး လာအလှူခံသည်။ မင်းကြီးက ဝမ်းမြောက်စွာ လှူသည်။ သိကြားမင်းက မင်းကြီးထံ မဒ္ဒီဒေဝီကို ပြန်အပ်ထားခဲ့သည်။ မင်းကြီးက သိကြားမင်းထံ ဆု(၈)ပါးကို တောင်းသည်။

ဇာလီနှင့်ကဏှာဇိန်တို့သည် နတ်တို့၏ ကူညီစောင့်ရှောက်မှုဖြင့် အဘိုးသိဉ္စည်းမင်းကြီးထံ ရောက်သွားကြသည်။

ဇာလီမင်းသား၏ ပြောပြချက်အရ အဘိုးသိဉ္စည်းမင်းကြီးသည် မကြာခင် စစ်အင်္ဂါလေးပါးခြံရံပြီး ဝေဿန္တရာမင်းကြီးကို ဝင်္ကပါတောင်မှ ပြန်ခေါ်ဆောင်ကာ ထီးနန်းပြန်အပ်လေသည်။

ဝေဿန္တရာမင်းကြီး၏ အလှူပါရမီကို ဖြည့်သောအားဖြင့် သိကြားမင်းက ရတနာမိုး ရွာချပေးခဲ့သည်။ ထိုရတနာတို့ဖြင့် မင်းကြီးသည် အသက်ထက်ဆုံး အလှူပြုလေသည်။

(အကျယ်အသေးစိတ်ကို ဝေဿန္တရာ ဇာတ်တော်ကြီးတွင် ဖတ်ပါ)။

ဤဇာတ်ဝတ္ထုတွင် မိဘတို့၏ သားသမီး အပေါ်၌ ချစ်မြတ်နိုးအပ်သော မေတ္တာအတိုင်းအတာနှင့် မိခင်သောက ခံစားရပုံ အတိုင်းအတာတို့ကို သိရှိနိုင်ပါသည်။ သို့အတွက် မိဘမေတ္တာဟူသည် အတိုင်းအရှည်မသိသော နှိုင်းယှဉ်မရသော မေတ္တာဖြစ်ကြောင်းသိသာပါသည်။

www.dhammaransi.com



# နိဂုံး

## တာဝန် (၃)ရပ် ကျေအောင်ဆပ်ကြ

သင်သည်
- သားကောင်းသမီးကောင်း ဖြစ်လိုလျှင်
- မိဘကျေးဇူးကို တတ်သိနားလည်ပါလျှင်
- မိဘကျေးဇူးကို ကျေပွန်စွာ ဆပ်လိုပါလျှင်
- မိဘတို့ကို ချစ်မြတ်နိုးပါလျှင်

**ကြွေးဟောင်းကို ကျေအောင်ဆပ်ပါ**

သင်သည်
- သားသမီးကို ချစ်မြတ်နိုးသော မိဘဖြစ်လိုလျှင်
- သားသမီးတို့၏ ဘဝ သာယာတိုးတက်စေလိုလျှင်
- သားသမီးအပေါ်၌ ဆောင်ရွက်ရမည့် တာဝန်ကို တတ်သိနားလည်ပါလျှင်
- သားသမီးအပေါ်၌ မိကောင်းဖကောင်း ဖြစ်လိုလျှင်

**ကြွေးသစ်ကို ကောင်းစွာ ချထားပေးခဲ့ပါ**

သင်သည်
- သံသရာခရီးကို အဆင့်မြင့်စွာ သွားလိုလျှင်
- ဘဝနောင်ရေး စိတ်အေးလိုလျှင်
- လူအများ၏ ချီးကျူးပူဇော်မှုကို ခံယူလိုလျှင်
- ပစ္စုပ္ပန်ဘဝ ထင်ပေါ်ကျော်ကြားလိုလျှင်

**ဒါနဟူသော ရတနာရွှေအိုးကို မြှုပ်ပါ။**

၂၅၄၇၂

www.dhammaransi.com

[illegible] ပုံနှိပ်တိုက်
[illegible]
[illegible] ရန်ကုန်။

ဘဝကို အကျိုးရှိရှိ တည်ဆောက်လိုသူများအတွက်
ဘာသာရေးစာစောင်ကောင်းတစ်ခု

စာတည်းချုပ် - ရထနာရွှေမန်း
တည်းဖြတ်၍

မြတ်ပန်းရုံ ဦးခင်မောင်ဦး
စီစဉ်ထုတ်ဝေသည့်

# မြတ်ပန်းရုံ

ရုပ်စုံမဂ္ဂဇင်း

**တစ်လတစ်ကြိမ် အချိန်မှန်ထွက်နေပြီ**

ဖြန့်ချိရေး - မြတ်ပန်းရုံစာပေ
၅၂/၉၁၉၊ ဈေး (၆)လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.dhammaransi.com

# သမီးသားတို့အတွက် မိဘမေတ္တာ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

